www.burmeseclassic.com

# မိန်းကလေး

နှစ်ပါးအတူ

BURMESE CLASSIC .com

DESIGN THEIN SHWE KYI

www.burmeseclassic.com

www.burmeseclassic.com

**ဒို့တာဝန် အရေးသုံးပါး**

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး

တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး

အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

**ပြည်သူ့သဘောထား**

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။

နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။

နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။

ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေးဦးတည်ချက် (၄) ရပ်**

နိုင်ငံတော် တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။

အမျိုးသားစည်းလုံးညီညွတ်မှုခိုင်မာရေး။

စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး။

ပွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး။

**စီးပွားရေးဦးတည်ချက် (၄) ရပ်**

စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။

ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

နိုင်ငံတော်၏စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏လက်ဝယ်တွင် ရှိရေး။

**လူမှုရေးဦးတည်ချက် (၄) ရပ်**

တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။

အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။

တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး။

BURMESE CLASSIC .com

# မိန်းကလေး

## နှစ်ပါးအတူ

www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၃၈၀၀၄၁၁

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၄၅၁၀၅၁၁

ထုတ်ဝေသူ

ဒေါ်မြင့်မြင့်ရီ (ယ-၁၃၅၈) (ဖျူးစာပေ)

အမှတ် (၅၁)၊ အခန်း (၃၀၁)၊ ဆရာစံလမ်း၊ ဗဟန်းမြို့နယ်။

အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်

ဦးကျင်ရင် (မြ-၀၅၄၁၇) (ရွှေခြသေ့ပုံနှိပ်တိုက်)

အမှတ် (၂၂၅)၊ (၃၂) လမ်း (အထက်)၊

ပန်းဘဲတန်း၊ ရန်ကုန်မြို့။

မျက်နှာဖုံးပန်းချီ

သိန်းရွှေကြည်

အတွင်းဖလင်

ကိုပေါက် (Image Art Work)

ပုံနှိပ်ခြင်း

ပထမအကြိမ်၊

၂၀၁၁ ခုနှစ်၊ ဇွန်လ

တန်ဖိုး - ၁၀၀ ကျပ်၊ အုပ်ရေ - ၅၀၀

ဖြန့်ချိရေး

စိုးမိုးစာပေ

ဖုန်း - ၀၁- ၂၉၀၉၉၅

ရ၉၅ . ၈၃

မိန်းကလေး

နှစ်ပါးအတူ / မိန်းကလေး ။ - ရန်ကုန်၊

ဖျူးစာပေ ၊ ၂၀၁၁ ။

၂၆၄ - စာ ၊ ၁၂ X ၁၈ စင်တီ။

(၁) နှစ်ပါးအတူ

BURMESE CLASSIC .com

## အခန်း (၁)

♫ အမေ့ရွှေးမ ××× ပျောက်လို့ရှာ ××× တွေ့ပြီ တွေ့ပြီ ××× သူပဲ သူပဲ ♫

"အဲ"

သံချပ်သံနောက်မှာ 'ခရာ' မျက်နှာလေး ရဲခနဲဖြစ်၏။ မဖြစ်ဘဲနေမလား။ ကြည့်ပါဦး။

သကြိန်မဏ္ဍပ်ဆောက်နေတဲ့ လူငယ်ဆယ်ယောက်နီးပါး။ ဆောက်နေဆဲ ထိုမဏ္ဍပ်ရှေ့က ဖြတ်သွားတဲ့ ခရာကို မြင်သည်နှင့် သံချပ်နဲ့ အော်စ၏။ ထိုအသံနောက်မှာ 'တွေ့ပြီ တွေ့ပြီ ××× သူပဲ သူပဲ' ဆိုပြီး အားလုံးထဲမှာ ထင်ထင်ရှားရှားဖြစ်နေတဲ့တစ်ယောက်က ခရာကို လက်ညှိုးစုံထိုးပြီး အသံကုန်အော်၏။



www.burmeseclassic.com

www.burmeseclassic.com



ခရာ ရှက်လွန်းလို့ ခြေလှမ်းများမတတ်ဖြစ်တာမြင်တော့ ထိုအုပ်စုက ပို၍ပင် တက်ကြွကာ –

♪ ဆွမ်းအုပ်ပိုက်လို့ ဖနီးချောရယ် ××× ဘယ်ဆီသွားမလဲ ပြောပါလားကွယ် ♪

ကြည့်စမ်း ကြည့်စမ်း။ ဆွမ်းအုပ်ပိုက်ထားတဲ့ ခရာကိုများ ဖနီးချောတဲ့။ မိုက်ရိုင်းလိုက်တာ။

ခရာ ဆွမ်းအုပ်ပွေ့ပိုက်ထားတာကို သံချပ်သီချင်းနဲ့ ပြိုင်တူ မေးပြန်သည်။ ခရာ နှုတ်ခမ်းကို ဖိကိုက်မိ၏။ ထိုတစ်ယောက် လက်ညှိုးညွှန်ပြီး သံချပ်သံနှင့် ပြောပြန်သည်။

♪ ကျောင်းဆီသွားမလို့ မောင်ကြီးရယ် ♪

တဲ့။ မသိရင် ခရာကပဲ ဖြေသလိုမျိုးနဲ့။ ခရာခမျာ ရှေ့ဆက်ခြေလှမ်းရကောင်းနိုးနိုး၊ နောက်ပြန်လှည့်ရကောင်းနိုးနိုး။ ခြေလှမ်းတွေ ခနိုခနဲ့ဖြစ်ကုန်သည်။

♪ ပါရမီဖြည့်မယ့်နမငယ် မောင်ကြီးကိုလည်း ခေါ်သွားပါကွယ် ♪

ကြည့်စမ်း။ သူတို့သံချပ်က မပြီးသေးဘူး။

♪ ခေါ်မယ် ခေါ်မယ် မောင်ကြီးလိုက်ခဲ့ ♪

♪ လိုက်မယ် လိုက်မယ် နမရယ် ××× နှစ်ပါးဂဟော ပူးလို့





ရယ် ♪

သူကာပဲ လက်ဟန်လေးနဲ့ လုပ်ပြတဲ့အခါ ခရာ တကယ်ပဲ ရှက်ဒေါသဖြစ်ကာ ထဘီလေးမပြီး ရန်တွေ့တော့မတတ် မျက်နှာလေး တင်းသွား၏။

ခရာ ရှက်ဒေါသဖြစ်သွားတဲ့မျက်စောင်းနဲ့ ကြည့်တာတောင် သူတို့မမှု။ သူငယ်ချင်းတွေအားလုံး လက်ခုပ်လက်ဝါးတီးပြီး –

"အမေ့ချွေးမရေ ချစ်နမရေ"

"ဝေလားမောင်တို့ဝါး"

ခိုပြီး အော်ဟစ်၏။ အော်ဟစ်လို့မဆုံးခင် သူ့ကို ဝိုင်းတွန်း၏၊ အရှိန်များသွားတာမို့ သူက ခရာ့အပါးသို့ ရောက်လာကာ တိုက်မိမလိုဖြစ်သည်။

ခရာ ကိုယ်လေးကျုံ့၍ရှောင်သလို သူလည်း သူ့ကိုယ်သူ ထိန်းရပ်၏။ သူနဲ့ခရာက ထိမိမတတ် နီးကပ်သွားလျှင် –

"အမေ့ချွေးမက ချောရမယ်၊ လန်းရမယ်တဲ့ကွ၊ ပုံတုံးကြီးနဲ့ မဆိုက်ဘူးကွ"

"အောင်မာ ရှင်နော်"

ခရာ တကယ်ဒေါသထွက်ပါသည်။ ကျစ်ဆံမြီးနှစ်ဖက် ပါးပေါ်က ပါးကွက်နဲ့ ချည်ဝမ်းဆက် ပုံနိုးလေးနဲ့ ခရာကို နှာခေါင်းလေး



www.burmeseclassic.com

www.burmeseclassic.com



ရှုပ်ပြောတဲ့သူ။

ပုံစံက ဘာကိုမှ ဂရုစိုက်လေ့ရှိသလို ပျော်မယ်၊ ကဲမယ်၊ ပါးစပ်သရမ်းမယ်ဆိုတဲ့အစားထဲကမှန်း သိသာသည်။ အားလုံးထဲမှာလည်း သူပဲ အကဲဆုံး။

ရောင်စုံအစင်းတွေ၊ အကွက်တွေနဲ့ ရှုပ်ယှက်ခတ်နေတဲ့ ရှော့ပင်န်ဘောင်းဘီ၊ အရုပ်ခေါင်းပါတဲ့ တီရှပ်လက်ပြတ်၊ ပဝါကို ခေါင်းမှာ နောက်ပြန်စည်းထားသေးသည်။

လက်နှစ်ဖက်မှာလည်း ဖန်စီပုတီးကြိုး၊ လည်တိုင်မှာလည်း နဂါးရုပ်ပါတဲ့ ဆွဲကြိုးရှည်ကြီး လှုပ်လှုပ်ယမ်းယမ်းနှင့်။ တကယ့် အော်ကြောလန်ဖြစ်မယ့်ဒီဇိုင်းမျိုး။

ခရာ လက်တစ်ဖက် ခါးထောက်လျှင် သူက ဟက်ခနဲ ရယ်ချပြီး –

"တကယ်ပြောတာ အမေ့ချွေးမရဲ့"

"ကျွတ်"

ခရာ့မျက်ဝန်းကို စိုက်ကြည့်ပြီး အတည်ကြီးပြောတာက ခရာ တကယ်သည်းမခံနိုင်တော့ပါ။

♪ ဟေ့ ဟေ့ ချစ်မောင်ကြီးရေ ♪

♪ ဟေ့ ဟေ့ ချစ်နုမရေ ♪





သူနဲ့ ခရာ့အမူအရာကိုကြည့်ပြီး ကျန်တဲ့သူငယ်ချင်းတွေ ဆိုကြပြန်သည်။ လက်ခုပ်လက်ဝါးတီးကြ၊ လက်ခေါက်မှုတ်ကြနဲ့ ဆူညံသွားသည်။

သူတို့အုပ်စု သောင်းကျန်းသံကြောင့် လမ်းသွားလမ်းလာတွေလည်း ရပ်ကြည့်ကြ၊ ခရာနဲ့ သူ့ကိုကြည့်ပြီး ရယ်ကြနဲ့ ပွဲဆူလေသည်။

"အမေ့ချွေးမ"

"ဝါးဟား ဟား ဟား"

သူ့ခေါ်သံ၊ သူ့သူငယ်ချင်းတွေ လက်လုပ်လက်ဝါးတီးပြီး ရယ်သံတွေ။ ပြီးတော့ –

"ဝေး လား မောင် တို့ ဝါး"

ဆိုတဲ့ အော်ဟစ်သံကြောင့် ခရာ ရှက်လွန်းကာ ဒေါသနှင့် မျက်ရည်တွေ ဝဲကျလာသည်။

ဘာမှလည်း ပြောလို့မရအောင် ဒေါသနဲ့အသားတွေ တုန်လာတာမို့ သူတို့ရှေ့ ခရာဆက်နေရင် ဒါထက် ပိုဆိုးမှာ သေချာသည်။

ခရာ ဆွမ်းအုပ်ကို ကျစ်ကျစ်ပိုက်ကာ သူ့ရှေ့က လှည့်ထွက်မိသည်က လာရာလမ်းဆီ။ ဒါတောင် ထိုအုပ်စု ပိုးမသေသေး။

♪ အမေ့ချွေးမ ××× ပျောက်လို့ရှာ ♪



www.burmeseclassic.com

www.burmeseclassic.com



♫ တွေ့ပြီ တွေ့ပြီ ××× သူပဲ သူပဲ ♫

ဆိုတဲ့အသံ ခရာနောက် ထက်ကြပ်မကွာ လိုက်လာတဲ့ အတိုင်း။ သူ ဦးဆောင်ပြီး မပြီးနိုင်၊ မစီးနိုင် အော်ဟစ်မြူးထူးနေကြသည်။

တောက်၊ ခရာမှာ ခေါင်းပင်မဖော်ရဲတော့။ ရှက်လိုက်တာ အရမ်းပဲ။

✿ ✿ ✿

အခန်း (၂)

"ခရာ ခရာ ဘာဖြစ်လာလဲမသိဘူး၊ သွားမေးစမ်း သွယ်သွယ်"

ဦးခင်ဝင်း ပြတင်းပေါက်မှတစ်ဆင့် မြင်လိုက်ရသည်နှင့် ဇနီးသည်ကို ချက်ချင်းပြောသည်။ ဇနီးသည် ဒေါ်သွယ်သွယ်စိုးက စာအုပ်စင်က ဖုန်တွေ ကြက်မွေးတံမြက်စည်းနဲ့ ပွတ်သပ်နေရာမှ လှမ်းကြည့်လျှင် သုတ်သုတ်ကလေး လျှောက်ဝင်လာတဲ့ ပန်းခရာဆိုတဲ့ ကောင်မလေးကိုမြင်သည်။

"ဟုတ်ပါရဲ့ ကိုကို၊ ခရာ တစ်ခုခုဖြစ်လာတာပဲ၊ နေဦး"

ကြက်မွေးတံမြက်စည်း လွှတ်ချပြီး ဒေါ်သွယ်သွယ်စိုး ချက်ချင်းပဲ စာဖတ်ခန်းထဲက ထွက်သွားသည်။ ငိုချတော့မယ့်မျက်နှာလေး



www.burmeseclassic.com

www.burmeseclassic.com



က ဒေါ်သန့်တင်းကာ ဆွမ်းအုပ်ကို လက်တစ်ဖက်နဲ့သာ ပိုက်ထား၍ ကျန်တစ်ဖက်က ထဘီစလေး မ,ကိုင်ပြီးဝင်လာတဲ့ ခရာနဲ့ ညည့်ခန်း အဝင်ဝမှာ ဆုံသည်။

"ဘာဖြစ်လာတာလဲ ခရာဟင်"

ဆီးမေးသံနောက်မှာ ခရာ မျက်ရည်ဖြာကျသွားသည်။

"ဟယ် မျက်ရည်တွေနဲ့တော့၊ ဘာဖြစ်တာလဲဟင်၊ ပြော အန်တီသွယ့်ကို ပြောလေ"

ထပ်မေးခါမှ နှုတ်ခမ်းပါးလေး တုန်လာသည်။

လက်ချောင်းလေးတွေနဲ့ နှုတ်ခမ်းကိုထိကာ ခေါင်းလေးငုံ့၍ ငိုရှာသည်က ချက်ချင်း။ မျက်နှာကလည်း ရဲတွတ်လို့။

ဒေါ်သွယ်သွယ်စိုး ကြည့်ရုံနဲ့ ခရာ ရှက်လွန်းလို့ ငိုချမှန်း သိသွားသည်။

"လာ သမီး ခရာ လာ"

ဆွမ်းအုပ်ကို ခရာ့ရင်ခွင်ထဲမှ ဆွဲယူကာ ညည့်ခန်းထဲ ခေါ် သွင်းခဲ့သည်။ ဆိုဖာပေါ်မှာ ထိုင်စေတဲ့အတိုင်း ခရာ ဝင်ထိုင်ရင်း ခေါင်းငုံ့ကာပဲ အသံထွက် ငိုနေမိဆဲဖြစ်သည်။

ဒေါ်သွယ်သွယ်စိုး ဆွမ်းအုပ်ကို စားပွဲပေါ်တင်ပြီး ခရာ့ဘေး မှာ ဝင်ထိုင်သည်။ ခရာ့ပခုံးစွန်းကို ချစ်မြတ်နိုးစွာဖက်၍ ခရာ့မျက်





နှာလေးကို ငုံ့ကြည့်၏။

"ဘယ်သူက ဘာပြောလို့လဲ၊ အန်တီသွယ့်ကိုပြော"

ဟု ချော့မော့မေးသည်။ ချော့သံနဲ့ ငိုသံကလွဲပြီး ဖြေသံ မကြားရတော့ ဦးခင်ဝင်း စာဖတ်ခန်းထဲမှာ နေလို့မရတော့ပါ။

ခရာအတွက် စိတ်ပူကာ စာဖတ်ခန်းထဲက ထွက်ခဲ့သည်။ ညည့်ခန်းထဲအဝင်မှာ –

"ခရာငိုနေတာ ဘာဖြစ်လို့လဲ ဖေဖေ"

ဟု အပေါ်ထပ်က သွက်သွက်လေး ပြေးဆင်းလာတဲ့ သမီး ဖြစ်သူ ရတနာသွယ်က သိချင်စိတ်နဲ့ ဆီးမေးသည်။

ဦးခင်ဝင်းလည်း ခေါင်းပဲခါကာ ဆိုဖာတွေဆီ လျှောက်သွား သည်။ ရတနာသွယ်ကလည်း နောက်က ပါသွားသည်။

တစ်မိသားစုလုံး ခရာငိုရခြင်းအကြောင်း သိချင်စိတ်နဲ့ ခရာ့ ကိုပဲ ကြည့်နေကြသည်။ ရတနာသွယ်က အားမရစွာ ခရာ့ဘေး ဝင်ထိုင်၏။

"ခရာ ဘာဖြစ်လာတာလဲ၊ ခုပဲ ဘုန်းကြီးကျောင်း ဆွမ်းသွား ပို့မယ်ဆိုပြီး ထွက်သွားတာ၊ ခုပဲ ငိုယိုပြီး ပြန်ဝင်လာပယ်"

"အဲဒါပေါ့ မေမေလည်း စိတ်ပူပြီး မေးနေတာ"

"ခရာ အန်ကယ်လည်း စိတ်ပူတယ်ကွယ်၊ ဘာဖြစ်လို့လဲ



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ ပြောဦး၊ ဒါမှလည်း အန်ကယ်တို့ပိုင်းစဉ်းစားလို့ရမယ်''

အားလုံး ဝိုင်းမေးသံနောက်မှာ ခရာ တစ်ချက်ရှိုက်သည်။

ပါးပေါ်က မျက်ရည်စီးကြောင်းကို လက်ဖမိုးနဲ့ ကလေးဆန်ဆန် ဖိသုတ်လျှင် ပါးကွက်ကလေးပေါ် မျက်လုံးလုံးဖြစ်လေသည်။

''ဟို ဟို လမ်းထိပ်က အုပ်စုလေ''

ခရာ ငိုသံကြားက ပြောလိုက်လျှင် ရတနာသွယ့်မျက်နှာ ချက်ချင်းတင်းသွားသည်က သဘောပေါက်သွားလို့ပဲ ဖြစ်သည်။

''ဘာ၊ လမ်းထိပ်က အုပ်စု၊ မကျွပ်ဆောက်နေတဲ့အဖွဲ့ မဟုတ်လား''

ရတနာသွယ် အက်ခနဲမေးချသည်။ ဦးခင်ဝင်းနဲ့ ဒေါ်သွယ်သွယ်စိုးက သမီးနဲ့ခရာကိုပဲ တစ်လှည့်စီကြည့်ကာ ငြိမ်ငြိမ်လေးနားထောင်နေသည်။

ရတနာသွယ်မေးတာကို ခရာက ချက်ချင်းခေါင်းညိတ်လျှင်

''တောက် စံချိန်တို့ပေါ့၊ နေဦး၊ ခရာ့ကို ဘာပြောလဲ''

''ပြောတာပေါ့ အစုံပဲ''

''ကြည့်စမ်း၊ ဒီလောက်တောင် ပြောရသလား။ နေဦး တွေ့မယ်၊ စံချိန်ကို အန်တီမာမာနဲ့ကို တိုင်ပြောမှာ''

ရတနာသွယ် သည်းမခံစွာ ပြော၏၊ ဒေါ်သွယ်သွယ်စိုးက





ဘာမှနားမလည်နိုင် ဖြစ်ရကာ –

''ဟဲ့ သမီး ရတနာ၊ စိတ်လိုက်မာန်ပါ လိုက်မတိုင်နဲ့ဦး၊ တော်ကြာ''

''မေမေက ဘာသိလို့လဲ၊ စံချိန်ဆိုတဲ့တစ်ယောက်က အကဲဆုံးပဲ၊ ဒါကြောင့် ခရာ့ကိုပြောတာ ဘုန်းကြီးကျောင်းသွားရင် ဟိုဘက်လမ်းက ပတ်သွားပါလို့''

''ခရာက နီးတဲ့ဆီက သွားတာပါ၊ သူတို့ကိုလည်း ခရာ ဘာမှမပြောဘဲနဲ့ အစုံပဲပြောတာ၊ ခရာ ရှက်တယ်၊ ဟင့် ဟင့်''

''သိပါတယ်၊ ဒီကောင့်အကြောင်း''

ရတနာသွယ် ချက်ချင်းထသည်၊ ဒေါ်သွယ်သွယ်စိုးဟာ ဆိုးဆိုးဆတ်ဆတ်နိုင်လှတဲ့ သမီးလက်ကိုဆွဲပြီး –

''သမီးရယ် နေပါဦး''

''မရဘူး မေမေရဲ့၊ အန်တီမာနဲ့ တိုင်ပြောရမယ်လေ၊ ခရာ ငိုယိုရလောက်အောင် စတာတော့ ရတနာ မကျေနပ်ဘူး''

ဦးခင်ဝင်းက ခေါင်းပဲခါရင်း သမီးဖြစ်သူနဲ့ ခရာလေးကိုပဲ ကြည့်နေဆဲ ဖြစ်သည်။ ပန်းခရာဆိုတဲ့ ကောင်မလေးကို သူတို့မိသားစုက တကယ်ချစ်ကြသည်။ ခရာနဲ့ပတ်သက်ရင် သမီးရတနာက ဆတ်ဆတ်ထိမခံ အဖြစ်ဆုံးပဲ။



www.burmeseclassic.com

www.burmeseclassic.com



ခုပဲကြည့်။ 'စံချိန်သစ်'က ခရာကို စ,လို့ နောက်လို့တဲ့။ တိုင်လားတောလားနဲ့ဆို လူကြီးချင်းပါ မျက်နှာပျက်ရမှာစိုးတာကြောင့် ဦးခင်ဝင်းက အဟာမ်းနဲ့ ချောင်းဟန့်ပြီး ဝင်ပြောရသည်။

"သမီးရယ် လူငယ်ဆိုတော့"

"အိုး ဖေဖေ ဘာသိလို့လဲ၊ စံချိန်က မြင်မြင်သမျှ ကောင်မလေးကို အလွတ်ပေးတာမဟုတ်ဘူး၊ သူ စ,လိုက်ရင်လည်း သည်းမခံနိုင်စရာချည်းပဲ၊ ခပ်စွာစွာ ကောင်မလေးတွေနဲ့ဆို ရန်ဖြစ်ရတဲ့အထိ သူတို့အုပ်စုက ရမ်းနေတာလေ၊ အုပ်စုထဲမှာ စံချိန်က ခေါင်းဆောင်၊ ခေါင်းဆောင်လုပ်ပြီး မြင်မြင်သမျှကို မခံနိုင်အောင် နောက်ပြောင်နေတာ ရတနာသိတယ်၊ အခု ခရာကိုတောင် အလွတ်မပေးဘဲ စ,တာ ခရာ မျက်ရည်တောင်ကျရတယ်လေ၊ စံချိန် ဘယ်လောက်အစကြမ်းသလဲဆိုတာ ဖေဖေပဲ စဉ်းစားကြည့်၊ မရဘူး၊ ရတနာကတော့ တိုင်မယ်ဆို တိုင်ရမှ၊ လာ ခရာ"

ရတနာသွယ် ရှေပက်မဝင်အောင် ပြောချသည်။ စကားဆုံးသည်နှင့်လည်း ခရာ့လက်ကို ဆွဲခေါ်သွားလျှင် –

"ဟဲ့ အိုး နေဦး"

"သမီး ရတနာ"

ဦးခင်ဝင်းနဲ့ ဒေါ်သွယ်သွယ်စိုး ဟန့်တားနေရင်းကြားက





ရတနာက ဖွတ်။ ရတနာ ဆွဲခေါ်ရာနောက် ခရာလည်း ပါသွားကာ–

"ပြဿနာပဲ ကိုကိုရယ်၊ သွယ်တော့ ခေါင်းကြီးလာပြီ၊ တကယ်"

"ကဲ မတတ်နိုင်တော့ဘူး၊ ဖြစ်ခါမှ ဖြစ်ပေါ့ကွာ"

ဦးခင်ဝင်း ဘာမှမတတ်နိုင်စွာဘဲ ပြောသည်။

"ခက်တယ်၊ သမီးနဲ့ သိပ်ခက်တယ်ကွယ်၊ ရတနာ"

ဒေါ်သွယ်သွယ်စိုး ဒါပဲ ပြောနိုင်ရှာသည်။ ခရာကို ရတနာချစ်တာ လွန်ကဲနေတယ်လို့ ထင်တယ်။ အင်း သူတို့လင်မယားလည်း သမီးနဲ့မခြားဘဲ။ ခရာ့ကို ချစ်လွန်ကဲနေမှန်း ကိုယ်တိုင်သိသည်။

ခရာ မျက်ရည်ကျအောင် စတာတော့ လွန်းတာပေါ့လို့လည်း မြင်ကာ သမီးသဘောအတိုင်း တိုင်ခွင့်ပေးလိုက်သည်က ရတနာကို တားမရနိုင်မှန်း သိလို့ဖြစ်သည်။

ပန်းခရာ။ ပန်းခရာကြောင့် တစ်သက်လုံး နှစ်အိမ်တစ်အိမ်နေလာတဲ့ ဒေါ်မာမာလွင်တို့မိသားစုနဲ့ သူမတို့မိသားစု ဘာအပြောင်းအလဲတွေ ဖြစ်လာမလဲ။

ဒေါ်သွယ်သွယ်စိုးတို့လင်မယား ဒါပဲတွေးကာ သမီးတို့ ပြန်အလာကို စောင့်မျှော်ရင်း လည်ပင်တောင် ရှည်လာပြီထင့်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

"ဟော သမီးရတနာပါလား၊ လာလာ"

ရတနာတို့နှစ်ယောက် ခြံထဲဝင်လာတာတွေ့သည်နှင့် ဒေါ်လှရိပ်မာ လှိုက်လှိုက်လှဲလှဲ ဖိတ်ခေါ်သည်။ သစ်ခွပန်းတွေ ရွေးနုး မလို လုပ်နေတာကို ဆက်မလုပ်တော့ပေ။

သစ်ခွပန်းခင်းက ချက်ချင်းထွက်လာသည်။ မျက်နှာလေး မာန်ထန်နေတဲ့ ရတနာကို ဒေါ်လှရိပ်မာ ပြုံးရွှင်စွာပဲ ကြည့်ရင်း –

"အင်း ညည်းသည်လည်း ပါလာတာကိုး၊ လာလာ တိုက်ထဲ ဝင်ရအောင်"

"မဝင်တော့ဘူး အန်တီမာ"

"ဘာဖြစ်လို့လဲ ရတနာရဲ့ သစ်ခွပန်း လာယူတာလား၊





အန်တီမာ ခူးပေးမယ်လေ၊ ဒါမှမဟုတ် သမီးကိုယ်တိုင် ခူးမလား"

ဒေါ်လှရိပ်မာက ထုံးစံအတိုင်း ဆိုသည်။ ခါတိုင်းလည်း ရတနာက သစ်ခွတွေ လာခူးနေကျ။ တစ်ခါတစ်ရံ အန်တီမာ ပဲခူး လေးလို့ ချစ်စနိုး ပြောတတ်သည်။

ဒေါ်လှရိပ်မာက ရတနာအကြောင်း သိတာမို့ ဦးစွာပြောခြင်း ဖြစ်သည်။ ရတနာ ချက်ချင်းခေါင်းခါပြီး . . .

"မဟုတ်ဘူး အန်တီ၊ ပန်းလာခူးတာ မဟုတ်ဘူး"

"ဒါဆို ဘာကိစ္စ"

"စံချိန်လေ၊ စံချိန့်ကို လာတိုင်တာ"

"ဟေ သားကို"

"ဟုတ်တယ်၊ အန်တီမာ့သားပေါ့"

ရတနာက သားကိုမှ အားမနာ။ တိုင်ရမယ်ဆိုရင် ထိပ်ဆုံး က၊ ငယ်ငယ်ကတည်းက သားနဲ့မတည့်ပေ။ တစ်ချိန်လုံး တိုင်တတ် တောတတ်နေမှန်း ဒေါ်လှရိပ်မာ နောကြေအောင် သိနေပါပြီ။

အခုလည်း တိုင်မလို့တဲ့။ ဒေါ်လှရိပ်မာ အပြုံးမပျက် မေး တော့ ရတနာကလည်း ဟောခနဲ ပြောချသည်။

ဒေါ်လှရိပ်မာ အပြုံးမပျက်မေးတော့ ရတနာကလည်း ဟောခနဲ ပြောချသည်။



www.burmeseclassic.com

www.burmeseclassic.com



"အန့်တီမှာသား လုံးဝမတရားဘူး၊ ဒီမှာ ခရာ့ကို ငိုအောင် ဇလိုက်တယ်၊ ဒီမှာကြည့် ခရာ ငိုလာတယ်"

"ဟင် ဟုတ်လား"

ရတနာလက်တွဲထားတဲ့ ကောင်မလေးကို ဒေါ်လှရိပ်မာ သေချာကြည့်မိသည်။ ကောင်မလေးက ခေါင်းလေးငုံ့ချထားသည်မို့ မေးဖျားလေးကိုင်ကာ မျက်နှာလေးကို မော့ယူကြည့်လျှင် မျက်လုံးထဲမှာ မျက်ရည်တွေအပြည့်။ ယိုကျလို့ပွတ်သုတ်ထားတဲ့ မျက်ရည်ကြောင့် ပါးမို့လေးတွေ ရဲလို့နေသည်။ သနပ်ခါးပါးကွက်လည်း ပျက်လုလု မြင်ရ၏။

"ဟယ် ဟုတ်ပါရဲ့၊ ကြည့်စမ်း ဒီလောက်တောင် စရသလား ကွယ်"

ခရာ ခေါင်းပဲငုံ့ထားမိသည်။ ခရာက အဲလိုပဲ လှတယ်ပြောလည်း ရှက်ပြီး ခေါင်းကြီးငုံ့ငုံ့တာ အကျင့်ပါနေသည်။

မျက်ရည်ဝိုင်းနေတဲ့ မျက်ဝန်းလေးက ပိုလှနေလို့ ဒေါ်လှရိပ်မာ ဆက်မေးလျှင် ရတနာသွက်သွက်လေးဖြေသည်။

"ပန်းတောင်ရွာက ဦးဦးစန်းတင့်နဲ့ ဒေါ်ဒေါ်ပပလင်းတို့ သမီးလေ အန့်တီမာရဲ့၊ ဦးဦးစန်းနဲ့ဒေါ်ဒေါ်လင်းကို အန့်တီမာ သိတယ် မဟုတ်လား"





"သိတာပေါ့ သိတာပေါ့၊ ဦးစန်းတင့်ဆိုတာ သမီးဖေဖေ ကားမှောက်တုန်းက ကယ်လိုက်တဲ့လူ မဟုတ်လား"

"ဟုတ်တယ် အန့်တီမာရဲ့၊ မနှစ်ကတောင် ဦးဦးစန်းနဲ့ ဒေါ်ဒေါ်လင်း ရန်ကုန်ကို ဆေးကုလာကြတာ၊ အန့်တီမာ ထမင်းဖိတ်ကျွေးသေးတယ် မဟုတ်လား"

"မှတ်မိတာပေါ့ သမီးရတနာရယ်၊ မှတ်မိတာပေါ့၊ သမီးဖေဖေကို ကယ်တဲ့လူကို အန့်တီမာတို့ကလည်း ကျေးဇူးတင်ပါတယ်၊ ဒါကြောင့် ထမင်းဖိတ်ကျွေးပြီး ဧည့်ဝတ်ပြုတာလေ၊ အဲဒီတုန်းက ဒီသမီးလေး မပါဘူးမဟုတ်လား"

"မပါဘူး အန့်တီမာရဲ့"

"ဘာဖြစ်လို့ လိုက်မလာတာလဲ သမီးရယ်"

ဒေါ်လှရိပ်မာ အတွေ့နောက်ကျလေခြင်းဆိုတဲ့ အသံလေးနဲ့ နှမြောသသ မေးသည်။ ပန်းခရာမျက်နှာလေးကို ဒုတိယအကြိမ် ဆွဲယူကြည့်မိလေသည်။

ပန်းခရာ ရှက်ရှက်နဲ့ပဲ ဖြေသည်။

"ဟို ဟိုလေ ခရာ ဆယ်တန်းဖြေခါနီးလို့ စာကျက်နေရလို့ မလိုက်လာတာပဲ"

"ဪ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် အန်တီမာ၊ ခရာက ဆယ်တန်းအောင်ပြီးပြီ၊ ဒီမှာ ကျောင်းတက်ဖို့ ဖေဖေတို့က အတင်းခေါ်လို့ ခရာ ရောက်လာတာ"

"ဒါဆို သမီးခရာက ကျောင်းတက်ရတော့မှာပေါ့"

"ဟုတ်တယ်"

ဒေါ်လှရိပ်မာ ခေါင်းလေးတညိတ်ညိတ်နဲ့ ပန်းခရာကို ကြည့်မဝ, ရှုမဝဖြစ်နေသည်။ သူမမှာကလည်း စိတ်ရောဂါလား ဘာလား မသိ သမီးအရွယ်လေးတွေမြင်ရင် ကိုယ့်သမီးလို ချစ်ချစ်သွားတတ်သည်။ ဒေါ်လှရိပ်မာက သမီးရ ကံမပါ။

သားချည်းသာ သုံးယောက်မွေးထားတာဆိုတော့ ရတနာ့ကို သမီးလိုပဲချစ်သည်။ သမီးလိုချစ်တဲ့စိတ်နဲ့ သားကို လာတိုင်တိုင်း ဆုံးမနေကျလည်း ဖြစ်သည်။ ခုတစ်ခါ ပန်းခရာဆိုတဲ့ကောင်မလေးနဲ့ ပတ်သက် ပြီး တိုင်ချက်လာဖွင့်ပြန်သည်။

"ဒါပဲနော် အန်တီမာ၊ ခရာကိုမစဖို့ စံချိန်ကို ဆုံးမပေး၊ ခရာ စိတ်ညစ်လို့ပြန်သွားရင် ရတနာတို့မိသားစု စိတ်မကောင်း ဖြစ်ရမှာလေ၊ နော် အန်တီမာ၊ ခရာကို မျက်ရည်ကျတဲ့အထိ နောက်ရမလားဆိုပြီး စံချိန့်ဗိုက်ကြောကို ပြတ်အောင်လိမ်၊ သိလား အန်တီမာ"





"အေး အေး စိတ်ချ၊ သမီး စိတ်ချ၊ အန်တီမာ သမီးစိတ်ကြိုက် ဆုံးမပေးမယ်၊ ဒီက သမီးလေး ပန်းခရာလည်း ကျေနပ်ပါနော်၊ အန်တီမာ ဆုံးမပေးမယ်၊ ကျေနပ်နော် သမီး"

"ဟုတ်"

ခရာ ခေါင်းနွဲ့နွဲ့လေး ညိတ်လိုက်သည်။

ရတနာ့စိတ်တိုင်းကျ အန်တီမာ ဆုံးမပေးမယ်လို့ ကတိပေးတော့ ရတနာ ကျေနပ်သွားသည်။

"ဒါပဲ အန်တီမာ၊ ရတနာတို့ သွားတော့မယ်"

"အေး သမီး အေး၊ နောက်လည်း လာလည်နော်၊ ရတနာ သမီးလေးကို အန်တီမာတို့ဆီ အေးအေးဆေးဆေးခေါ်လာဦး"

"ဟုတ် အန်တီမာ၊ လာ ခရာ သွားစို့"

ခေါင်းလေးဆတ်ကာ သွားမယ်လို့ မျက်ဝန်းလဲ့လဲ့လေးနဲ့ နှုတ်ဆက်သွားတဲ့ ပန်းခရာ။ ရတနာ လက်ဆွဲခေါ်သွားတဲ့အတိုင်း ပါသွားလေသည်။

ကျေနပ်သွားတဲ့ မျက်နှာလေးနဲ့ ထွက်သွားကြတဲ့ ကောင်မလေးနှစ်ယောက်ကို ဒေါ်လှရိပ်မာ ခြံဝင်းအထိ လိုက်ကြည့်ရင်းပါသွားသည်။

ကောင်မလေးနှစ်ယောက် မျက်နှာချင်းဆိုင်တည့်တည့်



www.burmeseclassic.com

www.burmeseclassic.com



ခြံထဲဝင်သွားသည်အထိ ကြည့်နေခဲ့ဖြစ်သည်။

သတိလက်လွှတ်ကိုင်ထားမိတဲ့ ပန်းညှပ်တဲ့ကတ်ကြေးကို တင်းအောင်ဆုပ်ကိုင်လျက် ကြည်နူးစွာပြုံးနေမိသည်က ဒေါ်လှရိပ်မာ တစ်ကိုယ်တည်း။

ဪ ချစ်စရာကောင်းလိုက်တဲ့ သမီးလေး။ ရတနာလို ဖျတ်ဖျတ်လတ်လတ်လေးမဟုတ်ပေမယ့် သိမ်မွေ့ဟန်လေးနဲ့ ချစ်စရာကောင်းတာမို့ မြင်လိုက်ရတာ တစ်မျိုးလေး လှုပ်ရှားသွားစေသည်။

ပန်းခရာကို မြင်မြင်ချင်း ချစ်စိတ်ဝင်သွားလို့ပဲဖြစ်မယ်။ ဒေါ်လှရိပ်မာ ထိုသို့တွေးမိကာ ဟုတ်တယ်လို့ သူမကိုယ်သူမ ဝန်ခံရင်း ပြုံးခြင်းတို့ ပီပြင်လျက်။

✿ ✿ ✿

## အခန်း (၄)

"အား ဖားသားကြီး နာတယ်ဗျ။ ကျွတ် ကျွတ် မာမီ၊ သား တကယ်နာတယ်ဗျ၊ လွှတ် လွှတ်ပေးဗျာ"

စံချိန်သစ် ကားပေါ်ကဆင်းပြီး ကားသော့လှည့်ကစားရင်း ညှော်ခန်းထဲ ခြေချရုံရှိပါသေးသည်။

ဘာမပြောညာမပြောနဲ့ ဗိုက်ခေါက်ဆွဲလိမ်ခြင်း ခံရလေသည်။ မာမီ ဘယ်လောက်တောင် အားထည့်ထားမှန်းမသိပါ။ စံချိန်သစ် တစ်ကိုယ်လုံး တွန့်လိမ်ကောက်ကွေးနေပါပြီ။

အတင်းရုန်းတာလည်း မာမီမလွှတ်သေး။

"မလွှတ်ဘူး၊ လာ ထိုင်ဦး မောင်မင်းကြီးလေး"

ပြောရင်းလည်း ဒေါ်လှရိပ်မာ ဆိုဖာဆီအရောက် ဗိုက်ကြေ



www.burmeseclassic.com

www.burmeseclassic.com



ဆွဲလိမ်လျက်သားနဲ့ ခေါ်သွားသည်။

"အား တကယ်နာတယ် မာမီရာ၊ ကျွတ်"

နာလွန်းလို့ စံချိန်သစ် မျက်နှာရဲတွတ်ကာ –

"နာတတ်တယ် ဟုတ်လား"

ဆိုဖာနားရောက်မှ လက်က သားဗိုက်ကြောဆီမှ လွှတ်သည်။

"နာတာပေါ့ မာမီရာ၊ ဒီမှာကြည့်ပါဦး"

ဝတ်ထားတဲ့အင်္ကျီကို ဆွဲလှန်ရင်း စံချိန် တကယ်ပြလိုက်သည်။ ဗိုက်ကြောက လိမ်ရာကြီး ရဲမှည့်ရာမှ ညိုရောင် ချက်ချင်းသန်းလာသည်။

"ကိုယ့်အလှည့်ကျတော့ နာတတ်လိုက်တာ"

"နာတာပေါ့ မာမီရာ၊ နေပါဦး သားမှာ ဘာအပြစ်ရှိလို့လဲ၊ ကျွတ်"

သားတော်မောင် တကျွတ်ကျွတ်မြည်သံနဲ့ ဆိုဖာမှာ ပစ်ချသလို ထိုင်ရင်းမေးသည်။

ဒေါ်လှရိပ်မှာ မျက်နှာလေးခါ၍ လက်တစ်ဖက်ခါးထောက်၏။

ဆိုဖာပေါ်လည်း ဝင်မထိုင်။ မတ်တတ်ရပ်နေရာမှ သားကို ငုံ့ကြည့်ရင်းပြောသည်။





"ဘာအပြစ်ရှိလဲ၊ ဟုတ်လား"

"ဟုတ်သားပဲ မာမီ၊ ညီလေး ဘာလုပ်မိလို့လဲ၊ ခုလေးတင် ကားနဲ့ဝင်လာတာ၊ ကျွန်တော် အပေါ်ထပ်ကနေ လှမ်းမြင်လိုက်တယ်၊ ညီလေးနဲ့မာမီ့အသံကြားလို့ ဘာဖြစ်တာလဲဆိုပြီး ကျွန်တော် ဆင်းကြည့်တာ၊ ညီလေး ဘာလုပ်မိလို့လဲ မာမီ"

သားကြီးဥက္ကာသစ်က အပေါ်ထပ်မှ ကမန်းကတန်း ဆင်းချလာရင်း စကားဝိုင်းထဲ ဝင်လာသည်။ သားငယ်က အစ်ကိုမြင်တော့ တအားတက်ပြီး –

"ကိုကြီးပဲ မာမီ့ကို မေးဗျာ၊ မာမီက အလွတ်ချည်း ညီ့ကို ပြဿနာရှာပြီး ဆွဲလိမ်တာကြည့်ဗျာ"

ဆွဲလိမ်ခံရတဲ့ဗိုက်ကြောကို အစ်ကိုဖြစ်သူ လှမ်းပြပြန်သည်။

အဆီပိုမရှိ ရှပ်နေသော ညီလေးဗိုက်သားက ဖွေးဥစိမ်းမြနေရမယ့်အစား ခုတော့ ညိုပုပ်နေသည်။

ဒဏ်ရာကြောင့် မျက်နှာပါညှိုးနေတဲ့ ညီအငယ်ဆုံးလေးအတွက် ဥက္ကာသစ် တကယ်စိတ်မကောင်းဖြစ်ပြီး –

"တကယ်ညိုပုပ်နေတာပဲ မာမီရာ၊ ညီလေး ဘာလုပ်မိလို့လဲ မာမီ"

ညီအစ်ကိုနှစ်ယောက် ဒါပဲ မေးနေတာမို့ ဒေါ်လှရိပ်မှာ မျ[illegible]



www.burmeseclassic.com

www.burmeseclassic.com



စောင်းနဲ့ ကြည့်လျက်ပြောသည်။

"ဘာလုပ်မိရမလဲ၊ ရတနာ့အိမ်လာလည်တဲ့ ပန်းခရာဆိုတဲ့ ကောင်မလေးကို နောက်တာအေ့၊ ဟိုကောင်မလေး မျက်ရည်စက်လက်နဲ့ လာတိုင်တာ၊ ရှင်ပလား"

"ဟင်"

"ဟာ"

ကိုကြီးက ဟင့်ခနဲဖြစ်ပြီး စံချိန်သစ်ကိုကြည့်သည်။ စံချိန်သစ်က ဟာခနဲဖြစ်ပြီး မာမီ့ကို တအံ့တသြကြည့်၏။

"ဘယ်လို မာမီ၊ ပန်းခရာ"

"ဟုတ်တယ်၊ ကျစ်ဆံမြီးနှစ်ဖက်နဲ့ ကောင်မလေးလေ၊ မမှတ်မိတော့ဘူးလား၊ ခုနလေးတင် လာတိုင်တာ၊ ရတနာ့ကိုယ်တိုင် မကျေနပ်လို့ ကောင်မလေးကို မာမီ့ရှေ့ ခေါ်လာပြပြီးတိုင်တာ၊ ရှင်းပလား"

"ဟာ သွားပြီ၊ ရေလည်သွားပြီကွာ"

စံချိန်သစ် မိုက်သားကိုပွတ်ရင်း ခေါင်းခါသည်။ မျက်လုံးထဲမှာ ထိုကောင်မလေးပုံက ကိုးလိုးကန့်လန့်ပေါ်လာသည်။

ကျစ်ဆံမြီးနှစ်ဖက်ကျစ်ပြီး တန်းလန်းချထားရုံနဲ့ အားမရသေးဘူး။ ပါးမှာ သနပ်ခါးပါးကွက်ကလည်း ပါသေး။ ဒီကြားထဲ ဆွမ်းအုပ်





ကြီးတောင် ပိုက်လို့။

တွေ့လိုက်ရတာ မြင်လွှာထဲမှာ ဘယ်လိုမှ လမိုင်းမကပ်တဲ့ ပုံတုံးမလေး။ ဒီပုံတုံးမလေးက ရတနာတို့ဆီ လာလည်တဲ့ ညှော်သည်တဲ့။

"ဟုတ်လား ညီလေး၊ မာမီပြောတာ"

ဥက္ကာသစ်က မာမီပြောတာ တကယ်လားပဲ သိချင်သည်။ ညီလုပ်သူက မျက်နှာကိုလည်းမဲ့၊ နှာခေါင်းကိုလည်း ရှုပ်တွပြီး ဆံပင်ကိုလည်း ဆွဲဖွလျက် စိတ်ပျက်လက်ပျက်ဆိုသည်။

"ကျစ်၊ အဲဒါပဲ လမိုင်းမကပ်တာ၊ ဘယ့်နှယ်ဟာကဒလေးလည်းမသိဘူး ကိုကြီးရာ၊ မြင်ရတာ cross ဖြစ်နေလို့ အလင်းပြိုင်တို့ သံချပ်သီချင်းနဲ့ နောက်ကြတာ၊ ညီနဲ့ ဘာမှမဆိုင်ဘူး"

ဥက္ကာသစ်က ညီလုပ်သူ ပြောသမျှ လက်ခံသည်။ မာမီ့ဘက်မြန်လှည့်၍ –

"မာမီကလည်း ညီ့ကို ဖွတ်မဲတာကိုး"

"ဟဲ့ အကြီးကောင်၊ မာမီက မအေပါဟဲ့၊ မင်းညီ ဘယ်လောက် ကဲသလဲဆိုတာ မာမီသိတယ်၊ ရတနာက မဟုတ်ဘဲ လာတိုင်မတဲ့လား"

"အဲဒီရတနာက မွေ့ပဲ မာမီ"



www.burmeseclassic.com

www.burmeseclassic.com



စံချိန်သစ် ပက်ခနဲ ဝင်ပြောသည်။ ရတနာကြောင့် စံချိန်သစ်ခံရပေါင်းများလှပြီ။ ခံရတိုင်းလည်း ရတနာ့ကို မကျေနပ်ပါ။ ဒါကြောင့် ရတနာကို ရှောင်သည်။ ရှောင်ခါမှ တည့်တည့်တိုးတဲ့အဖြစ်။

ဥက္ကာသစ်က မိခင်နဲ့ညီကြားမှာ အတော်ခေါင်းစားသွားသည်။ မာမီက သမီးမရှိတော့ ရတနာ့ကို သမီးရင်းလိုချစ်သည်။

သမီးကိုချစ်တဲ့စိတ်နဲ့ သားကို မျက်နှာသာမပေးခဲ့တာ ငယ်ငယ်ကတည်းက။ အခုတစ်ခါ ရတနာနဲ့ ပတ်သက်ပြန်ပြီ။

ရတနာနဲ့ပတ်သက်ရင် ညီလုပ်သူ အရှုံးပေးရမှာ သေချာနေမှန်း ဥက္ကာသစ် အလိုလိုသိသွားသည်။

"ကဲ ညီ ရတနာနဲ့ ဝေးဝေးရှောင်၊ အဲဒီ ဧည့်သည်ဆိုတဲ့ ပန်းခရာကိုလည်းရှောင်၊ နောက်ဆိုမလွယ်ဘူး"

ဥက္ကာသစ်က ညီ့ပခုံးဖက်၍ ချော့မော့ပြောသည်။ ညီက လက်မခံချင်။

"ဟာ ညီတစ်ယောက်တည်း စ,တာမဟုတ်ဘူး၊ အလင်းပြိုင်တို့အားလုံး ပါတယ်မာမီ၊ မယုံရင် ဟိုကောင်တွေအားလုံး ခေါ်မေးကြည့်"

ညီကလည်း ရတနာ့ကို အကျော့မပေးနိုင်သလို စောဒကတက်၏။





"ဟုတ်သားပဲ မာမီရာ၊ ညီတို့က လူပျိုလူရွယ်တွေပဲ၊ ဟိုကလေးမကလည်း နောက်စရာပုံလေးမို့ နောက်လိုက်တဲ့သဘောပါ၊ နစ်နာစေချင်လို့မှမဟုတ်တာ၊ ဟုတ်တယ်နော် ညီလေး"

"ဟုတ်"

ညီလုပ်သူက အစ်ကိုကို ထောက်ခံမဲပေးသည်။ အစ်ကိုလုပ်သူက မာမီ လျှော့ပေါ့စေဖို့ ဝင်ပြီး ဖာဖာထေးထေးပြောနေခြင်း။ မာမီက ဒါတောင်လက်မခံနိုင်။

"စတာ,နောက်တာကို မာမီအပြစ်ပြောနေတာမဟုတ်ဘူး၊ တစ်ဖက်သား မျက်ရည်ကျစရာဖြစ်တာမျိုးအထိ မစသင့်ဘူးလေ၊ ပြီးတော့ ဟိုကလေးမက ဧည့်သည်၊ ဧည့်သည်ဆိုတာ ရိုးရိုးဧည့်သည်မဟုတ်ဘူး၊ ဦးခင်ဝင်းကားမှောက်တုန်းက ဦးခင်ဝင်းအသက်ကို ကယ်လိုက်တဲ့ ဦးစန်းတင့်၊ ဒေါ်ပပလင်းတို့ရဲ့သမီးကွယ်၊ ရှင်းပြီလား"

ညီ့ဘက်က ကာကွယ်ဖို့ ပို၍အလေးမသာတော့မှန်း ဥက္ကာသစ် သိလိုက်ပြီ။

နှစ်အိမ့်တစ်အိမ်၊ သူ့အရေး ကိုယ့်အရေး ဂရုစိုက်ကြတာမို့ ဒီကိစ္စက ရေးကြီးခွင်ကျယ်ဖြစ်နေသည်။

"စတာနဲ့ မျက်ရည်ကျတာတော့"

"အငယ်ကောင် ဘယ်မှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



ဥက္ကာသစ် ထိုသို့ဝင်ပြောလို့မဆုံးသေး မေးသံနဲ့ ကားရပ်သံကြားလို့ လှည့်ကြည့်တော့ ဒယ်ဒီ့ကား ထိုးရပ်လာသည်။ ကားရပ်သည်နှင့် ဒယ်ဒီ ကားပေါ်ကဆင်းလာပြီး ခြေလှမ်းကျဲနဲ့ ညှော်ခန်းထဲ လှမ်းဝင်လာသည်။ ဒယ်ဒီ့မေးသံကြားသည်နှင့် အားလုံး နားရွက်ထောင်ကာ –

သေချာတယ် ဒီကိစ္စအတွက်ပဲဖြစ်မယ်။ ဒယ်ဒီ့နောက်က ပါလာတဲ့ ညီလတ်က ခပ်ပြုံးပြုံးနဲ့။ ညီငယ်ကို ဝေ့ဝိုက်ရှာကြည့်ပြီး မင်းတော့ မလွယ်ဘူးလို့ အသံတိတ်ပြောနေသလိုရှိသည်။

"အငယ်ကောင် ဒီမှာလေ၊ မာမာ ဆုံးမလို့ မပြီးသေးဘူး"

မာမီက ညီငယ့်ကို မေးငေါ့ပြ၍ဆိုသည်။ ဒယ်ဒီက ညီငယ်ရှေ့ မတ်မတ်ရပ်ပြီး တည့်တည့်ကြည့်လျှင် စံချိန်သစ် ထပြေးချင်စိတ်ပေါက်လာသည်။ ထပြေးလို့မရမှန်းလည်း သိသည်။

မျက်လွှာချနေလိုက်ရသည်။ မိသားစုအားလုံး ညှော်ခန်းထဲ မှိုးတိုးမတ်တတ်ဖြစ်ကာ ပြောစရာရှိတာ ပြောဖို့ ဆူဖို့ပဲ ရှိတော့သည်။

"ပြောပါ ဒယ်ဒီ၊ ညီက"

"သားကြီး"

ညီ အရေးမလှတော့မှန်းသိလို့ ဥက္ကာ ဝင်ကူးစကားဟာရုံရှိသေး။ ဒယ်ဒီက လက်ကာတားတော့ ငြိမ်နေလိုက်ရသည်။





ညီလတ်က ကိုကြီးဘေး ဝင်ရပ်ရင်း ဆက်မပြောဖို့ လက်တို့အချက်ပေး၏။

"သားငယ်"

"ဗျ"

ဖအေကျတော့ အငယ်ကောင်က ကြောက်လှသည်။ ခေါ်သံနောက်က မကြည့်ဘဲ ထူးလျှင် –

"သားကို အငယ်ဆုံးဆိုပြီး အလိုလိုက်ထားတာ၊ သူများကို နစ်နစ်နာနာ စဖို့၊ နောက်ဖို့၊ ပြဿနာရှာဖို့ မဟုတ်ဘူးကွ၊ ရတနာ ဒယ်ဒီ့ကို ဖုန်းနဲ့ အစအဆုံး တိုင်ပြီးပြီ၊ မင်းက အဲဒီကောင်မလေးကို အမေ့ချွေးမတို့၊ ဇနီးချောတို့ခေါ်ပြီး စ,တာဆို"

"ဟာ"

စံချိန်သစ်မျက်နှာ ရှက်ရိပ်နဲ့ သွေးရောင်ရဲသွား၏။

ကြည့်စမ်း အစအဆုံး စစ်စစ်ပေါက်ပေါက် တိုင်တတ်တဲ့ ဟာမလေး။ မိသားစုဝင်အားလုံး စံချိန်သစ် ဘာပြန်ဖြေမလဲပဲ ဝိုင်းကြည့်တော့ ပိုပြီးရှက်ရှလေသည်။

ကိုကြီးက ဟုတ်ရဲ့လားဆိုတဲ့ မေးခွန်းနဲ့ စိုက်ကြည့်တော့ စံချိန်သစ် မျက်နှာလွှဲ၏။ ဒီကောင် ပြန်မဖြေတာ ဟုတ်နေလို့ဆိုတာ သိသာသွားတာမို့။



www.burmeseclassic.com

www.burmeseclassic.com



''စည်းလွတ်ဝါးလွတ် မစသင့်ဘူးကွ၊ ဟိုကလေးမ ရှိုးရှိုး အေးအေးလေးရယ်၊ ရှက်ပြီး ငိုမှာပေါ့ကွ''

စံချိန်သစ်မျက်နှာ ရှက်ရမ်းရမ်းကာ ထူပူသွားသည်။ လှည့်ထွက်သွားဖို့ပြင်တော့ –

''နေဦး စည်းကျော်ပြီး စရ,နောက်ရအောင် မင်းက အဲဒီကောင်မလေးကို လိုချင်နေတာလား''

''ဟာ ဒယ်ဒီ၊ ကျစ်''

စံချိန်သစ် မျက်နှာမထားတတ်အောင် ရှက်သွားပုံကိုကြည့်ပြီး မိသားစုဝင်အားလုံး ပြုံးသွား၏။ ဒယ်ဒီက ခပ်တည်တည်ပင်။

''ကျစ်တွေ ကျက်တွေမလုပ်နဲ့ အငယ်ကောင်၊ နောက်တစ်ခါ စည်းမရှိရင် ဒယ်ဒီ အပြစ်ပေးမှာနော်''

လက်ဆွဲပြောပြီး ညီ့လက်ကို လွှတ်ချပေးလိုက်သည်။ စံချိန်သစ် ဘယ်မျက်နှာမှ မကြည့်ရဲတော့။

မစာမနာ ပုံတုံးမကို လိုချင်သလားတဲ့။ သံချပ်သီချင်းနဲ့စတဲ့ကိစ္စကို ရေးကြီးခွင်ကျယ်နဲ့ အကျယ်ပြောတာ ရှက်စိတ်ကြောင့် မခံချင်။ တစ်ရှိန်ထိုးပဲ အပေါ်ထပ် ပြေးတက်၏။ မာမီက သင်းညီ ဘယ့်နှယ်ရှိစဆိုတဲ့ မျက်နှာပေးနဲ့ ဥက္ကာသစ်ကို ကြည့်လျက်။

ဘာမှမတတ်နိုင်ဘူးဆိုတဲ့အကြည့်နဲ့ ဥက္ကာသစ် ပြန်ကြည့်





ကာ ခေါင်းယမ်းသည်။

''ညီက အစကြမ်းသွားတာကိုး''

ညီလတ်ကလည်း ဒါပဲပြောကာ ပြုံးစိစိလုပ်၏။ တစ်မိသားစုလုံး ရတနာ မလွှန်မှန်းသိသွားသလို၊ ပန်းခရာကို အားနာကာ စာနာစိတ်တို့ ယိုင်လေသည်။

✿

ပန်းခရာ ညည်းလေးက ပုံတုံးဖြစ်ပေမယ့် လျှက်စစ်စီးဝင်နေတဲ့ ဓာတ်အားလိုင်းလိုပဲ။ ခလုတ်တစ်ချက်နှိပ်ရုံနဲ့ လျှပ်တစ်ပြက်အတွင်း တစ်မိသားစုလုံးရင်ထဲ ဖြတ်လျှောက်စီးဆင်းနိုင်စွမ်း၏။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

"သားငယ်ရေ မာမီ့ဆီလာခဲ့ဦး"

မာမီ့ခေါ်သံက ချိုနေပါသည်။ ဒီလိုချိုသံမျိုးနဲ့ ခေါ်ပြီးဆို မာမီ နိုင်းစရာတစ်ခုရှိလို့ဆိုတာ သေချာနေသည်။

"လာမယ်၊ လာမယ်"

စံချိန်သစ် စိတ်အိုက်အိုက်နဲ့ ပြန်အော်ပြော၏။ မပြီးသေးတဲ့ မဏ္ဍပ်ဆီ သွားဖို့ပြင်ဆင်နေတဲ့ စံချိန်သစ်။

လက်မပါတဲ့ အစိမ်းရင့်ရောင် အပြင်ခံထပ်ဝတ်၏။ ပေါင် လယ်အထိတိုသော အနီရင့်ရင့်ဘောင်းဘီပွပွလေးနဲ့ စံချိန်သစ်ဒီဗိုင်းက တကယ်လန်းနေ၏။

ရောင်စုံမီးပွင့်တွေပါတဲ့ ပြောင်လက်နေတဲ့ ရှူးဖိနပ်ကိုစီးပြီး





မာမီ့တက်လှည့်ကြည့်သည်။ အနားမှာ မာမီ ရှိမနေ။ ခေါ်ပြီး ထမင်းစား ခန်းထဲ ဝင်သွားမှန်း စံချိန်သစ် သဘောပေါက်လေသည်။

ဒါကြောင့် မာမီ့ကို တစ်ပတ်ရိုက်ပြီး လစ်ပြေးမယ်လို့ စိတ် ကူးကာ ပန်းနံ့ရုံတွေနဲ့ကွယ်လိုက်၊ ထမင်းစားခန်းဆီ ချောင်းကြည့်လိုက် ရဲ့ မာမီ့အရိပ်ကိုမမြင်တော့ ညှော်ခန်းထဲ ခြေလှမ်းဖွဖွနင်းကာ နံရံမှာ ချိတ်ထားတဲ့ ကားသော့ယူပြီး လှစ်ခနဲ ပြေးထွက်လျှင် –

"ဟော့ သားငယ် လာမယ်ပြောပြီး ဘယ်ထွက်ပြေးတာလဲ"

လွတ်အောင်ပြေးပါတယ်၊ မလွတ်တော့လည်း မတတ်နိုင်။ စံချိန်သစ်မျက်နှာ စပ်ဖြဲဖြဲဖြစ်ကာ ခြေလှမ်း နောက်ပြန်ဆုတ်ရ၏။

"ဟဲ ဟဲ မပြေးပါဘူး မာမီရဲ့"

"သားငယ်နော်"

"မာမီကလည်း မာမီ့ကိုချစ်လို့စတာပါ၊ သား မပြေးပါဘူး၊ ဟင်း ဟင်း မာမီက ချောနေရော"

လက်ထဲမှာ ငါးဆင့်စတီးချိုင့်ကြီးဆွဲပြီး အနားရောက်လာတဲ့ မာမီ့အပါး စံချိန်သစ် ကပ်ချွဲ၏။ မာမီက ချစ်တဲ့စိတ်နဲ့ပဲ ခပ်စောင်း စောင်းကြည့်ပြီး –

"အပိုတွေ လျှောက်ပြောမနေနဲ့၊ ဘယ်သဝေထိုးဦးမလဲ"

"မဏ္ဍပ်မပြီးသေးဘူး မာမီရဲ့၊ ဝိုင်းကူပေးရဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကူပါတော် ကူပါ။ မနေ့ကလို တိုက်ချက်မရောက်စေနဲ့၊ ကဲ ရော့ ဒီချိုင့်ကို ရတနာတို့အိမ် သွားပို့ချေ"

ဒေါ်လှရိပ်မာ ပြောရင်း သားလက်ထဲ ချိုင့်ကြီးထိုးထည့်သည်။ စံချိန် ချိုင့်ကြီးကို အောင့်သက်သက်နဲ့ ယူရ၏။ ချိုင့်ကလည်း လေးပါဘိ။

"ဘာတွေလဲ မာမီ"

"မာမီ့လက်ရာ အုန်းနို့ခေါက်ဆွဲပေါ့ သားရဲ့"

"မာမီတို့က အားအားမနေဘူး။ ဟိုဟာချက် ဒီဟာချက်နဲ့ ချက်ပြီးရင်လည်း အစားပုပ်မ ရတနာကို လာယူနိုင်းလိုက်ပေါ့ မာမီရာ၊ သားလိုက်ပို့ရတာ ဖီးလ်အောက်တယ် မာမီရဲ့"

စံချိန်သစ် သွားမပို့ချင်ပါ။ ဆင်ခြေဆင်လက်နဲ့ သားပြောတော့ ဒေါ်လှရိပ်မာ မျက်မှောင်ကြုတ်ကြည့်ပြီး -

"ဘာဖီးလ်အောက်စရာရှိလဲ၊ သွယ်သွယ် ဘာပဲချက်ချက် ရတနာနဲ့ ပို့နိုင်းနေကျ၊ ရတနာကလည်း မညည်းမညူ လာပို့နေကျလေ၊ ကိုယ့်အလှည့်ကျမှ လာယူနိုင်းလို့ သင့်သလား ကောင်လေးရဲ့၊ ညှော်သည်လည်းရှိတယ် မဟုတ်လား။ မြန်မြန်သွားပို့ချေ"

ပြောရင်း မာမီ့လက်က စံချိန် ဗိုက်ကြောကိုဆွဲလိမ်ဖို့ ပြင်သည်။ စံချိန် ဒီတစ်ခါ အလိမ်မခံရအောင် ရှောင်ရင်း ချိုင့်ကြီးဆွဲထွက်





ခဲ့ရတာ ရင်ထဲမှာ မကြည်လင်။

နှုတ်ကလည်း ရတနာဆိုတဲ့ အတိုင်းအတောထူမကို ပွစိစိ ရွတ်၏။

စံချိန်သစ် သိတာပေါ့။ ဒီအုန်းနို့ခေါက်ဆွဲက ရတနာပူဆာလို့ မာမီချက်ပို့ပေးမှန်း။

ခင်းတစ်ယောက်နဲ့တင် စံချိန်သစ် မာမီနိုင်းသမျှ၊ ဆူသမျှ၊ ဗိုက်ကြောလိမ်သမျှ ခံရတာနဲ့ မပြီးသေးဘူး။ နောက်တစ်ယောက်ပါ ထပ်တိုးလာတယ်။

ပန်းခရာတဲ့။ အူတူတူ၊ အတတနဲ့ ပုံတုံးတုံးဟာမလေး။ ခင်းတို့နှစ်ယောက်နဲ့ မျက်နှာချင်းမဆိုင်ချင်ဘူးဆိုခါမှ သူတို့စားဖို့ဟာကို ချိုင့်ကြီးနဲ့ ဆွဲလာရတဲ့အဖြစ်။

တောက်။ လွှင့်ပစ်ချင်စိတ်ပေါက်သော်လည်း ချိုင့်ကြီးက စံချိန်သစ်လက်ထဲ ပါလာရပြီ။ အဲဒါ မာမီကြောင့်။

✿

"ဟာ ချိုင့်ကြီးနဲ့ ဘာတွေလဲဟ"



www.burmeseclassic.com

www.burmeseclassic.com



''ငါတို့ကောင်တွေဖို့လား''

စံချိန်သစ် ပြုံးပြင်ထွက်ရုံရှိသေးတယ်။ အလင်းပြိုင်ရဲ့အမိုးဖွင့်ဂျစ်ကားထိုးရပ်သလို ကားပေါ်ပါလာတဲ့ နေဝန်း၊ ဖယား နဲ့ သက်ဦးမောင်တို့ အသံကျယ်နဲ့ အော်မေး၏။ စံချိန် စိတ်ညစ်ညစ်နဲ့ မျက်နှာမဲ့ပြရင်း -

''မဟုတ်ဘူးကွ၊ ဟိုဘက်အိမ်အတွက်''

ရတနာ့တို့အိမ်မှန်း သိသွားတော့ အားလုံး ဝါးခနဲရယ်သည်။

''ရတနာသွယ်ဖို့လား''

ကားမောင်းနေရာမှ ထိုင်နေတဲ့ အလင်းပြိုင် မေးသည်။

''ဟုတ်တယ်၊ မြွေမလေးအတွက် မင်းတို့လည်း လိုက်ခဲ့ကွာ၊ ငါ သွားမပို့ချင်ဘူး၊ မာသားကြီးက''

''သိတယ် သိတယ်''

အားလုံးပြိုင်တူအော်ပြီး ကားပေါ်က ခုန်ဆင်းကြသည်။ ရတနာနဲ့စံချိန်သစ် မျက်နှာကြောမတည့်မှန်း အားလုံးသိနှင့်တာမို့ နှစ်ခါမခေါ်ရသေး။ နောက်က ပါလာသည်။

အလင်းပြိုင်က ရတနာ့ကို တိတ်တိတ်လေး ရင်ခုန်နေမှန်း စံချိန်သစ် ရိပ်မိ၏။ ထို့ကြောင့် ငါးဆင့်ချိုင့်ကြီးကို အလင်းပြိုင်လက်ထဲ ပြောင်းထည့်လိုက်သည်။





အလင်းပြိုင် မျက်နှာပြုံးမြချိုအီလျက်။ ဒါကလည်း ရတနာသွယ်နဲ့ နီးစပ်ခွင့်ရမယ့် အလားအလာကောင်းပဲ။

ငွေရောင်ဆေးသုတ်ထားတဲ့ သံပန်းခြံတံခါးကိုတွန်းဖွင့်ပြီး ရှေ့ဆုံးက အလင်းပြိုင် ဝင်သွားသည်။

ခြံထဲလည်း ဝင်ရော ကားဝင်လမ်းဘေးရှိ ပန်းအိုးတွေနဲ့ အလုပ်ရှုပ်နေတဲ့ ပုံတုံးမလေးကို ဘွားခနဲမြင်လျှင် အားလုံး 'ဟာ' ခနဲဖြစ်ကာ -

''ဟုတ်တယ်၊ ရတနာ့ညည်သည်လို့''

စံချိန်သစ် ကမန်းကတန်းပြောသည်။ နေဝန်းမျက်လုံးက လက်ခနဲ တောက်ပသွားပြီး -

''အမေ့ရွှေးမ ပျောက်လို့ရှာ၊ တွေ့ပြီ တွေ့ပြီ သူပဲ သူပဲ''

နေဝန်း အားရဝမ်းသာအော်လျှင် ဖယားတို့အားလုံး အပြိုင်လက်ညှိုးထိုးလေသည်။

''ဟာ ဟေ့ ဟေ့ ပါးစပ်ကြီးတွေ ပိတ်ထားစမ်းကွာ''

စံချိန်သစ် ကမန်းကတန်း ဟန့်တားသလို ဟိုကောင်တွေ ပါးစပ်ကို အတင်းလိုက်ပိတ်ရင်း ဗျာများသွားသည်။

''ဘာလို့လဲကွ''

လို့ ဖယား ပြန်မေးသည်။



www.burmeseclassic.com

www.burmeseclassic.com

မနေ့က စံချိန်သစ်ပဲ ဦးဆောင်လို့ အော်ဟစ်နောက်ပြောင်ခဲ့ကြသည်။ အခုတော့ ပြူးတူးပျာတာနေတဲ့ စံချိန်သစ်။

"အဲဒါ ပြဿနာအကြီးကြီးနော်"

စံချိန်သစ် စိတ်ပျက်သံနဲ့ ဆိုသည်။ ဒီတော့မှ စံချိန် တားသည့်က အကြောင်းမဲ့မဟုတ်မှန်း သိတာကြောင့် သူငယ်ချင်းအားလုံးပါးစပ်ပေါက်တွေပိတ်ကာ ဟဲခနဲ စပ်ဖြဲဖြဲရယ်ပြသည်။

ပုံတုံးမလေး ပန်းအိုးတွေရွှေ့နေရာမှ ခါးထောက်လျက် ရပ်ကြည့်၏။

သူတို့အသံတွေ ချက်ချင်း တိတ်ကျသွားတာကြောင့် ခါးထောက်လက်ဖြုတ်ချပြီး ဣန္ဒြေရရ ရပ်နေလိုက်၏။ စံချိန်သစ်က အလင်းပြိုင်လက်ထဲက ချိုင့်ကြီးဆွဲယူပြီး သူမရှေ့ တိုးဝင်သွားသည်။

"ရော့ ဒီမှာ မာမီပေးခိုင်းလိုက်တာ"

"ဩော် ဟုတ် ကျေး ကျေးဇူးပဲနော်"

ပုံတုံးမ ချိုင့်ကို လက်နှစ်ဖက်နဲ့ယူပြီး စကားဆိုသည်။ စံချိန်သစ် အချိန်ဖြုန်းမနေတော့ပါ။ သူငယ်ချင်းတစ်သိုက်လုံးကို ဆွဲထုတ်ခဲ့ရသည်။

"ဘာလဲဟ"

သက်ဦးမောင်က အူကြောင်ကြောင်မေးသည်။ စံချိန်သစ်က





ဗိုက်ကြောလိမ်ခံထားရတာကြောင့် လက်ဟန်နဲ့ လုပ်ပြလျှင် အားလုံးမျက်နှာတွေ တွန့်ကုန်သည်။

"မင်း,ရတနာ မနေ့က အတိုင်းအတောလုပ်လို့ ခံထားရတာကွ၊ အဲဒီပုံတုံးမကြောင့် ဗိုက်ကြောက ခုထိမည်းနေသေးတယ်"

စံချိန်သစ်စကားအဆုံးမှာ အလင်းပြိုင် ဟက်ခနဲရယ်သည်။

"တိုက်ဆိုက်ဆိုင်ဆိုင်ကွာ"တဲ့။

"ဟုတ်တယ်၊ အဲဒီတိုက်ဆိုင်တာကြီးက မဟုတ်တာ၊ နောက်ဆို အဲဒီပုံတုံးမလေး ဒီဖိုင်းပြောင်းသွားအောင် စပစ်ဖို့ကွ"

စံချိန်သစ် ကြိတ်မနိုင်ခဲမရ ပြောသည်။

"ဟုတ်ပါ့ကွာ"

သူငယ်ချင်းအားလုံး စံချိန်သစ်ကို ထောက်ခံမဲပေးသည်။ သူတို့လည်း ဒီဖိုင်းမလန်းတာကြီးကို မမြင်ချင်။ မမြင်ချင်ပါဘူးဆိုမှ ဆက်လက်မြင်လိုက်ရသည်။ ခုတော့ ထင်တိုင်း စလို့မရနိုင်မှန်း သေသေချာချာသိရလေသည်။

အပွဲပွဲနွှဲလာသမျှ ပုံတုံးမလေးကျခါမှ။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

"ဟယ် ချိုင့်ကြီးပါလား၊ ဘယ်ကလဲ ဘယ်သူလာပို့တာလဲ"

ဒေါ်သွယ်သွယ်လင်း ဘုရားခန်းထဲက ထွက်လာရင်း မေးသည်။

ခရာက လက်ထဲဆွဲထားတဲ့ ချိုင့်ကြီးဆွဲပြီး အခန်းထဲ လှမ်းဝင်ရင်း ပြောမလို့ဟာ။

"ဟိုလေ ဟိုနဲ့"

မထွက်တထွက် ဖြစ်နေသည်။ ခရာက သူတို့နာမည်လေးတွေလည်းမသိပါ။ မနေ့က ဝိုင်းစတဲ့အုပ်စုဖြစ်မှန်းတော့ သိသည်။

ခရာ တဟိုဟိုဖြစ်နေတော့ ဒေါ်သွယ်သွယ်စိုး သဘောပေါက်ပြီး ရယ်သည်။ ဒီချိုင့်ကြီးက နှစ်အိမ်တစ်အိမ်ကူးနေကျ ချိုင့်





ကြီးလေ။

"ဩော် မာမာ ပို့ခိုင်းတာ ထင်တယ်"

"ဟုတ်မယ်ထင်တယ် အန်တီသွယ်၊ မနေ့က ခရာကို ဝိုင်းစတဲ့အုပ်စုလေ"

"သေချာတာပေါ့လေ၊ ပေး ပေး အန်တီသွယ်ကို"

ဒေါ်သွယ်သွယ်စိုးက ချိုင့်ကို ဆွဲယူပါသည်။

"ရပါတယ်၊ ခရာပဲ ထမင်းစားခန်းအရောက် ဆွဲပို့ပေးမယ်၊ ချိုင့်က လေးတယ် အန်တီသွယ်ရဲ့"

ခရာလေး အလိုက်သိသိပြောသည်က ဒေါ်သွယ်သွယ်စိုး ရင်မှာ ကြည်နူးကာ။

"အေးပါကွယ်၊ ခရာ့သဘောလို့"

ပြောလိုက်ရသည်။ ခရာ ချိုင့်ဆွဲပြီး ထမင်းစားခန်းဆီ ရှေ့က ဝင်သွားတော့ ဒေါ်သွယ်သွယ်စိုးလည်း ပါလာသည်။

စားပွဲပေါ် ခရာတင်တဲ့ ချိုင့်ကြီးကို ဒေါ်သွယ်သွယ်စိုး ဦးစွာ ဖွင့်ကြည့်တော့ မွှေးပျံ့တဲ့ ဟင်းရနံ့ကြိုင်လှိုင်သွား၏။

"ဟယ် အုန်းနို့ခေါက်ဆွဲတော့ စားချင်စိတ်ဖြစ်နေတာနဲ့ အတော်ပဲ ခရာလေးရဲ့၊ တစ်ခါတည်း စားလိုက်ရအောင်၊ သမီးလည်း အုန်းနို့ခေါက်ဆွဲ ကြိုက်တယ်မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်သွယ်သွယ်စိုး စတီးချိုင့်တွေ တစ်ဆင့်ပြီးတစ်ဆင့် ဖြုတ်ကြည့်ပြီး သွားရည်တမြမြနဲ့ ပြောရင်းမေးသည်။

"ဟုတ်"

ခရာ ဟန်မဆောင်တမ်း ခေါင်းညိတ်လိုက်လေသည်။ မုန့်ဖတ်နဲ့ အရည်နှစ်ချိုင့်စီ။ တစ်ချိုင့်က ကြက်သားဟင်း။ ဟင်းနုံ့လေးက တကယ့်သင်းပါဘိ။

လက်ရာတော့ ကောင်းပုံရသည်။ အနံ့ရတာနဲ့ ခရာလည်း စားချင်စိတ်ဖြစ်ကာ လျှာရည်များပင် စိုလာသည်။

"ရတနာ့ကို သွားခေါ်လိုက် သမီး၊ အတူတူစားကြတာပေါ့၊ အန်တီသွယ် စားပွဲအသင့်ပြင်ထားနှင့်မယ်"

"ဟုတ် အန်တီသွယ်"

အန်တီသွယ် မုန့်ပွဲပြင်နေတော့ ခရာက အပေါ်ထပ်ပြေးတက်၏။ ရတနာ အခန်းတံခါးခေါက်ပြီး အခန်းထဲဝင်သည်။

ရတနာက မှန်တင်ခုံရှေ့ ကျကျနနထိုင်ပြီး အလှပြင်ကောင်းနေဆဲ။

"ဝင်လာလေ ခရာ"

မှန်ထဲမှာမြင်နေရတဲ့ ခရာ့ကိုကြည့်၍ ငွေရောင်နားကွင်းဝိုင်းကြီး အပန်မပျက်ဘဲ ရတနာခေါ်သည်။ ခရာ ခေါင်းဆတ်၍ မှန်





တင်ခုံနား ရွှေ့သွားပြီး –

"အုန်းနို့ခေါက်ဆွဲ စားရအောင်လို့ လာခေါ်တာ"

"ဟေ အန်တီမာ ပို့လိုက်တာ မဟုတ်လား"

"ဟုတ်တယ် ရတနာရဲ့"

"ဟီး အန်တီမာ သိပ်လိမ္မာတာပဲ၊ ရတနာ အုန်းနို့ခေါက်ဆွဲ စားချင်တယ်ပြောလို့ ချက်ချင်း ချက်ပို့လိုက်တာ ထင်တယ်၊ စားရချည်သေးရဲ့"

ရတနာ အားရဝမ်းသာရင်း မှန်တင်ခုံရှေ့မှ ချက်ချင်းထသည်။ ပြင်ဆင်ထားလိုက်တာ ရတနာက မင်းသမီးလေးအလား။ အရပ်မြင့်သလို ကိုယ်လုံးလည်းလှတဲ့ ရတနာက ကိုယ်ကပ်ဖက်ရှင်နဲ့မို့ ထင်းနေအောင် လှသည်။

ကာလာခြယ်ပြီးသား မျက်နှာလေးက ရတနာကို ရှုမောဖွယ်ကောင်းလောက်အောင် ဖြစ်နေစေသည်။

"လာ ခရာ၊ ခရာလည်း ကြိုက်တယ်မဟုတ်လား"

ခရာ ခေါင်းညိတ်၏။ ရတနာ လက်ဖျစ်တီးကာ –

"အိုကေ အတူစားကြတာပေါ့၊ လာ ခရာ"

နှစ်ယောက်သား ထမင်းစားခန်းဆီ သွက်သွက်ကလေး ဆင်းခဲ့သည်။ ထမင်းစားခန်းထဲဝင်တော့ မေမေက အသင့်ပြင်ပြီးသား



www.burmeseclassic.com

www.burmeseclassic.com



မုန့်ပွဲတွေရှေ့မှာ ထိုင်လျက်။

"လာကြ မြန်မြန်၊ မေမေလည်း စားချင်လှပြီ"

မေမေ မအောင့်နိုင်စွာပြောရင်း မုန့်ပန်းကန်တွေ ရွှေ့ပေးသည်။

ရတနာနဲ့ခရာလည်း ဘေးချင်းကပ်ခုံမှာ ဝင်ထိုင်ကာ စားဖို့အသင့်။ ဟင်းရည်ရော၊ အချဉ်အငန်ပါ ထည့်ပြီးသား မုန့်ပန်းကန်ထဲမှ ဖွန်းကိုယ်စီကိုင်၏။

ခရာက ဟင်းရည်တစ်ဖွန်း အရင်ခပ်၍မြည်း၏။ ဟင်းရည်နဲ့က မွှေးသလို အရသာကလည်း ချိုစိမ့်စိမ့်လေး ကောင်းလှသည်။

"အန်တီမာ့လက်ရာက ရှယ်ပဲ မေမေ"

ရတနာကလည်း ခပ်စားနေရင်း မအောင့်နိုင်ဘဲဖြေသည်။ အန်တီသွယ်က စားနေရင်းတန်းလန်း ခေါင်းညိတ်၏။

"အေးဟယ် မေမေတော့ မာမာလက်ရာကို ဘယ်လောက်စားရစားရ ရိုးအီတယ်လို့ မရှိဘူး၊ စားလေကောင်းလေပဲ သမီးရဲ့"

"ကောင်းရမယ်လေ၊ ရတနာ ချက်ကျွေးခိုင်းတာကိုး၊ ဒါကြောင့် ကောင်းတာ"

"ဟုတ်ပါ့ရှင် ဟုတ်ပါ့၊ ဒါပေမဲ့ သမီးက မာမာကို အနိုင်ကျင့်နေတာ လျှော့ပါဦး၊ ခဏခဏ ဟိုဟာချက်ကျွေး ဒီဟာချက်ကျွေးဆို





ပြီး ပူဆာမနေနဲ့ကွယ်၊ ခမျာက ကူလော်လောင်ဖက်ရှိတာ မဟုတ်ဘူး၊ ကိုယ်တိုင်လိုက်လုပ်နေတာကွဲ့"

ဒေါ်သွယ်သွယ်စိုးက အိမ်ထောင်ရှင်မချင်းတူတူ မာမာ့ဘက်က ကိုယ်ချင်းစာပြောပြီး သမီးကို သတိပေးသလို ဆိုသည်။

ရတနာက စားနေရင်းတန်းလန်းနဲ့ ခေါင်းညိတ်ပြီး –

"အဲဒါကြောင့် ရတနာပြောရတာပေါ့၊ ခိုင်းဖို့ ကောင်မလေးတွေ ခေါ်ပါဆို၊ အန်တီမာက မခေါ်ဘူးလေ၊ ကပ်စေးနဲနေတာ"

"ဟဲ့ ရတနာ ညည်းလေး ဘာမှမသိဘဲနဲ့၊ သားတွေချည်းရှိတဲ့အိမ်မှာ ခိုင်းဖို့ကောင်မလေးခေါ်လို့ သင့်မတဲ့လား၊ ဒါကြောင့် မာမာ မခေါ်တာ၊ သူ့သားတွေနဲ့ ပြဿနာတက်မှာစိုးလို့"

"ဘာတက်စရာရှိလဲ မေမေရာ၊ သူ့အလုပ်သူလုပ်တဲ့ဟာကို"

"သြော် ခက်ပါဘိ"

ကလေးတွေက ကလေးတွေလိုပဲ တွေးမိတာ အပြစ်မဆိုသာ။ သူမတို့လူကြီးတွေက လူကြီးတွေလိုပဲ တွေးရသည်။

တချို့ခိုင်းဖို့ခေါ်ထားတဲ့ကောင်မလေးတွေ စိတ်ဓာတ် မရိုးသားရင် ပြဿနာအကြီးကြီးတက်တာမျိုး ပတ်ဝန်းကျင်မှာ ကြားနေကျ။

ဒေါ်လှရိပ်မာက ဒါတွေကိုသိလို့ ခေါ်မခိုင်းမှန်း ဒေါ်သွယ်



www.burmeseclassic.com

www.burmeseclassic.com



သွယ်စိုးသိသည်။

"အဲဒါပဲ မေမေတို့ အန်တီမာတို့နဲ့ ခက်တာ"

ရတနာက ကလေးအမြင်နဲ့ ပြောပြန်သည်။ သားအမိနှစ် ယောက် အမြင်မတူဘဲ ပြောနေကြတာကို စားရင်း နားထောင်နေတဲ့ ခရာ စိတ်ဝင်တစားဖြစ်လာသည်။

"ဒါနဲ့ အန်တီသွယ်၊ အန်တီမာ အိမ်အလုပ်အားလုံး တစ် ယောက်တည်း နိုင်ခံလုပ်နေရတာပေါ့ ဟုတ်လား"

"ဟုတ်တယ် ခရာရဲ့"

ဒေါ်သွယ်သွယ်စိုးက ဆက်မစားတော့ဘဲ ဇွန်းလေးကိုင်ထား လျက်နဲ့ စိတ်ရှည်လက်ရှည်ပြောပြသည်။

"သားချည်းပဲ သုံးယောက်လေ၊ အကြီးနှစ်ယောက်က လိမ္မာ ပါတယ်၊ ဖအေလုပ်ငန်းကို ကူလုပ်ပေးတယ်၊ သမီးကိုစတဲ့ စံချိန်က အငယ်ကောင်၊ သူက ဆိုးတယ်၊ ဖအေလုပ်ငန်းထဲလည်း မကူ မအေကိုလည်း မကူဘူး၊ သူငယ်ချင်းအုပ်စုနဲ့ အပြင်မှာချည်း အချိန် ကုန်တာ၊ အချိန်မတော် ပြန်လာရင် မအေက နွှေးပေးခပ်ပေးမှ စားတာ အစစအရာရာ မအေပါမှ စံချိန်က ကြိုက်တာ၊ ဒီသားသုံးယောက် အချိန်အခါမရှိ ထွက်ကြဝင်ကြနဲ့ဆိုတော့ ခိုင်းဖို့ သူစိမ်းမိန်းကလေး တွေ ခေါ်ထားလို့မသင့်ဘူးလေ၊ ဒါကြောင့် မာမာက ကိုယ်တိုင်





လုပ်နေရတာ သနားပါတယ်၊ သမီးမိန်းကလေး မရှိဘဲကိုး"

ခရာ သက်မလေးချကာ သနားစိတ်ဝင်သွားသည်။

"ဘာပဲဖြစ်ဖြစ် မေမေက ကံကောင်းတယ်"

ရတနာက ဝင်ပြောသည်။ အန်တီသွယ် ခေါင်းဆတ်၍ -

"ဟုတ်တယ်၊ မေမေ့မှာ သမီးရှိတော့ မေမေ ကံကောင်းတာ ပေါ့၊ ရတနာက အန်တီသွယ့်ကို ဝိုင်းကူတယ်လေ၊ ဟော ခုဆို ပို ကံကောင်းတယ်၊ ခရာပါရှိနေတော့ ဟုတ်ဖူးလား"

"အသေအချာပေါ့"

ရတနာ အားရပါးရ ထောက်ခံ၏။ ခရာ ပြုံးပြုံးလေး ခေါင်း ဆတ်သည်။

"ဟုတ် အန်တီသွယ်လည်း စားပေါ့"

"ဟုတ်ပါရဲ့"

စကားပြောနေတာ အရှိန်ပါသွားလို့ စားဖို့ပင် မေ့နေတဲ့ ဒေါ်သွယ်သွားစိုး ခုမှပဲ သတိရကာ ကိုင်ထားဆဲ စားဇွန်းနဲ့ ခေါက်ဆွဲ ပန်းကန်ထဲ ထိုးခပ်ပြီး အားရပါးရစားလေသည်။

"ဘယ်လိုဖြစ်ဖြစ် အန်တီမာက ရတနာ့အတွက်ဆို ပင်ပန်း တယ်လို့မထင်ဘူး မေမေရဲ့၊ အခုလည်း ရတနာက အတင်းချက်ကျွေး ခိုင်းတာမဟုတ်ဘူး၊ အန်တီမာကပဲ ပြောတာ၊ ဧည့်သည်အတွက်



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုခုချက်ကျွေးမယ်တဲ့၊ ဘာချက်ကျွေးရမလဲလို့ ရတနာ့ကို ညနေက ခေါ်မေးတယ်၊ အဲဒါနဲ့ ရတနာလည်း ပြောလိုက်တာပေါ့၊ ခရာ့အကြိုက် ရတနာ့အကြိုက် အတူတူပဲလို့၊ အဲဒါကြောင့် အန်တီမာ ချက်ပို့တာလေ''

''အင်း မာမာလည်း ရတနာတစ်ယောက်တည်းအလိုလိုက်တာ အားမရဘူး ထင်တယ်၊ ခရာ့ကိုပါ အလိုလိုက်မှ ထင်တယ်''

''လိုက်ရမှာပေါ့၊ ခရာနဲ့ရတနာက စံချိန်လိုမှ မဆိုးတာ၊ ဟုတ်ဖူးလား''

ရတနာက သူ့မဝသီအတိုင်း ပေါ့ပေါ့လေးပြောကာ ခရာကို မျက်စနဲ့မေးသည်။ ခရာ ခေါင်းညိတ်ရအခက် ခေါင်းခါရအခက် ဖြစ်သွားသည်။

''ဟုတ်ပါ့တော် ဟုတ်ပါ့၊ သမီးတို့နှစ်ယောက်က လိမ္မာတယ်၊ ဟိုတစ်ယောက်က ဆိုး''

အန်တီသွယ်က ချစ်တဲ့စိတ်နဲ့ပဲ ခပ်ငေါ့ငေါ့လေး ထောက်ခံသည်။ ရတနာက သဘောတကျဖြစ်ကာ ပခုံးလေးဝင့်သည်။

ခရာကတော့ ငြိမ်သက်စွာပဲစားရင်း စံချိန် ဆိုးတယ်ဆိုတာ တကယ်လားလို့ ရင်ထဲမှာ ပြန်မေးမိသည်။

ဟိုနေ့က အကဲဆုံးနောက်ပြောင်ခဲ့ပေမယ့် မုန့်ချိုင့်လာပေး





တုန်းက သူငယ်ချင်းတွေ နောက်ပြောင်မလို့လုပ်တာကို ပါးစပ်တွေ လိုက်ပိတ်တာ ခရာကိုယ်တိုင်မြင်သည်။

ဒါ ဘာကြောင့်လဲ။ အတိုင်ခံရလို့ မဆိုးတော့ကြောင်း သက်သေထူတာလား။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

သင်္ကြန်ကျပြီမို့ မနက်ခင်းက မြူးမြူးကြွကြွသက်ဝင်လို့နေပြီ။

သီချင်းသံတွေ ဟိုမှဒီမှ ပျံ့လွင့်လာလျှင် ရတနာတစ်ယောက် အခန်းထဲမှာနေလို့ မငြိမ်သက်တော့ပါ။

သူငယ်ချင်းတွေနဲ့ အလည်ထွက်ဖို့ ပြင်ဆင်နေတာ ပြီးပဲ မပြီးနိုင်။ [illegible]ကျပ်ဘောင်းဘီရှည်ဝတ်ပြီး ခါးပတ်ကို သေချာပတ်နေရာမှ ခရာကို ကြည့်ရင်းဆိုသည်။

"ခရာ လိုက်ခဲ့ပါလား ပျော်စရာကြီးဟာ"

"ဟင့်အင်း"

"ဘာဖြစ်လို့"





ခေါင်းလေးယမ်းပြောတဲ့ ခရာကို ရတနာ အားမလိုအားမရဖြစ်ပြီး မေးပြန်သည်။ ခရာက ကျစ်ဆံမြီးနှစ်ဖက်သကိုင်ကာ ရင်အုံရှေ့ချရင်း ပြော၏။

"ခရာက လည်တာ ဝါသနာမပါဘူး ရတနာရဲ့"

"အလိုလေ ဒီလောက်ပျော်စရာကောင်းတဲ့ဟာကို၊ ရတနာတို့တော့ မလည်ရရင် သင်္ကြန်မပြီးဘူး၊ တစ်နေကုန် တစ်နေခန်း လည်လိုက်ရမှ"

"အဲဒါသာ ကြည့်တော့ ခရာရယ်၊ သမီးက အဲသလို၊ ခရာနဲ့ ကွာပါ့"

အန်တီသွယ် အခန်းထဲဝင်လာရင်း ပြောသည်။ ခရာ ပြုံး၍

"ခရာ အစကတည်းက လည်ပတ်ကာ သိပ်ဝါသနာမပါလို့ပါ အန်တီသွယ်ရဲ့၊ ရတနာက ဝါသနာပါတယ်လေ"

"ဟုတ်ပါတယ်၊ သမီးက ခြေထောက်မှာ ဗွေနဲ့ လည်နေရမှ"

"လည်ရမှာပေါ့ သင်္ကြန်ပဲဟာ နော"

ရတနာက အဲသလို မြူးမြူးလေး ပြန်ပြောသည်။ အန်တီသွယ်က သဘောတကျပြုံးရင်း သမီးအလှကို သေချာကြည့်၏။

ဘောင်းဘီရှည်အနက်နဲ့ စွယ်တာ နီရဲရဲ လက်ပြတ်လေး



www.burmeseclassic.com

www.burmeseclassic.com



ဝတ်ထားတဲ့ သမီးက တကယ်လှနေသည်။ နားကွင်းရဲရဲကြီး ပန်ထားသလို ဖန်စီလည်ဆွဲရှည်ကြီးကလည်း ဖန်းတီးလုံးအနီရောင်တွေပဲမို့ ထင်ထင်ပေါ်ပေါ် ဖြစ်လို့နေသည်။

မျက်မှန်နက်လေးပါ တပ်လိုက်တော့ ရတနာက တကယ့်ကို မြူးကြွတဲ့ သမင်မလေးလို အလှကြွယ်လျက်။

သမီးကို စိတ်ကျေနပ်စွာကြည့်ပြီးမှ အန်တီသွယ် ပြောသည်။

"လည်ပါကွယ် လည်ပါ၊ လည်ပြီး စောစောလာခဲ့၊ ဒီမှာ ခရာ တစ်ယောက်တည်း ပျင်းနေလိမ့်မယ်"

"မပျင်းပါဘူး အန်တီသွယ်ရဲ့"

ရတနာမပြောခင် ခရာ သွက်သွက်ကလေး ဝင်ပြောလိုက်သည်။ ရတနာက ခရာ့ကိုကြည့်ရင်း မခင်ဘက် လှည့်ပြောသည်။

"အဲဒါပဲကြည့် မေမေ၊ ရတနာ ခေါ်ပါတယ်၊ ခရာက မလိုက်တာ၊ တစ်ယောက်တည်းသည်း မပျင်းဘူး၊ နေတတ်ပါတယ်တဲ့ မေမေရဲ့"

"ရတနာရေ ဟေ့ ရတနာ"

ရတနာ စကားဆုံးရုံရှိသေး အော်ခေါ်နေတဲ့ အသံတွေ ပျံ့လွင့်လာသည်။ သကြန်သီချင်းသံမြူးမြူးကြွကြွလည်း ကျူယ်လာသည်။





"ဟော ရတနာ့သူငယ်ချင်းတွေ လာကြပြီ ထင်တယ်"

"ဟုတ်တယ် ခရာ၊ မေမေ သမီး သွားတော့မယ်"

"အေးပါဟယ်"

ရတနာ အန်တီသွယ်ကို ဖက်၍အနမ်းလေးပေးကာ ခုန်ပေါက်ထွက်သွားသည်က တကယ့်ကို သွက်နေပါဘိ။

အန်တီသွယ်က ပြုံးချိုတဲ့မျက်နှာလေးနဲ့ သမီးကိုခွင့်ပေးကာ ရတနာ့အနောက်က လိုက်ထွက်သွားသည်။

ခရာက ပြတင်းပေါက်နား သွားရပ်ပြီး ခြံထဲ လှမ်းကြည့်လိုက်၏။ ခြံရှေ့မှာ ရပ်ထားတဲ့အမိုးပွင့် ကားတစ်စီး။ ကားတစ်စီးလုံး ရတနာ့သူငယ်ချင်းတွေအပြည့်။

ဖွင့်ထားတဲ့ မြူးကြွကြွသီချင်းတွေနဲ့အပြိုင် လက်လှုပ်ခြေလှုပ်နဲ့ ယိမ်းနွဲ့ကနေကြသည်က ကြည့်လို့ကောင်းနေသည်။

"ဟေ့ ရတနာသွယ်၊ သွယ်ရတနာ မြန်မြန်လာဟေ့"

တိုက်ထဲက ပြေးထွက်လာတဲ့ ရတနာကို မြင်သည်နှင့် သူငယ်ချင်းတွေ စီစီညံညံ အော်ကြခေါ်ကြ။ ရတနာကို ပြေးဆင်းပြီး ကြိုသူကြိုနဲ့။

ရှုပ်ယှက်ခတ်နေပေမယ့် အားလုံးပျော်နေကြသလို ရပ်ကြည့်နေတဲ့ အန်တီသွယ်လည်း ပျော်နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကားပေါ်ရောက်သွားတဲ့ ရတနာနဲ့ သူငယ်ချင်းတွေ အန်တီ့ကို နှုတ်ဆက်လက်ပြသလို ပြတင်းပေါက်မှာ ကိုယ်တစ်ပိုင်းပေါ်နေတဲ့ ခရာကို မြင်ပြီးလည်း လက်ပြနှုတ်ဆက်၏။

ထို့နောက် ကားလေး ပျောက်ကွယ်သွားတဲ့နောက် ရတနာတို့အသံတွေ ပါသွားသည်။

သကြံန်သီချင်းသံတွေက ညံစီစွာ ပျံ့လွင့်နေဆဲ။

✿ ✿ ✿



## အခန်း (၈)

"အန်တီမာ"

ညှိခန်းထဲဝင်ခဲ့ရင်း ခရာ ခေါ်ပါသည်။ နှစ်ခွန်းသုံးခွန်း ဆင့်ခေါ်သော်လည်း ထူးသံမကြားရပါ။

"အန်တီမာ"

အတွင်းခန်းထဲ ချောင်းကြည့်၍ ခရာ ခေါ်ပြန်သည်။ ဘယ်သူမှလည်း မတွေ့မမြင်ရပါ။ တိုက်တံခါးတွေလည်း ဖွင့်ထားလျက်နဲ့ တစ်မိသားစုလုံး တစ်ယောက်မှမရှိတာတော့ မဖြစ်နိုင်။

"အန်တီမာရေ ခရာပါ။ အန်တီသွယ် မုန့်ပို့ခိုင်းလို့"

"ဟေး သမီး"

ခရာ အသံမြှင့်ပြီး အသံကျယ်ကျယ်နဲ့ အော်ပြောခါမှ



www.burmeseclassic.com

www.burmeseclassic.com



အန်တီမာ့အသံ ကြားရသည်။

"လာ လာ သမီးလေး၊ အန်တီမာ မီးဖိုခန်းထဲမှာ"

"ဟုတ် လာပြီ အန်တီမာ"

အန်တီမာ့အသံကြားမှ ခရာ စိတ်ရဲသွားသည်။ ကြွေအုပ်ကို လက်နှစ်ဖက်နဲ့ပိုက်လျက်သားနဲ့ မီးဖိုခန်းထဲ သွက်သွက်ကလေး ဝင်သွားသည်။

မီးဖိုခန်းထဲမှာ တစ်ယောက်တည်း အလုပ်ရှုပ်နေတဲ့ အန်တီမာရယ် ခရာ ဝင်လာတာတွေ့သည်နှင့် ဟင်းအိုးမြင်နေရာမှ လှမ်းကြည့်ပြီး –

"သမီး တစ်ယောက်တည်းလား"

"ဟုတ်တယ် အန်တီမာ"

"ရတနာလေးရော"

"သူငယ်ချင်းတွေ လာခေါ်သွားလို့ ရေပက်ခံထွက်သွားတယ် အန်တီမာရဲ့"

"ဩော် သမီး ဘာလို့လိုက်မသွားတာလဲ"

"ခရာက ရေစိုမှာ ကြောက်လို့"

"အိုး သမီးရယ် သင်္ကြန်ပဲဟာ ရေစိုမှာပေါ့"

"အဲဒီရေစိုတာကြီးကို မကြိုက်လို့ပါ အန်တီမာရဲ့"





"အင်း သမီးစိတ်က တစ်မျိုးပါလားကွယ်၊ ထိုင် သမီးလေး ခဏထိုင်၊ အန်တီမာ လက်မအားသေးလို့ လက်ထဲက ဘာလဲကွယ်"

ခရာလက်ထဲက ကြွေအင့်လေးကို မေးထိုးပြရင်း တစ်ဆက်တည်း အန်တီမာ မေးသည်။ ခရာ ထမင်းစားပွဲမှာ ဝင်မထိုင်သေးဘဲ ကြွေအစ်အဖုံးလေးကို ဖွင့်ပြရင်း –

"မုန့်လုံးရေပေါ်လေ"

"အိုး အန်တီမာ့အကြိုက်ပေါ့၊ ခဏလေးနော်"

"ရပါတယ် အန်တီမာရဲ့"

ခရာ ကြွေအုပ်အဖုံးပြန်အုပ်၍ ထမင်းစားပွဲပေါ်တင်လိုက်သည်။ မီးဖုံးခုံနဲ့ကပ်လျက် စားပွဲပေါ် အသီးအရွက်တွေက ဝယ်လာတဲ့အတိုင်း တင်ထားတာ တွေ့ရသည်။

ပြင်ဆင်ပြီးတဲ့ အသားဟင်းကို ကွိုင်မီးဖိုပါမှာတင်သည်။ တစ်ဆက်တည်းလည်း တစ်ဖက်မီးဖိုပေါ်က ဟင်းအိုးအဖုံးဖွင့်ပြီး ယောက်မနဲ့မွှေကာ ဆားမြည်းရင်း အလုပ်ရှုပ်နေတဲ့ အန်တီမာကို ခရာ စာနာပါသည်။ ထိုနောက် ဟင်းရွက်စားပွဲနားမှာ ခရာ ရပ်ပြီး–

"ခရာ ကူလုပ်ပေးမယ်လေ အန်တီမာ"

"ရတယ် သမီး ရတယ်၊ သမီး ထိုင်နေကွယ်၊ ရပါတယ်၊ အန်တီမာ နေ့တိုင်းလုပ်နေကျ၊ ဒီနေ့မှ ပိုလုပ်ရတာ၊ သားငယ်သူငယ်



www.burmeseclassic.com

www.burmeseclassic.com



ချင်းတွေ လာစားမယ်ဆိုလို့ သူတို့စားချင်တာတွေ တစ်မျိုးစီ လုပ်နေ ရလို့ ရှုပ်နေတာပါ''

''ရပါတယ်၊ ခရာ ကူလုပ်ပေးမယ်''

''အားနာစရာပဲ သမီးရယ်''

''အားမနာပါနဲ့ ခရာ လုပ်တတ်ပါတယ်၊ ဘာလုပ်ပေးရမလဲ ပြောလေ အန်တီမာ၊ ဒီဟင်းရွက်တွေ သင်ပေးရမလား''

သမီးလေးက ဖွတ်ပြောနေတော့ ဒေါ်လှရိပ်မာ မငြင်းသာ တော့။

''သမီးသဘော''

လို့ ဆိုလိုက်ရသည်။

ခွင့်ပြုလိုက်တော့ သမီးမျက်နှာလေး ပြုံးလို့သွားသည်။ ဟင်း ရွက်တင်ထားတဲ့ စားပွဲရှေ့မှာ ထိုင်ခုံဆွဲထိုင်၍ ချဉ်ပေါင်စည်းကို အရင် ဆွဲယူသည်။

ဒေါ်လှရိပ်မာက ဆားမြည်းပြီး အနေတော်ဖြစ်နေတဲ့ ငါးရံ့ အူဟင်းကို နံနံရွက်လေး အုပ်ထည့်ပြီး အဖုံးပိတ်၏။

မီးခလုတ်ပိတ်ပြီးလည်း ငါးရံ့အူဟင်းကို မီးဖိုပေါ်ကချ။ ဟင်း အိုးတင်တဲ့ ကြွေခုံပေါ်ရှိ နေရာလွတ်မှာတင်သည်။

ပုစွန်အကောင်ကြီးတွေကို အကြွပ်ကြော်ဖို့ နနွင်း၊ ဆားနဲ့





နယ်ပြီးသား ပန်းကန်ကိုလည်း တစ်ဆက်တည်း ယူသည်။

''ဒီပုစွန်ကြော်ပြီးရင် သမီးနဲ့ ဟင်းရွက်ကူသင်ပေးမယ်၊ ခဏနော်''

''ရပါတယ် အန်တီမာရဲ့''

''အင်း သမီးလေးက သိပ်လိမ္မာတာပဲ''

ခရာ ပြုံးသွားသည်က ချစ်စရာ။

''အန်တီမာကလည်း မြှောက်နေပြန်ပြီ''

''တကယ်ပြောတာ ခရာလေးရယ်၊ အန်တီမာ့သားတွေဆို တစ်ယောက်မှ မအေကို ပိုင်းကူဖို့ သတိမရဘူး။ အကြီးနှစ်ယောက်က ဖအေအလုပ်တွေ ကူနေလို့ မလုပ်ပေးနိုင်ဘူးထား၊ သားငယ်က နည်း နည်းပါးပါး ပိုင်းကူသင့်တယ်လေ၊ ခုတော့ ဘယ်မှာမှ အမြဲးစမ်းလို့ မရဘူး၊ တစ်ချိန်လုံးအပြင်မှာ၊ ကျောင်းပိတ်ရင်လည်း အပြင်၊ ကျောင်း ဖွင့်ရင်လည်း ကျောင်းသွားရလို့ အပြင်မှာချည်းပဲ၊ စားချိန်နဲ့အိပ်ချိန်ပဲ အိမ်ကပ်တာ၊ ဒါတောင် အာပေါက်မတတ်ပြောထားလို့၊ နောက်ဆို သူငယ်ချင်းတွေနဲ့ပဲ စုအိပ်မလားပဲ ဟင့် ဟင့် ဟင့်''

ဒေါ်လှရိပ်မာက သားငယ်အကြောင်း ပြောလည်းပြောရင်း သားငယ်အတွက်လည်း ပုစွန်အကောင်လိုက်ကို ကြွပ်ကြွပ်ကြော်လျက် သဘောတကျ ဖြစ်နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ခုလည်း ကြည့် မလျှော်မှာစုစားဖို့ စီစဉ်ထားတာ၊ သားငယ်က မလျှော်ကဟာတွေ မစားဘူးတဲ့၊ မာမီချက်တာပဲ မြန်လာစားမတဲ့၊ သားသူငယ်ချင်းတွေ ပါလာမှာလေ၊ ဒါကြောင့် အန်တီမာ ဖွယ်ဖွယ်ရာရာလေးလုပ်ရင်း ရှုပ်နေတာပဲ သမီးရယ်"

"အဲဒါဆိုလည်း ခရာကို ခေါ်ပါတော့လား"

"အခုလည်း သမီး ဝိုင်းကူပေးနေပြီပဲ"

"ဟင်းရွက်ပဲ ခြွေပေးရသေးတာ အန်တီမာရဲ့၊ ချဉ်ပေါင်ကဟင်းချိုချက်ဖို့လား အန်တီမာ"

ချဉ်ပေါင်သုံးစည်းစလုံး ခြွေပြီးသွားတော့ ခရာမေး၏၊ နီရဲကြွပ်ရွသွားတဲ့ ပုစွန်ကို ဆီဒယ်အိုးထဲမှ ဒေါ်လှရိပ်မာ ဆယ်ယူရင်းပြောသည်။

"မဟုတ်ဘူး၊ မျှစ်နဲ့ ပုစွန်ခြောက်များများထည့်ပြီး ချဉ်ချဉ်စပ်စပ်ကလေး ကြော်မှာ"

"ခရာ ကြော်ပေးမယ်"

"ရတယ် သမီး၊ ဒီပုစွန်ကြော်ပြီးရင် ချဉ်ပေါင်ကြော်မယ်လေ"

"ပုစွန်တွေအများကြီး ကျန်သေးတယ် အန်တီမာ၊ အန်တီမာ တစ်ယောက်တည်း လုပ်နေရင်း ထမင်းစားချိန်မီ့မှာ မဟုတ်ဘူး၊





ခရာက ချဉ်ပေါင်ကြော်ပေးမယ်၊ အန်တီမာက ပုစွန်ပြီးအောင် ကြော်လေ၊ အဲဒီတော့ မြန်မြန်ပြီးတာပေါ့၊ ဟုတ်ဖူးလား"

"သမီးပြောတာလည်း ဟုတ်ပါရဲ့"

ပုစွန်တွေက မကြော်ရသေးတာ ဆယ်ကောင်မက ရှိသေးတယ်။ မကြာခင် ကလေးတွေ စားဖို့ သောက်ဖို့ ရောက်လာကြတော့မှာ။

ရောက်လာလို့ ဟင်းပွဲအဆင်သင့်မဖြစ်သေးရင် သားငယ်က မျက်နှာပွပြီး မအေကို ဂျီကျဦးမယ်။ အဖက်ဖက်ကို စဉ်းစားမိရင်း သမီးသဘောကို ခွင့်ပြုရသည်။

"ဟုတ်ပါတယ် သမီးရယ်"

လို့လည်း ထောက်ခံစကားဆိုသွားသည်။

သူမက ပုစွန်ကြော်နေသလို တစ်ဖက်က ခရာကလည်း ချဉ်ပေါင်ရွက်ကြော်ဖို့ ပြင်ဆင်လေသည်။

ချဉ်ပေါင်ရွက်ကိုဆေးကြောပြီး ရေနွေးဖျောကာ အမျှင်ခြစ်ပြီးသား မျှစ်နီကို သေချာဆေးပြီး ရေစင်အောင်ညှစ်၏။ ပုစွန်ခြောက်အကောင်ကြီးတွေ အသားပွတက်လာအောင် ရေစိမ်ပြီး ဆုံထဲထည့်ထောင်းလျက် အဆင်သင့်လုပ်၏။

မီးဖိုပေါ်တင်ထားတဲ့ ဆီဒယ်အိုး ဆူသည်နှင့် နနွင်းမှုန့်နဲ့



www.burmeseclassic.com

www.burmeseclassic.com



ငရုတ်သီးမှုန့်ကို ဆီသတ်၏။ ဆီသတ်ပြီးတဲ့ ငရုတ်သီးနံ့မွှေးသွားသ
နှင့် ရေနွေးဖျောထားတဲ့ ချဉ်ပေါင်ရွက်နဲ့မျှစ်၊ ပုစွန်ခြောက် ရောထ
ကာ ယောက်မနဲ့ သမအောင်ထိုးမွှေ။

ပြီးတော့ ငါးပိစိမ်းစားရည် ဖျော်ထည့်ပြီး နံ့အောင်မွှေသည်
အားလုံး ရောသမသွားမှ ဒယ်အိုးအဖုံး လေး ဖုံးထားလိုက်သည်။

ပုစွန်ကြော်ရင်း သွက်သွက်လက်လက်လုပ်ကိုင်တတ်တဲ့ ခ
ကို ငေးကြည့်နေတဲ့ ဒေါ်လှရိပ်မာရင်မှာ သူမသမီးလေးပဲဖြစ်ပါတေ
လို့ တောင်းတမိသည်။

သမီးရင်းသာဆို မီးဖိုခန်းထဲမှာ သမီးနဲ့သူမ တိုးတိုးဖော်ဖေ
ဘယ်လောက် ကြည်နူးစရာကောင်းမလဲ။

ခဏကြာတော့ ဒယ်အိုးဖုံး ပြန်ဖွင့်လျှင် ရနံ့လေးပျံ့တက်လ
သည်။ ခရာက ယောက်မနဲ့ ပြန်မွှေ၏။

ငရုတ်စိမ်းတောင့် ထက်ခြမ်းခွဲထားတာကို အကြော်အိုး
ထည့်၍ ထပ်မံမွှေကာ နှပ်ထားလိုက်၏။

မကြာပါ။

ချဉ်နံ့လေးစူးရှသော ချဉ်ပေါင်ကြော်က ငရုတ်စိမ်းနံ့လေ
သင်းထုံလာကာ ဒေါ်လှရိပ်မာ မြည်းကြည့်မိရုံနဲ့ ချဉ်စပ်စပ် အရသ
ကြောင့် လျှာရည်ယိုမကျအောင် မနည်းထိန်းလိုက်ရသည်။





"ကောင်းလိုက်တာ သမီးရယ်"

လို့ ဟန်မဆောင်နိုင်ဘဲ ဒေါ်လှရိပ်မာ ချီးကျူးမိလေပြီ။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၉)

"ပန်းခရာက လက်စိမ့်ရှိတယ်နော် မာမီ"

"ဟုတ်ပ့ါ သားလတ်ရယ်၊ မာမီတောင် လျှာလည်မတတ်ပဲ အေး၊ သားငယ်တို့သူငယ်ချင်းတစ်ရု စားလိုက်ကြတာများ ရှုဇကာ အတိုင်းလေ ဟင့် ဟင့် ဟင့်"

ကိုလတ်နဲ့မာမီ ဒါပဲပြောနေကြတာ စံချိန်သစ် နားကြားမြင် ကတ်လာသည်။

ဒယ်ဒီနဲ့ကိုကြီးလည်း ညစာစားဝိုင်းမှာတုန်းက ဒီပုံတုံးမရဲ့ ဟင်းချက်လက်ရာကို တသသထုတ်ပြောသေးသည်။

သူငယ်ချင်းတွေကလည်း သူမလက်ရာကောင်းကြောင်း ထောက်ခံ၏။





ချဉ်ပေါင်ကြော်က သွားရည်မထိန်းနိုင်အောင် ခံတွင်းလိုက်သလို ငါးဖယ်သုပ်ချိုချိုလေးကလည်း ဆိမ့်လှသည်။ မာမီအကြွပ်ကြော်ထားတဲ့ ပုစွန်ကောင်လုံးကြော်ကို ကြက်သွန်နီအကြွပ်ကြော်နဲ့ လုံးထွေးစေပြီး ငရုတ်ကောင်းမှုန့်ဖြူးထားတဲ့ အရသာက စံချိန်သစ်တကယ် ခံတွင်းတွေ့ခဲ့သည်။

ဒါပေမဲ့ ပုံတုံးမလေးလက်ရာကောင်းကြောင်း မထောက်ခံချင်။

အားလုံး ဝိုင်းထောက်ခံချီးကျူးနေကြတဲ့အထဲက စံချိန်သစ်တစ်ယောက်ကာ မျက်မုန်းကျိုးသလို ဖြစ်နေမိသည်။

မနေ့ကတည်းက ချီးကျူးတဲ့လေသံက ဒီနေ့အထိ ဆက်ပါလာသည်။ အဲဒါကြောင့် ပန်းခရာကို ပို၍အမြင်ကတ်သလို ရှိသည်။

မနက်စာစားဖို့ ထမင်းစားခန်း ဦးတည်လာပြီးမှ မာမီ့နဲ့ကိုလတ်ပြောနေတဲ့ စကားတွေကြောင့် ခြေလှမ်းရှေ့မတိုးဖြစ်တော့။

သူငယ်ချင်းတွေဆီပဲ လစ်တော့မယ်လို့ ခြေလှမ်းပြင်လျှင်–

"ညီ လာလေ၊ ညီ့ကို စောင့်နေတာကွ"

တံခါးဝဘက် မျက်နှာလှည့်ထိုင်နေတဲ့ ဥက္ကာသစ် ညီ့ကိုမြင်ခနဲမြင်တာနဲ့ လှမ်းခေါ်သလို စားဝိုင်းထဲက ထွက်ခဲ့သည်။

"ညီ အိပ်ရာထနောက်ကျပေမယ့် ကိုကြီးတို့ စောင့်နေပါ



www.burmeseclassic.com

www.burmeseclassic.com



တယ်ကွ၊ ဟိုမှာ ဒယ်ဒီလည်း ဘာမှမစားသေးဘဲ စောင့်နေရဲ့၊ လာပါ''

ညီ့မျက်နှာ မှုန်ကုပ်နေပါသည်။ ဥက္ကာသစ် မသိချင်ဟန်ဆောင်ပြီး ညီ့ကို အပါခေါ်လာသည်။

''ဟော့ သားငယ် လာကွ၊ မာမီ သားအကြိုက် သီးစုံထမင်းကြော် ကြော်ထားတာကွ''

ဒယ်ဒီကလည်း လှမ်းခေါ်ပြန်သည်။ စံချိန်သစ် ရှောင်ထွက်သွားဖို့ အရေးမသာ။ ကိုကြီးနောက်က ပါလာရသည်။

''လာထိုင် ညီလေး''

ကောင်းကင်သစ်က ညီငယ်ကို ဂရုတစိုက်ခေါ်ပြီး ထိုင်ခုံပါဆွဲထုတ်ပေးသည်။ မာမီက မှုန်ကုပ်နေတဲ့ ညီ့ကိုကြည့်၍ ပြုံးသည်။

ညီက ဒီလိုပါ။ ညီအစ်ကိုနဲ့မိဘအပေါ်မှာ ဆိုးနေကျ၊ နွဲ့နေကျ။ မျက်နှာ ဘယ်လောက်ပဲ မှုန်ကုပ်ထားထား ဂရုစိုက်တာတွေ လျော့မသွား။ ထိုင်ခုံမှာ ဝင်ထိုင်လိုက်မှ ဥက္ကာသစ်လည်း ထိုင်ချသည်။

မိသားစုငါးယောက် မျက်နှာစုံညီမှ မာမီက သီးစုံထမင်းကြော် ပန်းကန်ပြင်သည်။ အရင်ဦးဆုံး စံချိန်သစ်အတွက် ထည့်ပေးသည်။ ညီအကြိုက် ကြက်ဥအကြွပ်ကြော်နဲ့၊ အမဲသားကို မွမွလေးမျှင်ပြီး အကြွပ်ကြော်ထားတဲ့ အသားမျှင် ကြော်ပါ ပန်းကန်ထဲထည့်၊ ဇွန်းပါ အသင့်တပ်ပေးသည်။





ဒီတော့မှ ညီ့မျက်နှာ အနည်းငယ်ကြည်လာသည်။ မိဘနှစ်ပါးနဲ့ ညီအစ်ကိုနှစ်ယောက် မျက်ရိပ်လေးတွေနဲ့ အပြန်အလှန်ကြည့်ရင်း ပြုံးသည်။

သူတို့မိသားစုမှာ ဒီညီတစ်ယောက်ကိုပဲ ကလေးလို ချစ်နေကြခြင်းပါ။ ညီက သီးစုံထမင်းကြော်ခပ်စားမှ အားလုံးပန်းကန်ကိုယ်စီယူပြီး စားလေသည်။

ဒေါ်လှရိပ်မာမိသားစု စုံညီတဲ့ ဒီလိုစားသောက်ပွဲလေး မြိုင်ဆိုင်နေခြင်းအတွက် အမြဲတမ်း ကျေနပ်ပီတိဖြစ်နေရသည်။

''ဒါနဲ့ ရတနာက ခရာကို ရေပက်ခံထွက်ဖို့ ခေါ်မသွားဘူးလား''

ဒယ်ဒီက ထမင်းကြော်တစ်ဇွန်း ခပ်စားရင်း စမေး၏။

''ခရာက ရေစိုမခံချင်လို့တဲ့ ကိုစိုးရယ်''

မာမီက ဝင်ပြောလျှင် ကောင်းကင်သစ် မျက်လုံးတောက်ပသွားသည်။ ဒယ်ဒီက ခေါင်းဆတ်ပြောသည်။

''ခရာ့စရိုက်က တစ်မျိုးပဲနော် မာမာ''

''ဟုတ်တယ် ကိုစိုးရဲ့၊ ခရာလေးက ဒီလိုကြည့်ရင်သာ ထုံထုံအအလေးလို့ ထင်ရတာ၊ စကားပြောတာ၊ လုပ်တာကိုင်တာနဲ့ စရိုက်သဘာဝက တစ်မျိုးလေး ထူးခြားပြီး သွက်လက်နေတာလေ၊ မာမာ



www.burmeseclassic.com

www.burmeseclassic.com



ဖြင့် ဒီလိုလုပ်တတ်ကိုင်တတ်မယ်လို့ မထင်ဘူး''

မာမီကလည်း ဒါပဲ ဆက်ပြောပြန်သည်။ ဥက္ကာသစ်က ညီ ငယ့်မျက်နှာကိုပဲ ပုမ်းတကြည့်ကြည့်နဲ့ ထမင်းကြော် တစ်ဖွန်းပြီး တစ်ဖွန်း စားနေသည်။

ကောင်းကင်သစ်က ထမင်းကြော်ထက် ပန်းခရာဆီပဲ အာရုံ ရောက်ကာ မေးသည်။

''မာမီက ပန်းခရာကို အတော်ကြီး သဘောကျနေပြီ ထင် တယ်''

''ကျတာပေါ့ သားလတ်ရဲ့''

မာမီ မဆိုင်းမတွဖြေလျှင် စံချိန်သစ် အမဲသား အမျှင်ကြွပ် ကြော် ဝါးနေရင်း ဖျတ်ခနဲ ကြည့်သည်။ မာမီက ထမင်းကြော်ပင် ဆက်မစားတော့ဘဲ ပြောသည်။

''ဒါလေးက အလိမ္မာ အိမ်ပါမယ့် ချွေးမလောင်းမျိုး၊ ယောက္ခမနဲ့ တည့်မယ့်စရိုက်လေးတွေရှိတယ်၊ မာမီတော့ မာမ့်သား တစ်ယောက်ယောက်နဲ့ ဖြစ်စေချင်တာပဲ''

မာမ့်စကားအဆုံးမှာ ကိုကြီးနဲ့ဒယ်ဒီက ပြုံးသည်။ စံချိန်သစ် က မျက်မှောင်ကြုတ်၏။ ကောင်းကင်သစ်က ခပ်မြူးမြူးလေးဖြစ် ကာ -





''မာမီဖြစ်စေချင်တဲ့အတိုင်း ဖြစ်ရစေမယ်''

''ဘာလဲ ညီလတ်ရဲ့ မာမီဖြစ်စေချင်တဲ့အတိုင်း ဖြစ်စေရမယ် ဆိုတာ''

ကိုကြီးက နားမရှင်းစွာဘဲ ဝင်မေးသည်။ ဒယ်ဒီနဲ့မာမီက ညီလတ်ကိုပဲ သဘောတကျကြည့်နေကြသည်။ ညီလတ်က ပခုံးလေး လှုပ်ကာ ပြုံးပြီး -

''ပန်းခရာကို ကျွန်တော်ခြူမယ်ဗျာ''

''ဟာ''

စံချိန်သစ် ဟာခနဲဖြစ်ကာ မျက်လုံးကြီး စုံပြူးထွက်၏။ ပြီးတော့လည်း မနှစ်မြို့စွာ -

''ဒီပုံတုံးကြီးကို''

ဟုလည်း နှာခေါင်းတရှုပ်ရှုပ်နဲ့ ပြောချသည်။

''ဟဲ့ သားငယ်''

လို့ မာမီက ဟန့်သည်။ ဒင်းကလေးကို ပုံတုံးကြီးလို့ ပြော တာ မာမီ သဘောမကျသလိုရှိသည်။ ဒယ်ဒီက မာမ့်ကို သားငယ် မျက်နှာကိုကြည့်ပြီး ဆက်မပြောဖို့ မျက်ရိပ်နဲ့ ဟန့်၏။

ညီလတ်က စိတ်ဆိုးဟန်မပြ။ မြူးမြူးကြွကြွပဲ ညီကိုကြည့် ရင်း ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"ပုံတုံးမဟုတ်ဘူး ညီရာ၊ ဒီဖိုင်းရိုးတာပါကွ၊ ရိုးတဲ့ဒီဖိုင်းကို ဆန်းအောင်ထွင်လို့ရတယ်၊ ဆန်းနေတာကြီးကို ရိုးအောင် ပြန်ပြင်လို့ မရတော့ဘူး၊ ပြင်ရင် ဒီဖိုင်းပျက်ပဲ ဖြစ်သွားမယ်၊ ဒါကြောင့် ကိုယ်က ဒီဖိုင်းရိုးရိုးကိုပဲ ရင်ခုန်လိုက်တော့မယ်" တဲ့။

"ကျွတ်"

ညီက မနှစ်မြို့ပေ။ နှုတ်ခမ်းချွန်ပြီး ကျွတ်ခနဲ လုပ်သည်။

"ညီလတ်ရယ် တိုးတိုးပြောဦး"

"ဘာဖြစ်လို့လဲ ကိုကြီး"

"ညီလတ် ချိန်လိုက်ရင် အားလုံး သူများနောက် ပါသွားတာချည်းပဲ"

"ဟာ ကိုကြီးဗျာ"

ကိုကြီး ရယ်ရယ်မောမောပြောလျှင် ကိုလတ်မျက်နှာ ပျက်ကျသွားပြီး ရှက်အမ်းသွားသည်။

ဒယ်ဒီနဲ့မာမီက သဘောတကျရယ်သည်။ စံချိန်သစ်က ခပ်တည်တည်ပဲ ပြောသည်။

"ဒါလည်းဖြစ်နိုင်တယ် ကိုကြီး၊ ကိုလတ်က ဒီဘက်မှာ စန်းမရှိပါဘူး၊ ကိုလတ် ချိန်ပြီဆိုရင်တော့ ပန်းခရာ ချစ်သူရမှာ သေချာနေပြီ၊ ဟား ဟား ဟား"





ညီက ကိုလတ်ကို မသိမသာ ဖဲ့၏။ ပြောပြီးလည်း ရယ်သည်။ ထိုအခါ ကောင်းကင်သစ် ခံပြင်းသွားကာ –

"ညီ အထင်သေးတာကိုး၊ ဒီမှာ ဟိုအလန်းတွေကို စိတ်မဝင်စားလို့ ကိုယ် လွှတ်လိုက်တာကွ၊ မယုံရင် စောင့်ကြည့်၊ ဒီသကြန်က ကိုယ်ချစ်သူရမယ့် သကြန် ဖြစ်စေရမယ်"

"ဒါမှ မာမီ့သားလတ်"

ကိုလတ် အတည်နဲ့ပြောတာကို မာမီကပါ ထောက်ခံသည်။ ဒယ်ဒီကတော့ အပြုံးမပျက်ပဲ။

"စောင့်ကြည့်ရသေးတာပေါ့ကွာ၊ သားလတ်ရဲ့အစွမ်းအစကို"

"ကြည့်ပါ ဒယ်ဒီရဲ့ ပန်းခရာကို သားရသွားမှ သဘောမတူဘူး ဘာညာမပြောကြနဲ့နော် ဒယ်ဒီ"

"မပြောပေါင်ဗျာ၊ သားမာမီ ကြည်ဖြူရင် ဒယ်ဒီကလည်း ဖြူပြီးသားကွ"

ဒယ်ဒီ ထိုသို့ပြောကာ ညီလတ် စိတ်ကိုဆွပေး၏။ မာမီက "ကြိုးစားလိုက်ပါ သားလတ်ရယ်"

လို့ မြှောက်သည်။ မာမီမြှောက်ပေးတော့ ညီ့မျက်နှာ ပျက်လေပြီ။



www.burmeseclassic.com

www.burmeseclassic.com



"မာမီနော် လိုက်မြှောက်မပေးနဲ့ဗျာ၊ ဒီပုံတုံးကြီးကို မရီး မတော်နိုင်ဘူး"

လို့ ပြောပြီး ဆိုးဆိုးဆတ်ဆတ် ထထွက်သွား၏။

"ဟဲ့ သားငယ်"

"ညီ"

မာမီနဲ့ညီကိုနှစ်ယောက် ပြိုင်တူခေါ်ပေမယ့် စံချိန်သစ် လှည့်မကြည့်တော့ပါ။ မိသားစုဝင်အားလုံး သက်ပြင်းကိုယ်စီချ၏။

ပုံတုံးကြီးကို ချီးကျူးရုံနဲ့ အားမရသေးဘူး၊ ကိုလတ်က အတည်ကြိုးစားမယ် ပြောနေပြီး ဒယ်ဒီ သဘောတူသလို မာမီက လည်း မြှောက်ပေးသည်။

ကိုကြီးက ကြားနေဖြစ်ပေမယ့် ပန်းခရာကို ညီမလေးလို ချစ်နေမှန်း မျက်လုံးထဲ သိသိသာသာ ပေါ်နေသည်။

စံချိန်သစ်တစ်ယောက်သာ လေးမဲတစ်မဲနဲ့ အစွန်းထွက် ဖြစ်၏။ ကျွတ် ပန်းခရာ။ မျက်လုံးထဲမှာ နောက်တယ်ကွာ။

✿ ✿ ✿



အခန်း (၁၀)

"ဘာဖြစ်သွားတာလဲ သားငယ်က ချက်ချင်းကြီး၊ မဟုတ်သေးပါဘူး၊ ဒီကလေးနဲ့တော့ ခက်တာပဲ"

မာမီက စိတ်ပူပြီး ချက်ချင်းထသည်။ ဒယ်ဒီက လက်ဆွဲထားပြီး ပြောသည်။

"လွှတ်ထားစမ်းပါကွာ၊ အငယ်ကောင်စိတ်လည်း သိသားနဲ့ မာမာရယ်"

မာမီက လိုက်သွားချင်ပေမယ့် အခွင့်မသာ။ ဒယ်ဒီတားတာကြောင့် စားပွဲဝိုင်းမှာ ပြန်ထိုင်ရသည်။

"ညီလတ်ကလည်း အငယ့်ကောင်စိတ်ကို သိရဲ့သားနဲ့ ဘာလို့ မခံချင်အောင် ပြောရတာလဲကွာ"



www.burmeseclassic.com

www.burmeseclassic.com



ဒယ်ဒီနဲ့မာမီကိုကြည့်ရင်း ဥက္ကာသစ် ရယ်ကျက်မအေးနိုင်။ သူ့ မဆိုင်သလို ဘာသိဘာသာနဲ့ ထမင်းကြော်ငုံ့စားနေတဲ့ ညီလတ်။

ဥက္ကာသစ် အပြစ်တင်သလိုပြောတော့ ညီလတ် မော့ကြည့်ပြီး -

''ကျွန်တော် တကယ်ပြောတာ ကိုကြီး''

''ဟေ''

ဒီတော့မှ ဒယ်ဒီ၊ မာမီနဲ့ ကိုကြီး အံ့သြကာ ပြိုင်တူ အသံ ထွက်သည်။ ညီလတ်ကိုလည်း ဝိုင်းကြည့်ကြတာ မျက်တောင်မခတ် စတမ်း။

''ဟုတ်ရဲ့လား ညီလတ်ရာ''

''ဟာ ကိုကြီးကလည်း အတည်ပြောနေတာဗျ''

ဘယ်သူ့ကိုမှမကြည့်၊ တစ်ဝက်တစ်ပျက် စားလက်စထမင်း ကြော်ပန်းကန်ကိုကြည့်ရင်း ညီလတ်ပြော၏။

မျက်နှာထားနဲ့အသံက တကယ်လေးနက်နေမှန်းလည်း သိ သာနေသည်။ ထိုအခါ မိသားစုဝင်အားလုံး လက်ခံသလို ခေါင်းညိတ် ကြ၏။

''အတည်ဆိုရင် မာမီ မကန့်ကွက်ပါဘူး၊ အပျော်သဘော ညာဆိုရင် ခရာလေး အရမ်းနစ်နာသွားမယ်၊ ခမျာလေးက ဖြူဖြူစ





စင်လေးရယ်၊ မာမီတော့ ခရာနဲ့ဆို အတိုင်းထက်အလွန်ပေါ့ သား လတ်ရယ်၊ နော် ကိုစိုး''

မာမီပြောရင်း ဒယ်ဒီ့ကိုပါ ထောက်ခံခိုင်းနေသည်။

''အင်း အတည်ဆိုတော့လည်း ပြီးတာပဲ''

ဒယ်ဒီက လူငယ်တွေရဲ့ဆန္ဒကို နားလည်သလို ဖနီးသည့် ပြောတာကိုလည်း သဘောကျသည်။

သူတို့လင်မယားမှာ သမီးမထွန်းကားသော်လည်း သူများ သမီးကို သမီးရင်းလို တန်ဖိုးထားတဲ့စိတ်နှလုံးသား ရှိပုံချင်လည်း တူသည်။

ဒါကြောင့် ဒီကိစ္စက ညှိနေစရာမလိုအောင် စိတ်ချင်းတိုက် ဆိုင်လို့နေသည်။ ညီလတ် အတည်ကြံမယ်ဆိုရင် ဥက္ကာသစ်လည်း စောဒကတက်စရာမရှိတော့ပါ။ ဒါပေမဲ့ ညီငယ့်စိတ်ကိုပဲ အံ့သြနေ သည်။

''ဘာကြောင့် ညီငယ့်စိတ်က ခရာနဲ့ပတ်သက်ပြီး မနှစ်မြို့ နိုင်ရတာလဲ''

ခရာကိုစ,လို့ ရတနာတိုင်ချက်လာဖွင့်တာကြောင့် မိုက်ကြော အလိမ်ခံထားရလို့ပဲဖြစ်မယ်။ ဒါ အဖြစ်နိုင်ဆုံးပဲ။

''အင်း သားကြီးနဲ့ သားလတ်အတွက်တော့ တစ်မျိုးစိတ်



www.burmeseclassic.com

www.burmeseclassic.com



အေးရပြီ''

မာမိက ဘာကိုတွေးမိသည်မသိ သဘောတကျပြောသည်။

''ဟုတ်တယ်၊ သားကြီးလည်း ဒီဝါမဝင်ခင် မင်္ဂလာဆောင်ဖြစ်ဖို့ သီရိချိုနဲ့ ညှိကြည့်ပါဦးလား''

ဒယ်ဒီက မာမို့စကားနောက် အလေးအနက်ဝင်ပြောသည်။

''ဟုတ်သားပဲ ကိုကြီးရာ၊ ကိုကြီးကိုက မမချိုကို သိပ်အလိုလိုက်လွန်းတယ်၊ မြန်မြန်မင်္ဂလာဆောင်လိုက် ပြီးတဲ့ကိစ္စ၊ မမချိုတစ်နှစ်ပြီးတစ်နှစ် နောက်ဆုတ်ပြီး အချိန်ဆွဲနေတာ သိသိကြီးနဲ့ကျေနပ်နေတယ်''

''ချို့ဘက်မှာလည်း ငဲ့ကွက်စရာတွေ ရှိလို့ပါကွာ၊ ဒါတွေညီလတ် မသိပါဘူး''

ညီလတ်အကြောင်းကနေ ခေါင်းစဉ်က ဥက္ကာသစ်ဘက်ပြောင်းလာသည်။ ညီအစ်ကိုနှစ်ယောက် ပြောတာကို နားထောင်ရင်း ဒေါ်လှရိပ်မှာ သားကြီးကို စာနာသနားမိသည်။

သားနဲ့သီရိချိုက ကျောင်းကတည်းက ချစ်သူဖြစ်ခဲ့ကြသည်။ ဘွဲ့ရပြီးတော့ သီရိချိုက အလုပ်ဝင်သည်။ ချို့အောက်က မောင်နှစ်ယောက်နဲ့ညီမတစ်ယောက်ရဲ့တာဝန်ကလည်း ကြီးရှာသည်။

အမေက မရှိရှာ။ အဖေက အငြိမ်းစားရုံးအုပ်ကြီး။





ဒီတော့ ဖခင်နဲ့မောင်နှမတွေရဲ့အဆင်ပြေရေးအတွက် အချစ်ရေးကို ဦးစားမပေးနိုင်ဖြစ်ကာ မင်္ဂလာကိစ္စပြောတိုင်း အငယ်တွေဘွဲ့ရပြီးမှဟု ဆိုင်းငံ့ထားခဲ့သည်။

အခုမှ အငယ်ဆုံးညီမက ဆယ်တန်း။ ဒင်းလေး ဘွဲ့ရပြီးတဲ့အထိ နောက်ထပ်လေးငါးနှစ် စောင့်ရဦးမှာ သေချာသည်။ သားကြီးက သဘောထားကြီးစွာပဲ လိုက်လျောထားတဲ့အတွက် မိဘအနေနဲ့ဝင်မစွက်ဖက်သာပါ။

''ဒီလိုပဲပေါ့ကွာ၊ ကိုယ့်ဆန္ဒကြီးပဲ ရှေ့တန်းတင်လို့မရဘူး၊ တစ်ဖက်က မိန်းကလေးရဲ့ဆန္ဒနဲ့မိသားစုအရေးကိုလည်း ထောက်ထားရမယ်၊ ချို့မိသားစုအရေးကိစ္စကို သားကြီး နားလည်ပေးနိုင်တာဒယ်ဒီတော့ သားကြီးစိတ်ကို ပိုလို့တောင် လေးစားပါတယ်၊ ချို့ဖေဖေကလည်း ဒယ်ဒီနဲ့တွေ့တိုင်း သား သဘောထားကြီးတဲ့အကြောင်းဟုတ်ပြောတာကွ၊ သားလတ်လည်း ကိုယ့်အစ်ကို သဘောထားကြီးတာကို အပြစ်မြင်လို့ မသင့်ဘူး''

ဒယ်ဒီက အေးအေးဆေးဆေးဝင်ပြောလျှင် ညီလတ်က မာမိ ကမ်းပေးတဲ့ ကော်ဖီခွက် လှမ်းယူရင်း –

''ကျွန်တော်က ကိုကြီးကို သနားလို့ပါ''

လို့ ဆိုသည်။ ညီအစ်ကိုတွေ တစ်ယောက်ကိုတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ငှဲညှာနေတာတွေကလည်း ချစ်ခင်ရင်းနှီးလို့ပဲ မဟုတ်လား။

"သူများချည်း မသနားနေနဲ့၊ ကိုယ်လည်း ကိုယ့်ကိစ္စကိုယ် ကြိုးစားဦး၊ သားကြီးနဲ့ချိုက သူတို့ဘာသာသူတို့ ပြေပြေလည်လည် အေးအေးချမ်းချမ်းပဲ၊ သားလတ်လည်း ခရာနဲ့ ပြေလည်အောင် ကြိုး စားဦး"

မာမီက ခရာဘက် စကားလမ်းကြောင်း ဆွဲယူပြောပြန်သည်၊ ထိုအခါ ညီလတ်မျက်နှာလေး ချိုလွင်သွားပြီး –

"စိတ်ချ မာမီ၊ ပြေလည်တာနဲ့ ကျွန်တော်က ယူမှာ"

"တယ်ဟုတ်ပါလားကွာ"

"ဟား ဟား ဟား"

ညီလတ်စကားအဆုံးမှာ အားလုံးဝိုင်းရယ်ကြသည်၊ ညီလတ် က ရှက်သွားသလို မျက်နှာအရောင်ပြောင်းသွားပြီး –

"တကယ်ပြောတာဗျ၊ ဟာ ဘာမှန်းလည်း မသိဘူး"

ညီလတ် ရှက်သလို မလုံမလဲဖြစ်ကာ ဆတ်ခနဲထ,ထွက် သွားသည်က သောက်လက်စ ကော်ဖီခွက်ကို ချလျက်ဖြစ်သည်။

"ဟာ"

"ဟေ့ ညီလတ်"

ဒယ်ဒီက ဟာခနဲ အသံထွက်ကာ ညီလတ်ကို တအံ့တဩ





ကြည့်သည်။ ဥက္ကာသစ်က ရှက်ပြီး ထွက်ပြေးတဲ့ညီဖြစ်သူကို ကြည့်ခေါ်သည်။

ညီဖြစ်သူက လှည့်မကြည့်။ ထွက်သွားသည်က တစ်ချိုး တည်း။ မာမီက ပြုံးပြုံးလေးဖြစ်ကာ –

"အင်း အငယ်နှစ်ယောက်က တစ်ယောက်တစ်မျိုးစီ"

"ဟုတ်ပါ့ကွာ၊ ဘယ်လိုကောင်တွေမှန်း မသိဘူး၊ ဟား ဟား"

ဒယ်ဒီ သဘောတကျရွှတ်ရင်း တဟားဟားရယ်ပြီး ကော်ဖီ သောက်၏။

မာမီက ခေါင်းလေးတညိတ်ညိတ်နဲ့ ပြောရှာသည်။

"သားလတ်က ခရာ့ကိုဆိုတော့ တစ်မျိုးစိတ်အေးရတယ်၊ သားငယ်အတွက် ပူရသေးတယ် ကိုကိုးရဲ့၊ ဘယ်လိုမိန်းကလေးမျိုး သဘောကျစေမလဲမသိဘူး၊ ဒီဖိုင်းမိတ့် ရတနာနဲ့ကျတော့ မျက်နှာ ဆိုင်လို့မရဘူးတဲ့၊ ဟော ဒီဖိုင်းရိုးလေးနဲ့ ခရာကိုကျပြန်တော့ တောင် မတော်ချင်ဘူးဆိုတော့ ကိုကိုးသားငယ်အတွက် မာမာတော့ လေးနေရတာပါပဲ"

"ဟာကွာ မင်းခေါင်းထဲ ဒါပဲ ထည့်မနေနဲ့"

"ထည့်ရတာပေါ့ ကိုကိုးရယ်၊ ချွေးမကောင်းကောင်းရမှ သား



www.burmeseclassic.com

www.burmeseclassic.com



တွေလည်း စိတ်ချမ်းသာမယ်၊ မာမာတို့လည်း စိတ်အေးရမယ်လေ
ဟုတ်ဖူးလား သားကြီး''

မာမီက ဒယ်ဒီ့ကိုပြောရင်း သားကြီးကို စည်းရုံးသလို ပြေ
သည်။ သားကြီးက ထုံးစံအတိုင်း –

''ဟုတ်တာပေါ့ မာမီရာ''

လို့ ထောက်ခံလေသည်။ ပြီးတော့ ချက်ချင်းပဲ စားဝိုင်းက
ထကာ –

''သား ဟိုနှစ်ယောက်ကို သွားကြည့်လိုက်ဦးမယ်၊ ညီငယ်က
နည်းနည်းဂျစ်ကန်ကန်ရယ်''

ဟု ပြောပြီး ထထွက်သွား၏။

ညီနှစ်ယောက်အပေါ် အရိပ်တကြည့်ကြည့်ရှိလှတဲ့ သားကြီ
ကိုကြည့်ရင်း လင်မယားနှစ်ယောက် ကြည်နူးစွာပြုံးသည်။ မိသားစု
ကြည်နူးမှုအရသာဆိုတာ ဒါမျိုးပဲ ထင်လေရဲ့။

✿ ✿ ✿



## အခန်း (၁၁)

''စံချိန်''

''ဟေ့ စံချိန်၊ မြန်မြန်လာကွာ''

ပေါ်တီကိုအောက်မှာ အလင်းပြိုင်ကားထိုးရပ်သည်နှင့် ခေါ်
သံတွေ ညီစီသွားသည်။ ကားပေါ်ကလည်း တဖုတ်ဖုတ်ခုန်ဆင်း၍
ကိုက်ထဲဝင်လာပြီး –

''စံချိန်''

''ဟော ကိုကြီး၊ စံချိန်ရော''

''ခုထိ မနိုးသေးဘူးလား''

ထမင်းစားခန်းထဲကနေ တန်းပြီးထွက်လာတဲ့ ဥက္ကာသစ်
ကိုက်ကာစလှပ်ပြီး ဧည့်ခန်းထဲ လှမ်းဝင်သည်နှင့် ညီငယ့်သူငယ်ချင်း



www.burmeseclassic.com

www.burmeseclassic.com



တွေရဲ့ အော်သံခေါ်သံနှင့်ရောထွေးပြီး မေးသံပါ ကြားရသည်။

"ညီသူငယ်ချင်းအားလုံးက ညီ့လိုပဲ လွင်ာ်လပ်ပေါ့ပါးသော မြူးမြူးကြွကြွနေသော ခေန်လူငယ်ပီသကြသူများဖြစ်၏။

"နိုးပြီကွာ၊ ခုလေတင် မနက်စာစားဝိုင်းက ထသွားတာ"

"ဒါဆို အခန်းအောင်းနေပြီး အတော်ရှိုင်းနေတာဖြစ်မယ်"

အလင်းပြိုင် အထင်နဲ့ပြောသလို နေဝန်းကလည်း -

"ဖြစ်နိုင်တယ်ကွ"

ဟု ဆိုကာ -

"လာ အပေါ်ထပ်သွားကြရအောင်"

"ကိုကြီး ညီ့အခန်း သွားလိုက်ဦးမယ်"

အားလုံး တစ်ယောက်တစ်ခွန်းပြောပြီး အပေါ်ထပ်လှေကား ထစ်တွေပေါ် တရုန်းရုန်း နင်းတက်သွားကြသည်။

ညီ့မျက်နှာ ဘယ်လိုနေမလဲ။ ဥက္ကာသစ် သိချင်ပေမယ့် ညီ့သူငယ်ချင်းတွေနောက် လိုက်ပါမသွားတော့ပါ။ ခရာနဲ့ပတ်သက်ပြီ ညီလတ်ကြောင့် မနက်စာ စားဝိုင်းထဲက ထ,ထွက်သွားခဲ့တဲ့ ညီ့အဖြ က သူငယ်ချင်းတွေနဲ့အတွေ့မှာ လန်းဆန်းသွားမယ်လို့ ဥက္ကာသ ယူဆသည်။ ဒါကြောင့် လိုက်မသွား။

စာဖက်ခန်းထဲ ဝင်မလိုခြေလှမ်းတော့ ဥက္ကာသစ် ခြေလှမ်း





တန့်ရပြန်သည်။ ညီလတ်က စာဖတ်ခန်းထဲဝင်ပြီး ခရာ့ပုံရိုပ်ကို စိတ်ကူးနဲ့ရေးဆွဲပြီး ခံစားနေမှန်း သိသာတဲ့မျက်နှာက ပြူးအီအီကြီး ဖြစ်လို့နေသည်။

အကြောင်းကြောင်းကြောင့် ဥက္ကာသစ် စာဖတ်ခန်းထဲလည်း မဝင်။ အပေါ်ထပ်လည်း လိုက်တက်မသွား။ ဧည့်ခန်းထဲမှာပဲနေရင်း နောက်ဆုံး ချို့ဆီသာ ဖုန်းဆက်မိလေသည်။

✿

"စံချိန်"

ခေါ်သံတွေ နားထဲဆောင့်ဝင်လာသည်။ စံချိန်သစ် ထူးချင်စိတ်လည်း မရှိပါ။ အပေါ်ထပ်ဧည့်ခန်းက ဆိုဖာခုံရှည်ကြီးပေါ် ကိုယ်ကို ပစ်လှဲပြီး ငြိမ်သက်နေခဲ့တာ အောက်ထပ်က တက်လာပြီးကတည်းက စံချိန်သစ်စိတ် ဘာကြောင့် ထိုသို့ဖြစ်ရတာလဲ။

ပုံတုံးမလေးကြောင့်ဆိုတာထက် ပုံတုံးမကို ချီးကျူးသံတွေကို မကြားချင်တဲ့စိတ်က ကြားရရုံမက ကိုလတ်က တကယ်အတည် ပြောလာတာ ခံပြင်း၏။



www.burmeseclassic.com

www.burmeseclassic.com



ရတနာ့ကို ကိုလတ်မျက်စိကျတယ်ဆိုရင် ဟုတ်တုတ်တုတ် ရှိသေးတယ်။ ခုတော့ အရိုးတုံးပုံကိုမှ –

"ဟာ ဟေ"

"စံချိန် မင်း ဘာဖြစ်နေတာလဲ"

အိပ်ခန်းထဲ တန်းဝင်ကြည့်ကြတဲ့သူငယ်ချင်းတွေ။ အိပ်ခန်းထဲမှာမရှိလို့ အပြင်ပြန်ထွက်လာမှ စံချိန်ကို တန်ခနဲမြင်ကုန်သည်။ ပြင်သည်နှင့် စံချိန့်နား ဝိုင်းလာပြီး မေးကြမြန်းကြ၏။

"ဘာမှမဖြစ်ဘူး"

စံချိန်ပြောပြီး ဆိုဖာပေါ်က ထသည်။

"ဘာမှမဖြစ်ဘူးတဲ့၊ မဖြစ်ရင် မင်းပုံစံ ဒီလိုမဟုတ်ဘူး၊ ဖြစ်လို့ကို ဖိုးလုံးပုံနေတာ"

"လန်းရအောင်ကွာ၊ ဒီနေ့ အပီကဲမယ်"

ဇယားက ခြေဟန်လက်ဟန်နဲ့ ကတော့မတတ် ကိုယ်ကိုလှုပ်ရှားရင်း ပြောသည်။

စံချိန်သစ် မျက်နှာမဲ့ရင်း ဆိုဖာပေါ်က ရုန်းထကာ ဝရန်တာဆီ ထွက်ခဲ့၏။ သူငယ်ချင်းတွေလည်း စံချိန်သစ်နောက် ပါလာသည်။

"စံချိန် ဒီနေ့ ကဲရမယ့်နေ့ကွာ၊ မင်း ဘာဖြစ်နေတာလဲ အန်တီကို စိတ်ကောက်နေတာလား"





"မဟုတ်ဘူး"

ငြင်းရင်း စံချိန်သစ် မျက်မှောင်ကုတ်ကျသွားသည်။

အကြောင်းမဲ့တော့ မဟုတ်ပါ။ စံချိန်သစ်တို့ ခြံထဲဝင်လာတဲ့ ပုံတုံးမလေးရဲ့အရိပ်ကိုမြင်ရသောကြောင့်ဖြစ်သည်။ စံချိန်သစ်နည်းတူ သူငယ်ချင်းအားလုံး လှမ်းမြင်သွား၏။

"ဟော့ ဟိုမှာ ပန်းခရာကွ"

အလင်းပြိုင်က စံချိန်သစ်ပခုံးကိုတိုက်ရင်း အသံထွက် ပြောသည်။ အားလုံး ဝရန်တာပေါ် ရှိနေရာမှ ပန်းခရာကို ငေးကြည့်မိလေသည်။

ဖြာကျနေတဲ့ နေရောင်အောက်မှာ ရေညှိစိမ်းရောင် ချည်သားဝမ်းဆက်လေးနဲ့မို့ ခရာ့ပုံစံက စိမ်းစိုလတ်ဆတ်နေသည်။

သကြန်သီချင်းတွေ လေမှာပျံ့လွင့်ခိုစီးလာတဲ့နောက် ခြေလှမ်းဟန်နွဲ့နှောင်းလှတဲ့ ပန်းခရာက ပန်းပွင့်တွေ လေမှာဝဲပျံ့နေသလို ကြည့်လို့ကောင်းနေသည်။

ကျစ်ဆံမြီးလေး တရမ်းရမ်းနဲ့ မျက်နှာလေး ဝင်းပနေတဲ့ ခရာ။ သူတို့အားလုံး တကယ်ငေးသွားစေသည်။

မကြာပါ။ သူမအရိပ်လေး တိုက်ထဲဝင်ရောက်ပျောက်ကွယ်သွားလျှင် အားလုံး မျက်ဝန်းမှာ ဟာသလိုဖြစ်လျက်။



www.burmeseclassic.com

www.burmeseclassic.com



မျက်ဝန်းကာလာတွေ ဖျော့ကျသွားမှန်း ကိုယ်စီသိသည်။

"အဟမ်း"

သက်ဦးမောင်က မသိချင်ဟန်ဆောင်ပြီး ချောင်းဟန့်၏။ ဒီတော့မှ အားလုံး အသိဝင်လာကာ။

"သွားကြစို့ စံချိန်ရာ၊ ဒီနေ့ မဏ္ဍပ်ကို ရတနာလာမယ်တဲ့၊ အဲဒီသတင်းရကတည်းက အလင်း ရောဂါတက်နေတာကွ"

ဖယား ဝင်ပြောလျှင် အလင်းပြိုင်ရဲ့မျက်နှာလေး မထား တတ်အောင် ရှက်သလိုလို ဘာလိုလိုဖြစ်လို့သွားသည်။

"ဒီကောင့်ရောဂါ အဖြူအမည်းသဲကွဲဖို့ အလင်း ဒီနေ့ပဲ လှုပ်ရှားမှာကွ၊ အတိုင်းအတောထူလွန်းတဲ့ ရတနာ ဒီကောင်နဲ့ ငြိသွား အောင် မင်း နည်းနည်းဖန်ပေးလိုက်ကွာ၊ ဒီကောင် အပီအပြင် ချိန်လာ တာကွ"

"အလင်းက ခြူသာခြူချင်တာ၊ တကယ့်တကယ်ကျတော့ ရတနာ့ရှေ့ မသွားရဲဘူး၊ ကြောက်ဒူးက တုန်ချင်နေတယ်၊ မင်းက ရတနာ့ရှေ့ကို ဘာညာပြောပြီး ခေါ်ထုတ်ကွာ၊ ရတနာက မင်းနဲ့ မတည့်ပေမယ့် မင်းခေါ်ရင် ချက်ချင်းလာမှာ၊ မင်းဘက် ဘုမပြောရင် ရတနာ ပြဿနာမရှာဘူး၊ အလင်းဘက်က အိုကေသွားမယ်"

သူငယ်ချင်းတွေ ဝိုင်းဝန်းပြောကြသည်က အလင်းပြိုင်ကို





အကူအညီပေးဖို့ပဲဖြစ်သည်။ စံချိန်သစ် ဘာမှပြန်မပြော။

"အလင်းက ရတနာ့ကို ပန်းပေါင်းစုံတဲ့ သကြဲန်ရေမွှေးလေး လောင်းမလို့တဲ့၊ ငွေဖလားကြီးပါ အပီပြင်လာတာကွ"

"ကူညီပါကွာ၊ မင်းကျေးဇူး ငါမမေ့ပါဘူး၊ မင်းစိတ်ကြိုက် တစ်ဝိုင်းပေးမယ်"

သက်ဦးမောင်၊ နေဝန်း၊ ဖယားတို့နဲ့အတူ အလင်းပြိုင်လည်း မျက်နှာလေး ငယ်ချရင်း ပြောပြန်သည်။

"ကျွတ်၊ မင်းကလည်း သည်းတယ်၊ ဒီကျားသစ်မကိုများ"

ဟု မဲ့မဲ့ကြီး ပြောသည်။

ရတနာ့ကို စံချိန်သစ် မကြည်ပေမယ့် အလင်းပြိုင်ရင်ခုန် နေတာကို သိတာကြောင့် သိပ်မပြောချင်။ ဒါပေမဲ့ မဲ့မဲ့ကြီး ပြောလိုက် ပေမယ့် အလင်းပြိုင် စိတ်မဆိုးနိုင်။

စံချိန်သစ်စိတ်ကို သူတို့အားလုံးသိသည်။ မဲ့မဲ့ကြီးပြောပြီး ကူညီနေကျ။

အခုလည်း ပြောပြီးသည်နှင့် –

"အင်း ရတနာ မင်းနဲ့ငြိသွားမှ ငါလည်း အတိုင်ခံရတာ လျော့မယ်၊ နောက်ဆို လေတိုက်ရင်လည်း လာတိုင်၊ အီးပေါက်ရင် လည်း လာပြောနဲ့၊ ငါ့မိုက်ခေါက်ကြောက ဖြူဖို့ အချိန်မရဘူးကွ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ မင်းကလည်း ပြောရေမယ်ကွာ"

"ပြောရမယ်၊ အဲဒါလေးကိုရရင် မင်း အပိုင်လက်စွမ်းပြထား။ တော်ကြာ မင်းနမ်းလိုက်လို့ အန်တီမာရေ စံချိန်သူငယ်ချင်းပေါ့ ရတနာ့ကို နမ်းလို့ဆိုပြီး လာတိုင်ရင် ငါပဲ မာမီ့လက်ချက်မိနေဦးမယ်"

"ဟာကွာ"

"ဟား ဟား ဟား"

စံချိန့်စကားနောက်မှာ အလင်းပြိုင် ရှက်ရိပ်နဲ့ မျက်နှာပါနီလာကာ သူငယ်ချင်းတွေက သဘောတကျ ရယ်ကြသည်။

"ကဲ လာ"

နောက်ဆုံး သူငယ်ချင်းရဲ့ဆန္ဒကို စံချိန်သစ် လျစ်လျူမရှုရက်။ ရှေ့က ဦးဆောင်ထွက်ခဲ့သည်။

သူငယ်ချင်းတွေလည်း အလင်းပြိုင်အတွက် တအားတက်ကာ နောက်က ခုန်ပေါက်ပါလာသည်။

အောက်ထပ်ရောက်တော့ ကိုကြီးက ဖုန်းပြောနေရင်း မသိမသာ အကဲခတ်ကြည့်သည်။

ခရာ တိုက်ထဲဝင်လာတာ တွေ့လိုက်ရသည်၊ ဘယ်ဆီမှာလဲလို့ သိချင်စိတ်ဖြစ်သည်မို့ စံချိန်သစ် စာဖတ်ခန်းလည်း ချောင်းကြည့်





သည်။ မမြင်။

ညှော်ခန်းမှာလည်း မရှိ၊ မီးဖိုခန်းထဲမှာလား။ ထိုအတွေးနဲ့ မီးဖိုဘက် ခြေလှမ်းလှည့်တော့ နေဝန်းက ဆွဲတားပြီး –

"ဘယ်လဲလို့"

မေးသည်။

"လာကွာ"

"ကိုကြီး ကျွန်တော်တို့ မကျောပ်ပဲ သွားတော့မယ်"

လို့ ပြောပြီး နေဝန်းနဲ့ သက်ဦးမောင်က စံချိန်သစ်ကို ဆွဲခေါ်သွားခေါ်။

အလင်းပြိုင်က တက်တက်ကြွကြွပဲ ကားမောင်းသူနေရာမှာ ဦးစွာ ဝင်ထိုင်သည်။ သူငယ်ချင်းတွေလည်း အမိုးပွင့်ကားပေါ် ခုန်တက်သည်။

စံချိန်သစ်လည်း ကားပေါ်ခုန်တက်ဖို့ပြင်လျှင် မျက်ဝန်းထောင့်မှာ ရိပ်ခနဲမြင်လိုက်သည်က ကိုလတ်နဲ့ခရာ။ သစ်ခွတိုင်တွေကြားမှာ။

ကိုလတ်က ဘာတွေပြောနေမှန်းမသိ။ ခရာက ကျစ်ဆံမြီးလေးကိုင်ပြီး ခေါင်းလေးငုံ့ ရယ်လိုက်ပြုံးလိုက်နှင့်။

ကိုလတ် ကတ်ကြေးနဲ့ ညှပ်ရှူးပေးနေတဲ့ သစ်ခွပန်းကိုင်ကို



www.burmeseclassic.com

www.burmeseclassic.com



ခရာ လှမ်းယူလိုက်နဲ့ ဟာမိုနီကျနေသည်။

ဒီမြင်ကွင်းက စံချိန်သစ် မြင်လွှာထဲ တကယ်ကြည့်မရတော့။ ရင်ထဲက အနည်ထလာကာ အီနေတဲ့နှစ်ယောက်ကို တစ်ခုခုလုပ်ဦးမှာလို့လည်း အကြံရသည်။

မျက်လုံးကလည်း ရတနာ့ကိုပက်ဖို့ အသင့်ရှိနေတဲ့ ရေဖလားကြီးကို ကားပေါ်မှာမြင်သည်။

ကားဝမ်းထဲရှိ တန်းပေါ်တင်ထားတဲ့ ငွေရောင်ရေဖလားကြီးကို စံချိန်သစ် ပွေ့ပိုက်ယူလျှင် –

“စံချိန် ဒါ ရတနာ့ကိုလောင်းဖို့ကွ”

ကားမောင်းသူနေရာမှာထိုင်နေတဲ့ အလင်းပြိုင်က ထအော်သည်။ စံချိန် ဘာမှမပြောဘဲ ရေဖလားကြီးမ,ကာ သစ်ခွတိုင်းဘက် ခြေသံမကြားအောင် လှမ်းသွားသည်။

ရောင်စုံနှင်းဆီပွင့်ဖတ်တွေက ပြည့်လုနီးပါး ဖလားမျက်နှာပြင်မှ အလှသွေးကြွယ်ကာ ရေမွှေးရနံ့ကလည်း ထုံအီအီမွှေးမြနေသည်။

ချစ်သူအတွက် ကဗျာဆန်ဆတ် သွန်းလောင်းဖို့ အသင့်ပြင်ထားတဲ့ အလင်းပြိုင်ရဲ့ရင်ခုန်သံတွေ မငြိမ်သက်တော့ပါ။

ဒီကောင် ဘာလုပ်မလဲဆိုတာ ဒက်ခနဲ သဘောပေါက်သွား





သည်။ တားလို့လည်း ရမှာမဟုတ်မှန်းသိတော့ မတားဘဲ လွှတ်ပေးလိုက်သည်။

နေဝန်း၊ ဇယားနဲ့ သက်ဦးမောင်က လက်ရုံးဆန့်အားပေးလေသည်၊ စံချိန်က သစ်ခွပန်းတိုင်တွေနားရောက်သည်နှင့် လက်နှေးမနေတော့ပါ။

ကိုလတ် ကတ်ကြေးနဲ့ညှပ်ပေးသော ခရမ်းရောင်စိုအီကာ အလှသွေးကြွယ်နေသည့် သစ်ခွပန်းခိုင်ကို ခရာ လှမ်းယူလေသည်။

ထိုအခါ –

“အိုး”

ခရာ ခေါင်းပေါ်မှ ဝေါခနဲပြိုကျလာတဲ့ ရေမွှေးအီနေသော ရေတွေ အေးခနဲ, မွှေးခနဲ ဖြစ်သွားသည့်နောက်မှာ ပွင့်ဖတ်ရောင်စုံတွေလည်း ရေနဲ့အတူ လွင့်ကျလာမှ –

“ဟင်”

ခရာ ဟင့်ခနဲဖြစ်သွားပါသည်။

“ဟာ”

ကိုလတ် ဟာခနဲဖြစ်ကာ ခရာနောက်ဘက် ခေါင်းအထက်မှ ရေဖလားကြီးနဲ့ လောင်းချနေတဲ့ စံချိန်ကို မြင်သွား၏။

“အဲ စိုကုန်ပြီ၊ မ မလောင်းနဲ့လေ”



www.burmeseclassic.com

www.burmeseclassic.com



ခရာဆီမှ ဟန့်တားသံ ခန္နီခနဲ့ထွက်လာသလို။

"ညီ"

လို့ခေါ်တဲ့ ကိုလတ်အသံ။

ကိုလတ်နဲ့ခရာရဲ့အဒီဇာတ်လမ်းကို စံချိန်သစ် အမိအရဝ
နောက်ပြီးသည်နှင့် ဖလားလေးပိုက်ကာ သုတ်ခနဲ ပြေးထွက်ခဲ့သည်။

နေဝန်းတို့က လက်ခုပ်လက်ဝါးတီးသည်။ အလင်းပြိုင်က
တော့ သူငယ်ချင်းကို အပြစ်မမြင်စွာ ရယ်ပြီး ကားစက်နှိုးသည်။

"ဟာ စို စို ရွဲကုန်ပြီ ဟင့် ဟင့်"

ခရာရဲ့အသံကို စံချိန်သစ် နားမဆင်။

ကားပေါ် လွှားခနဲ ပြေးတက်သည်နှင့် အလင်းပြိုင်က ကား
ကို လျှောခနဲ မောင်းထွက်သွားလေသည်။

"ရေ ရေ ရေတွေ စိုကုန်ပြီ ကိုလတ်ရယ်"

"ဝါး ဟား ဟား"

ရယ်သံတွေ ကားနောက်က ပါသွားသည်။ မှတ်ထား ခရာ
ပုံကသာ တုံးတာ ရေစိုမှာကြောက်လို့ ရေပက်ခံမထွက်တဲ့ ဟာကလေး
ခတော့ ဘာတတ်နိုင်သေးလဲ။

ပြီးတော့ ခရာ ရေလောင်းခံရတာကို အိမ်မြှောင် အမြီးပြတ်
သလို ဇွေ့ဇွေ့ခုန်မတတ်ဖြစ်နေတဲ့ ကိုလတ်။





ခုန်လိုက်စမ်းပါ ကိုလတ်ရယ်။ ခရာကို ဆက်ပြီး မရတော့
လို့ မဟုတ်လား။

ကောင်းတယ်၊ မလန်းတဲ့ဒီဖိုင်းကို လိုက်အီနေတော့လည်း
ကျက်ပေးတာ စိတ်မဆိုးပါနဲ့ ကိုလတ်။ ညီကိုချင်း မဟုတ်ဘူးလား။
ဝါး ဟား ဟား။

အားလုံးရဲ့ရယ်မောသံတွေကြားမှ စံချိန်သစ်ရဲ့ရယ်သံ
အကျယ်ဆုံးဖြစ်လို့နေကာ ရေတစ်ဖလားနဲ့ တစ်ချက်ခုတ် နှစ်ချက်
ပြတ်လေ။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

အခန်း (၁၂)

"ပက် ပက် ဟိုကောင်မလေးမျက်နှာ ကျွတ်ကျွတ်သွားအော
ပက်"

"ဟာ စံချိန်၊ မရင့်နဲ့နော်၊ အား"

"ဗွမ်း"

"ပြောလေ ကဲလေပါလား၊ တော်ပါတော့လို့ ပြောနေ
ဦးစွာ"

"မတော်နိုင်ဘူး၊ သကြံန်ကျလို့ ရေပက်တာ ဘာဖြစ်
ပက်မှာပဲ၊ ညည်းတို့တစ်ကိုယ်လုံးမှာ အညစ်အကြေးတွေ ဖွတ်
နေလို့၊ သကြံန်ရေနဲ့ ဆေးပေးတာ၊ ဟီး နောက်ထပ်ပက်ပြီ"

"ဗွမ်း"





ဟိုဘက်တစ်လမ်းကျော်က ချောစုစုဆိုတဲ့ ခပ်ကဲကဲကောင်မ
လေး။ စံချိန်သစ်တို့ အမြင်ကတ်နေတာကြာပြီ။

ပေါင်တစ်ဝက်သာသာ ဘောင်းဘီအနီရဲရဲနှင့် ဟန်ရေးပြကဲ
နေရုံမက ရေပက်ခံကားပေါ်က ကောင်လေးတွေကို မျက်လုံးနဲ့ မြူ၏။
ကိုယ်နေဟန်လေး လှုပ်ရှားပြနှင့်။ ရေပိုက်ကြီးသာ ကိုင်ထားပြီး ရေ
မပက်ဘဲ လှလုံးပြနေတာကြောင့် စံချိန်သစ် မျက်စိနောက်လှသည်။

စံချိန်သစ် သူငယ်ချင်းတွေကို မျက်ရိပ်ပြ၏။ နေဝန်းတို့က
လောက်ဆီ သဘောပေါက်ပြီးသား။ ဖလားကိုယ်စီကိုင်ပြီး ဝိုင်းပက်
၏။

ထိုအခါ ရေတွေမှုန်းကာ ဟန်ရေးပြမရဖြစ်သွား၏။ ရှူးရှူး
ရှားရှားနဲ့၊ စံချိန်သစ်တို့ဘက် လှည့်လာရင်း ဟန့်တားလေသည်။
စံချိန်သစ်တို့က မမှု။

ချောစုစု လက်ကာခြေကာနဲ့ ဟန့်တာပြောလေ စံချိန်သစ်တို့
ဝိုင်းပက်လေနဲ့ မဏ္ဍပ်တစ်ခုလုံး ညံစီသွားသည်။

ရေပက်ခံကားတွေရော မဏ္ဍပ်ထဲရှိသူတွေကပါမကျန် ခုန်ဆွ
ခုန်ဆွနဲ့ ဟန့်တားနေသည့် ချောစုစုကိုကြည့်ရင်း ရယ်ကြသည်။

စံချိန်သစ်တို့ကိုလည်း လက်ခုပ်လက်ဝါးတီး၍ အားပေး၏။
ချောစုစုကို အမြင်ကတ်လို့ ရေပက်လို့ကောင်းနေတုန်း အလင်းပြိုင်



www.burmeseclassic.com

www.burmeseclassic.com



စံချိန်နားကပ်လာပြီး ပြောသည်။

"ဟိုမှာ ရတနာ လာနေပြီကွ"

ပခုံးတိုက်ကာ မေးထိုးပြတဲ့ဆီ စံချိန်သစ် လှမ်းကြည့်သည်။ မဏ္ဍပ်အနောက်ဘက်ဆီမှ ဝင်လာပြီး မျက်လုံးက စံချိန်သစ်ကို ရှာနေသည်ထင်ရသည်။

"မင်းကို တစ်ခုခုပြောစရာရှိလို့ထင်တယ်၊ အခြေအနေကြည့်ပြီး ငါ့ကို လမ်းခင်းပေးကွာ"

အလင်းပြိုင် ရောဂါအရှိန်တက်နေလေသည်။

"အေးပါကွာ"

ပြောရင်း ချောစုစုကို ရေပိုင်းပက်နေတဲ့အစီအစဉ် အလိုလို ရပ်လိုက်ရသည်။ ရေစည်ဘက် စံချိန်ပြန်လှည့်လာတော့ -

"ဟော့ စံချိန် လာဦး"

ရတနာ လှမ်းခေါ်တာကို စံချိန်သစ် မကြားသလိုလို ဘာလိုလို လုပ်လိုက်သေးသည်။ ရတနာ အားမလို အားမရဖြစ်ကာ ရှေ့တိုးလာသည်။

အလင်းပြိုင် သူ့အကြောင်းနဲ့သူမို့ စံချိန်ကို ပခုံးနဲ့တိုက်ပြီး ရတနာ့ရှေ့ ပိုင်းတွန်းပို့၏။

"ငါခေါ်နေတာ မကြားဘူးလား စံချိန်"





ရတနာ့အသံ နည်းနည်းတင်းနေသည်။ ဘာကို မကျေနပ်ဖြစ်သည်မသိပါ။

"ကြားသားပဲ"

လို့ ထုံးစံအတိုင်း မမှုသလိုပြောသည်။ ရတနာ့မျက်နှာလေး ပိုတင်းသွားကာ -

"ကြားရင် ထူးပါလား၊ အဲဒါကြောင့် နင်နဲ့ငါ မတည့်တာ"

"မတည့်ရင် မခေါ်နဲ့"

"အောင်မာ၊ ငါက အကြောင်းမဲ့ ခေါ်နေတာ မဟုတ်ဘူး၊ ကိစ္စရှိလို့၊ ဒီမှာ ခရာကို နင် ရေလောင်းလိုက်တယ် မဟုတ်လား"

စံချိန်သစ် ပခုံးပင့်ကာ ပြုံးမိသွားသည်။ ရေဖလားကို လက်ချောင်းကလေးများနဲ့ သဘောတကျ တီးခေါက်ရင်း ရတနာ့ကို ကြည့်သည်။ ရတနာက မေးတာချက်ချင်းမဖြေလို့ လက်တစ်ဖက် ခါးထောက်၏။

"ပြောလေ၊ မနက်က သစ်ခွပန်းခူးတုန်းက ကိုလတ်လည်း ပါနေတယ်၊ နင် ငြင်းလို့မရဘူး၊ ပြော ခရာကို ဘာလို့ရေလောင်းတာလဲ"

ခရာကိုထိလို့ ဆတ်ဆတ်ထိမခံဖြစ်နေတဲ့ ရတနာ။ အဲဒါကြောင့် ရတနာကို အမြင်ကတ်၏။ ရေလောင်းတာကို ရေးကြီးခွင်



www.burmeseclassic.com

www.burmeseclassic.com



ကျယ်လုပ်ပြီး ရတနာကို အသိပေးတဲ့ ခရာကို ပိုရှ်အမြင်ကတ်ကာ

"ဟ နေ့ရောင်းတာပဲ ဘာဖြစ်လဲ"

"ဘာဖြစ်ရမလဲ၊ ခရာက ရေအစိုမခံချင်လို့ ငါနဲ့တောင် လျှောက်မလည်တာ နင်သိသိကြီးနဲ့၊ ဘာလို့ ရေလောင်းရတာလဲ"

"သင်္ကြန်ကျလို့ လောင်းတယ်ကွာ၊ ဘာဖြစ်လဲ"

စံချိန်သစ် ဘုတောနေတာကြောင့် ရတနာ ပိုရှ်ခံပြင်းသည်။

"နင့်ကို တိုင်မယ်၊ အန်တီမာနဲ့"

"တိုင်လေ၊ တိုင်ပေါ့ဟ၊ နောက်ထပ် တိုင်ချင်ရင် ရသေးတယ်၊ ရတနာ၊ သင်္ကြန်ကျလို့ ရေပက်တာ၊ ရေပက်ရုံမကဘူး ရည်းစားစကားလည်း ပြောလို့ရသေးတယ်"

"ဘာ"

ရတနာ ဘာခန့်ဖြစ်ကာ လှည့်ထွက်သွားဖို့ ပြင်တဲ့ခြေလှမ်းက စံချိန် ရှေ့ပိတ်ိုးလာသည်။ လက်တစ်ဖက် ခါးထောက်မဖြုတ်သေး။ ကျန်လက်တစ်ဖက်က ရှေ့တိုးလာကာ လက်ညှိုးတရမ်းရမ်းနဲ့ မေးသည်။

"ဘာ ဘာပြောတယ်၊ ပြန်ပြောစမ်း၊ နင်က ငါ့ကို ရည်းစားစကားပြောမလို့ ဟုတ်လား"

စံချိန်သစ် ပါက်ခနဲရယ်ပြီး –





"ငါပြောမှာ မဟုတ်ဘူး၊ အလင်း နင့်ကို ချစ်နေတယ်တဲ့ ရတနာ၊ အလင်း မင်းပြောတော့"

စံချိန်နောက် ရပ်နေရာမှ ရင်ခုန်သံမြန်နေရှာတဲ့ အလင်းပြိုင်။ ရုတ်တရက် စံချိန်ပြောချပြီး ရတနာ့ရှေ့တွန်းပို့၍ အလင်းပြိုင် ပျာယာခတ်သွားသည်။

"ဘာ ဘယ်လို အလင်းက"

"ဟုတ်တယ်၊ အလင်းက နင့်ကို ချစ်နေတာတဲ့၊ ဒီနေ့ နင်မလျှော်ကို လာမယ်သတင်းရထားလို့ ဒီကောင်လာစောင့်နေတာ"

ရတနာ ထင်မှတ်မထားသည်မို့ ပါးစပ်ဟောင်းလောင်းဖြစ်ကာ သူမရှေ့ရောက်လာတဲ့ အလင်းပြိုင်ကိုတစ်လှည့်၊ ရယ်ကျဲကျဲနဲ့ ရှိနေတဲ့ စံချိန်သစ်ကိုတစ်လှည့် ကြည့်ရင်း ဘာပြန်ပြောရမှန်းမသိအောင် ကြောင်ပျက်သွားသည်။

"ဟုတ် ဟုတ်ပါတယ် ရတနာရယ်၊ ကိုယ်က"

"တော်တော့"

ရတနာ ရှက်သွားကာ အသံကုန်အော်ပစ်၏။ အလင်းပြိုင်ကားလမ်းတစ်ဝက်တင် တိခနဲရပ်သွားကာ စိုးရိမ်စိတ်လှုပ်ရှားပြီး ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်လေသည်။

စံချိန်ကတော့ မမှုပါ။ သူ့စရိုက်အတိုင်း မှန်တေတေနှင့်



www.burmeseclassic.com

www.burmeseclassic.com



ဖလားကို လက်ချောင်းလေးနဲ့ တီးခေါက်မပျက်ပြောသည်။

"နင် ဒီလောက်အတိုင်းအတောထူတယ် မဟုတ်လား။ သွား တိုင်လေ၊ သင်္ကြန်ကျလို့ ခရာကို ငါ ရေလောင်းတယ်၊ ဒီသင်္ကြန်မှာ နင့်ကို အလင်း ချစ်တယ်လို့ ငါပြောပေးတယ်၊ မကျေနပ်ရင် နင့် သဘော၊ ကြိုက်သလိုတိုင်"

"ဟင်"

ရတနာ တစ်ကိုယ်လုံး ရှက်သွေးဖြာကာ အားလုံးဝိုင်းကြည့် နေသည်မို့ ရှက်ပြီးရင်း ရှက်လို့မဆုံးတော့ပေ။

ကြည့်စမ်း သူမ လာတာက ခရာကို ရေလောင်းတဲ့ကိစ္စ ပြောမလို့။ အခုတော့ ရတနာ့ကို အလင်းပြိုင်နဲ့ တည့်တည့်ကြီး အောင်သွယ်စကားပြောနေတဲ့အဖြစ်။

ထင်မှတ်မထားတဲ့ကိစ္စမို့ ရတနာ ရှက်သွားတာပဲ သိတယ်။

"တိုင်မယ်၊ တိုင်မယ်၊ အားလုံးကို တိုင်မယ်"

လို့ သိမ်းကျုံးပြောပြီး လှည့်ထွက်ခဲ့တာ ရှက်လွန်းလို့ပဲ ဖြစ်သည်။

"စံချိန် ပြဿနာကြီးပြီထင်တယ်ကွ"

အလင်းပြိုင် စိုးရိမ်တကြီးပြောသည်။ စံချိန်က သဘောကျ စွာ ပြုံး၏။ ရှက်ရိပ် ဒီဂရီမြင့်တက်သွားတဲ့ ရတနာ့မျက်နှာပေါ်က





စကားလုံးတွေကို စံချိန် ဖတ်တတ်တာကြောင့် –

"ပြဿနာက မင်း စွံမယ့်ပြဿနာ"

"ဟာ ဟိုမှာ ရတနာ ဘယ်လောက်ရှက်သွားသလဲကွာ"

"အေး အဲဒီရှက်သွားတာကိုက မင်းရင်ခုန်သံ ရတနာ့နှလုံး သားထဲ ကူးစက်သွားလို့ပဲ၊ မယုံရင် မင်းစောင့်ကြည့်"

စံချိန်ပြောတာ အလင်းပြိုင် ယုံရအခက် မယုံရအခက် ဖြစ် သွားသည်။ ဟုတ်ရဲ့လား။

ရတနာ့နှလုံးသားထဲ သူ့ရင်ခုန်သံ ကူးစက်သွားတာလား။ မဟုတ်လို့ကတော့ အတိုင်းတောထူတဲ့ ရတနာ့ကြောင့် လူကြီးတွေ အားလုံး သိပြီး ပြဿနာတွေ တက်ကုန်ရင်း။

အလင်းပြိုင် ဆက်မတွေးရဲ၊ စံချိန်က အေးရာအေးကြောင်း ပဲ စည်ထဲ ရေတစ်ဖလားပြန်ခတ်ကာ ချောစုစုကို ဝေ့ကြည့်၏။

ချောစုစုခမျာ စံချိန့်လက်ချက်ကိုရှောင်ပြေးတာ ရတနာ ရောက်လာကတည်းကဖြစ်မှန်း စံချိန်သစ် ခုမှသိလေသည်။

စံချိန်သစ်က တစ်မျိုး။ မျက်စိနောက်လာရင် ဘယ်သူ့ကိုမှ အလွတ်မပေးတတ်ပေ။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

''ရတနာ''

''ရတနာ''

မဏ္ဍပ်က ချက်ချင်းဆိုသလို ပြန်ရောက်လာတဲ့ ရတနာ။ မျက်နှာက တင်းပြီး သုန်မှုန်နေသလို ရှက်ရိပ်တွေကြောင့်လည်း ရဲနေလေသည်။ ဘာဖြစ်တာလဲ မေးတော့လည်း မဖြေ။

အပေါ်ထပ်ကို တဒုန်းဒုန်း တဒိုင်းဒိုင်းပြေးတက်သွားသည်။ ခရာ လှမ်းခေါ်ရင်း နောက်က လိုက်ပါလာသည်။ အခန်းထဲ တန်းဝင်သွားတဲ့ ရတနာ။ မွေ့ရာပေါ် အိခနဲ ထိုင်ချရင်း –

''တောက် သက်သက်လှုပါးဝတာ''

လို့ အရှက်မပြေနိုင်ဘဲ ရွတ်၏။





''ဘာလို့သွားပြောရတာလဲ ရတနာရယ်၊ သကြာန်မို့လို့ ရေလောင်းတာပဲ အပြစ်ပြောလို့ ဘယ်ရမလဲ၊ ခရာ စိတ်မဆိုးပါဘူး၊ အဲဒါကြောင့် သွားမပြောနဲ့လို့ ခရာ တားတာပေါ့၊ ရတနာသွားပြောတော့ စံချိန် ဘာညာပြောလိုက်တာ မဟုတ်လား၊ ခရာ့ကြောင့် အပြောခံရတော့ ခရာလည်း စိတ်မကောင်းဘူး''

ခရာက ထင်ရာစွတ်ပြောလာသည်။ ရတနာ မျက်နှာကြီး ဆူပွပြီး –

''အို မဟုတ်ဘူး၊ ပြောတာက တခြား''

''ဘာပြောတာလဲဆိုတာ ခရာ့ကို ပြောဦးလေ၊ ခရာ့ကို ရေလောင်းတဲ့ကိစ္စနဲ့ ရတနာ သွားပြောတာ မဟုတ်လား၊ ခရာ အဲဒါပဲ သိတာ''

ပန်းခရာတို့က တုံးတယ်ဆိုတာ အဲဒါပဲ။ ရတနာ ပြန်ပြောပြဖို့လည်း ခက်နေသည်။

မွေ့ရာပေါ်က လေးထောင့်ပုံ ခေါင်းအုံးကြီးကို ဆွဲယူပွေ့ပိုက်ရင်း ရင်မှာလည်း ရှက်စိတ်က မပြေယ်နိုင်သေးမှန်း ခံစားရ၏။

ဂျစ်ကန်ကန်ပြောတဲ့ စံချိန့်မျက်နှာကို ပြေးမြင်သလို အလင်းပြင်ရဲ့ ခံစားချက်ပါသော ရင်ခုန်မျက်ဝန်းကိုလည်း မြင်ယောင်ကာ–

''ပြောလေ ရတနာ''



www.burmeseclassic.com

www.burmeseclassic.com



ရတနာ အနားမှာကပ်ထိုင်ပြီး ခရာ ဒါပဲ ထပ်တလဲလဲမေး လေ၏။ ရတနာ ဘယ်လိုစပြောရမလဲဆိုတာ ခက်ခဲလို့နေပါသည်။

''ခရာကြောင့် စံချိန်နဲ့ သွားပြီး မျက်နှာချင်းမဆိုင်ပါနဲ့ဟယ်၊ စံချိန်သစ်စရိုက်ကို ရတနာသိနှင့်တာပဲ၊ တော်ရုံကိစ္စလောက်ကို လျော့ ပစ်လိုက်ပါဟာ၊ ရတနာက ပြောလေ၊ သူက ကဲလေ လုပ်နေမှာပဲ၊ ခရာ သိတယ် စံချိန်က အရွဲ့တိုက်ချင်တဲ့ ဇ,လေးရှိတယ်၊ အန်တီမှာ့ ကို ကြောက်ရလို့ပေ့ါ၊ နောက်ဆို ဒီထက်ရွဲ့ဦးမှာ''

စံချိန့်အကြောင်း အချိန်တိုအတွင်း အကဲခတ်သိရှိသွားတဲ့ ပန်းခရာရယ်၊ ရတနာပဲ အနီးကပ်နေပြီး ဒီလောက် အကဲခတ်မတတ် တာလေ။ အကဲခတ်မတတ်လို့လည်း အခု ခံလာရတာ။

တကယ်ဆို သကြန်တွင်းမို့ ခရာ့ကို ရေလောင်းတာပဲ ရတနာ သည်းခံနိုင်ရမှာပေ့ါ။

ခရာက ရေစိုမခံချင်လို့ ရေပက်ခံတောင်မထွက်ဘဲ နေခဲ့ တာ။ ဟိုဘက်ခြံကူးပြီး ဘုရားပန်းသွားယူခါမှ စိုရွှဲပြီး ပြန်လာတာ မြင်ရတော့ ရတနာ့ရင်ထဲ ထောင်းခနဲ ထသွားသည်။

ဘာမှလည်း ဆင်ခြင်ဖို့ အသိတရားမမြင်တော့ပါ။ ရေစိုမခံ ချင်တဲ့သူကို ရေလောင်းရသလားလို့လည်း မကျေမနပ်တွေဖြစ်ကာ-

''နေဦး တွေ့မယ် စံချိန်''





လို့ ခပ်ကျိန်းကျိန်းလေး ရွတ်ပြီး ရင်ဆိုင်ဖို့ သွားခြင်း။ ခရာ တားနေရင်းကြားက ဖွတ်ထွက်သွားတဲ့အဖြစ်။ ရတနာ့ကိုယ် ရတနာ ပြန်မြင်ရင်း ရင်မှာ လှုပ်လှုပ်ရှားရှားဖြစ်သွားလေသည်။

ခရာတားတဲ့အတိုင်း မသွားဖြစ်ရင် အကောင်းသားလို့လည်း ယူဆမိသည်။ ခုတော့ လွန်ကုန်ပြီ။

''ကဲပါ စိတ်မကောင်းဖြစ်မနေပါနဲ့ ရတနာရယ်၊ ရတနာတို့ ငယ်ငယ်ကတည်းက ပေါင်းလာတဲ့ သူငယ်ချင်းတွေပဲဥစ္စာ၊ မွေမယူ ပါနဲ့၊ နောက်ဆို ဘာကိစ္စမှ အန်တီမှာ့ကို သွားမတိုင်နဲ့တော့ သိလား''

ချော့မော့ဖျောင်းဖျပြောနေတဲ့ ခရာကိုကြည့်ရင်း ရတနာ့ ရင်မှာ ပွင့်အန်မတတ်ဖြစ်ကာ -

''မဟုတ်ဘူးဟ၊ ခုဟာက''

လို့ စကားစမိပြီး စကားစလည်းဖြတ်ကာ ပွေ့ပိုက်ထားတဲ့ ခေါင်းအုံးကို တင်းနေအောင်ဖက်မိလေသည်။

ခရာက ရတနာ့မျက်နှာလေးကို စူးစမ်းသလို ငုံ့ကြည့်ရင်း မေးသည်။

''ဘာလဲ ရတနာ၊ ရတနာ့ကို ဟို ဘာညာပေ့ါ၊ ဘာညာဆို တာကလေ ရည်းစားစကား ပြောလိုက်လို့လား''

ခရာ့အထင်က ရတနာ့မျက်နှာရိပ်ကို အနီရောင်ကလေး



www.burmeseclassic.com

www.burmeseclassic.com



ချက်ချင်းပြောင်းလဲသွားသည်။ ရှက်နေတဲ့ ရတနာ့နှုတ်ခမ်းပါးလေးကလည်း ရှုလာသလို မျက်လွှာလေးချသည့်ကာလည်း ရင်ခုန်လှုပ်ရှားနေလို့ဖြစ်သည်။

ထိုအခါ ခရာ သဘောပေါက်သလိုရှိသွားပြီး –

စံချိန်နဲ့ပတ်သက်ရင် ဆတ်ဆတ်ကျဲရှိလှသော ရတနာရယ်ခုလို အမူအရာတွေ ပြောင်းနေတာက စံချိန် ရည်းစားစကား ပြောလို့ဖြစ်မှန်း ခရာ ကောင်းစွာ နားလည်သွား၏။

ဒါကြောင့် ကျေနပ်ပြုံးလေး ပြုံးကာ ရတနာက ပခုံးကိုဖက်၍ –

"ရတနာ ဒါများဟာယ် ရှက်စရာလားလို့"

"အိုး ရှက်တာပေါ့။ မဏ္ဍပ်ထဲမှာ လူတွေက အများကြီး။ ပြီးတော့ အလင်းပြိုင်ရှေ့မှာ ပေါ်တင်ကြီး ပြောတာလေ"

"သူငယ်ချင်းတွေပဲ မဟုတ်လား။ ဘာအားနာစရာရှိလဲ"

"အားနာတာ မဟုတ်ဘူး။ သူ ဒီလိုပြောစရာလား။ ပြီးတော့ ပြောသေးတယ်၊ အန်တီမာနဲ့ တိုင်ချင်ရင် သွားတိုင်တဲ့လေ၊ ဘယ်လောက် မျက်နှာပြောင်တိုက်သလဲဆိုတာကြည့်၊ အဲဒါကြောင့် မကျေနပ်တာ"

မကျေနပ်ဘူးလို့ ဟစ်ကြွေးနေတဲ့ ရတနာ့မျက်ဝန်းက ဒီလော





ရွှန်းလဲ့လို့နေပါသည်။

"မကျေနပ်တာ"

"အေးပေါ့"

"ဒါဆို အန်တီမာနဲ့ ပြန်တိုင်မယ်ပေါ့"

"တိုင်မယ်၊ အိုး"

စိတ်လိုက်မာန်ပါ ရတနာ ပြောပြီးခါမှ အိုးခနဲ အာမေဋိတ်သံနောက်မှာ မျက်နှာလေးနီရဲလျက် ရပ်တန့်သွားသည်။ ခရာ ပြုံးလျှင်ရတနာ မလုံမလဲဖြစ်လေပြီ။

"တိုင်လို့ရမတဲ့လား ခရာရဲ့"

"ဖြစ်ပြန်ပြီ၊ ရတနာက တစ်မျိုးပဲ"

"ဟုတ်တယ်လေ၊ အန်တီမာ့ကိုတိုင်ရင် လူကြီးတွေ သိကုန်မှာပေါ့၊ ပြီးတော့ စံချိန်က ကိုယ်စားပြောပေးတာ၊ အလင်းပြိုင်အတွက်လေ"

"ဟင်"

ခရာ လိုက်မမှီနိုင်တော့ပါ။ ဟင်ခနဲ ဖြစ်ရလေသည်။

မထူးတော့ပြီမို့ ရတနာ ပွင့်ပွင့်လင်းလင်းပဲ ပြောဖို့ ဆုံးဖြတ်ရလေသည်။ မပြောလို့လည်းမဖြစ်ပေ၊ ခရာက ခပ်တုံးတုံးလေးရယ်။

"ဟုတ်တယ် ခရာ၊ အလင်းပြိုင်က ရတနာ့ကို ချစ်နေတာ



www.burmeseclassic.com

www.burmeseclassic.com



တဲ့၊ စံချိန်စုတ် ပြောတာလေ၊ အလင်းပြိုင်ရှေ့တင်ပြောတော့ ရတနာ ရှက်တာပေါ့၊ ပြီးတော့လည်း ဂျစ်တိုက်ပြောသေးတယ်၊ ခရာ့ကို ရေလောင်းတဲ့ကိစ္စရော၊ အလင်းပြိုင် ချစ်နေတဲ့ကိစ္စ သူ ဖွင့်ပြောတဲ့ အတွက်ရောပေါင်းပြီး အန်တီမာ့ကို သွားတိုင်တဲ့လေ၊ ဘယ်လောက် ခံပြင်းစရာကောင်းတဲ့ စံချိန်အစုတ်ပလုတ်လဲ''

''ဟင့် ဟင့် ဟင့်''

ရတနာ့စကားနောက်မှာ ခရာ ကိုယ်လေးပင် လှုပ်ခါသွား သည်အထိ ရယ်မိသည်။ ရတနာက ရှက်ရိပ်မပြေသေးသလို ခံပြင်း မှု ဖျော့ဖျော့လေးပါသော မျက်စောင်းနဲ့ ခရာ ရယ်နေတာကိုကြည့် ပြီး ပြောသည်။

''အို ခရာက ဘာလို့ရယ်တာလဲ''

''ဟင့် ဟင့် စံချိန် ဂျစ်တိုက်ပြောတာကို သဘောကျလို့ဟဲ့''

''အေးလေ သူ ဒါပြောစရာလား''

''ရတနာ မတိုင်မှန်း တပ်အပ်သိလို့နေမှာပေါ့''

''အိုး မတိုင်ရင်''

ရတနာ့စိတ်က ထောင်းခနဲဖြစ်ကာ အကျင့်ပါနေတဲ့နှုတ်က ထိုသို့ပြော၏။ ပြောလို့ပင် စကားမဆုံးနိုင် ချက်ချင်း ရပ်တန့်သွား၏။

''တော်ပြီ တော်ပြီ ဒီအစုတ်ပလုတ်ကောင်နဲ့ မျက်နှာချင်း





မဆိုင်တာပဲကောင်းတယ်''

ရတနာ ဒါပဲပြောပြီး ပိုက်ထားတဲ့ ခေါင်းအုံးကို အားနဲ့ ဆောင့်ချ၏။ ပြီးတော့ ရယ်နေသေးတယ်။ ခရာကို မကျေမချမ်းကြည့် ၍ –

''တော်ပါတော့ ရယ်မနေနဲ့တော့၊ စံချိန်ဆိုတဲ့ကောင် သူ့ အလှည့်လည်း ရောက်ဦးမှာပဲ၊ အဲဒီတော့မှ ရတနာ့အကြောင်း ကောင်း ကောင်းသိစေရမယ်၊ ဟွန်း''

ရတနာ ဒါပဲပြောကာ ထိုင်နေရာမှ ဆတ်ခနဲထထွက်သွား ပြန်သည်။

ရတနာ ရတနာ –

ခတော့လည်း–

ခရာ ရယ်ရှိန်လေးသတ်ကာ ပြုံးမိသွားလေသည်။ စံချိန်သစ် ဂျစ်တိုက်သမျှ ခံလာရတဲ့အဖြစ်။

ရှင် သိပ်ရွဲ့တိုက်တာပဲ စံချိန်ရယ်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

တွဲရရွဲပွင့်နေသော ငုဝါပန်းခိုင်များက ခရော့မျက်လွှာကို

စားလို့နေပါသည်။

လေပြည်သုတ်ဖြူးရာနောက် လွင့်ပါလာတဲ့ ငုဝါပန်းရနံ့တို့

သင်းသင်းမြမြလေး မွှေးနေလျှင် ခရော့မျက်လုံးနဲ့ ခြေလှမ်းကိုက

ပင်ကြီးဆီ အရောက်လှမ်းခဲ့လေပြီ။

ခရာက ရွှေဝါရောင်တောက်ထိန်သော ပီတောက်ပန်း

ထက် အဝါရောင်နုလွှင့်သော ငုဝါပန်းကို နှစ်သက်၏။

ရွှေဝါအလုံးကလေးများလို ဝါဝါဝင်းသော ငုဝါပန်း

ကလေးများက မီးဆိုင်းမီးကိုင်းများ ချိတ်ဆွဲထားသလို ကိုင်းထက်

လွှဲခိုစီးပြီး ဖူးပွင့်နေသည်က ကြည့်၍ မငြီးဖွယ်ပေပဲ။





ငုဝါပန်းခိုင်ကို ဆံကေသာမှာ ပန်ချင်သော ခရော့စိတ်က

လည်း တားမရဆီးမရပါဘဲ။ ဒါကြောင့် တံချူလေးကိုင်ကာ အပင်

အောက် ရောက်ခဲ့လေသည်။

ငုဝါပင်ကြီးက ရတနာ့တို့လမ်းထဲဆိုပေမယ့် ရတနာ့တို့ခြံနဲ့

သိပ်မနီးလှပါ။ ဆယ်ခြံလောက်တော့ ခြားပါသည်။ လမ်းထောင့်ထိပ်

ဆုံး အုတ်တံတိုင်းခတ်ထားတဲ့ ခြံထဲမှာ လမ်းအပြင်ဘက် ကိုင်းမကြီး

တစ်ကိုင်း ထိုးထွက်နေတာ မြင်ရသည်။

ခရာ အားရဝမ်းသာပဲ တံချူလေးပင့်၍ ထိုကိုင်းမအောက်

ဝင်လျှင် –

"ဟော့ ရှတ် ရှတ်"

ခေါ်သံက ခရာကိုမှန်း သိသာသည်။ အသံထွက်ရာဆီ ခရာ

လှမ်းကြည့်ပေမယ့် ဘယ်သူ့မှ မတွေ့ရပါ။ အသံက ကြားရရုံနဲ့

စံချိန်သစ်မှန်း ခရာ မှတ်မိ၏။

"ဟော့ ငတုံးမလေး ဒီမှာ"

နောက်ထပ်ခေါ်သံကြားလို့ကြည့်ခါမှ ခြံစည်းရိုးထောင့်မှ

အုတ်တံတိုင်းနောက်မှ ခေါင်းလေးပြူထွက်ကာ ခေါ်နေတဲ့ စံချိန်သစ်။

ခရာ မျက်မှောင်ကြုတ်ကြည့်ပြီး –

"ဘာလဲလို့"



www.burmeseclassic.com

www.burmeseclassic.com



မကြည်လင်စွာ မေးသည်။ ဖေါ့ုးမလေးလိုခေါ်တာ ခရာ
စိတ်မကြည်လင်ပါ။ နောက်ကွယ်မှာ ခေါ်တာကတစ်မျိုးပေါ့။ ခုတော့
ပေါ်တင်ကြီးခေါ်တာက ခရာ မနှစ်မြို့ပေ။

မနှစ်မြို့ပေမယ့် ဘာလဲလို့ မကြည်လင်သံနဲ့ ခပ်ဆတ်ဆတ်
ပြန်ထူးတော့ –

"လာဦး မြန်မြန်"

ဟု လက်နဲ့ လှမ်းခေါ်သည်။ ခရာမသွားရင်လည်း တစ်မျိုး
ဖြစ်ဦးမယ်။ သွားပြန်ရင်လည်း စံချိန်က ဘုတောက်ပြောမှာ သေချာ
သည်။

ငုဝါပန်းတွေလည်း ခူးချင်လှပြီ၊ ခရာ့ဆန္ဒနဲ့ ချိတ်ုံချတ်ုံဖြ
နေတုန်း။

"ဟာ မြန်မြန်လာကွာ"

ထပ်ဆင့်ခေါ်ပြန်သည်။ ခရာ ဟိုကြည့်ဒီကြည့်နဲ့ တံချူလေ
ကို ခြံဝင်းဘောင်မှာ မှီထားပြီး ပုန်းနေတဲ့ ခြံထောင့်ဘက်ဆီ သုတ်
သုတ်လေး လာခဲ့သည်။

"လာ မြန်မြန်"

ခြေလှမ်းတွေ တုံ့နှေးနေတဲ့ ခရာ့ကို စံချိန်သစ် အားမရ
ဖြစ်ကာ ခရာ့လက်ကို လှမ်းဆွဲယူလေသည်။





"အိုး ရှင်"

ခရာ အော်နေတဲ့အသံလေး ဆက်မထွက်နိုင်တော့ပါ။ ခရာ့
ပါးစပ်ကို စံချိန်သစ် လက်ဖဝါးနဲ့ ဖိပိတ်ပြီး –

"ရှူးတိုးတိုး အသံမထွက်နဲ့"

"ဘာ ဘာ"

ခရာ လန့်လန့်ဖျပ်ဖျပ်နဲ့ ပါးစပ်ပိတ်ထားတဲ့ စံချိန်သစ်လက်
ကို ဆွဲဖယ်ပြီး မေးမလို့ စကားစရုံရှိသေးတယ်။

"မမေးနဲ့ဦး၊ ရှူးတိုးတိုး"

ပြောလည်း ပြောရင်း ခရာ့ကို ဆွဲခေါ်သွားတဲ့ စံချိန်သစ်က
ခြံစည်းရိုးဘေးက မြေမြောင်းကြီးထဲ ဆွဲခေါ်သွားတဲ့အတိုင်း ခရာ
ရှုန်းရင်းကန်ရင်း ကန့်လန့်ဖြတ်လေးပါသွားသည်။

"ဟိတ် ဘယ်ကောင်တွေလဲ၊ ငါ့ငုဝါပန်းတွေ လာခူးတာ၊
သတ္တိရှိရင် ထွက်ခဲ့စမ်း"

မကျေနပ်တဲ့အသံကြီး ထွက်ပေါ်လာသည်။

"ဟင်"

ထိုအသံကြောင့် ခရာ့မျက်လုံးလေး ပြူးသွားကာ ကြောက်
စိတ်၊ လန့်စိတ်လေး ဝင်လာ၏။ စံချိန်သစ် ဆွဲထားတဲ့လက်ကိုလည်း
မရုန်းတော့ဘဲ စံချိန်သစ်လက်ကို အားကိုးတကြီး ဆုပ်ကိုင်ပြီး –



www.burmeseclassic.com

www.burmeseclassic.com



"ဘယ် ဘယ်သူလဲဟင်း အဲဒါ"

လေသံလေးနဲ့ ခရာ ဖွဖွမေး၏။ စံချိန်သစ် နှုတ်ခမ်းနား ကန့်လန့်လုပ်၍ ခေါင်းတစ်ချက် ခါယမ်းသည်။ သဘောကတော့ တိတ်တိတ်နေ။ မမေးနဲ့ဦးပေါ့။

ခရာလည်း တိတ်တိတ်လေး ငြိမ်နေလျှင် -

"ထွက်ခဲ့လေကွာ။ ထွက်ခဲ့ကွ"

အသံပိုကျယ်လာသည်။ ခရာကြောက်စိတ်နဲ့ ကိုယ်လေးကြုံ့ကာ စံချိန်ကိုပဲ နားမလည်နိုင်စွာ မေးကြည့်သည်။

"မြန်မြန်ထွက်ခဲ့ကြ၊ ငါ့ယန်းတွေ လာလာဆိုးနေတဲ့ ကောင်တွေ ဒီတစ်ခါ ငါ့လက်ချက်နဲ့ ပွဲပြီးသွားမယ်။ ဒီမှာကြည့် လောက်လေးခွကြီး၊ တစ်ချက်တိရင် မောင်းကျောက်မှန်တဲ့ ကြက်လို ချာလပတ်လည်သွားစေရမယ်ကွ"

အသံ ပိုကျယ်လာသလို ပိုပြီးလည်း နီးကပ်လာသလို ရှိသည်။ ခရာလည်း ပန်းနိုးမရှုရသေးပါ။ ဘာကြောင့် ဒီလူကြီး ဒေါသထွက်နေတာလဲ။ ထိုလူကြီးစကားထဲကအတိုင်း လေးခွကြီး တရမ်းရမ်းဖြစ်နေမှာကို မြင်ယောင်ရင်း ခရာ တကယ်ကြောက်လာသည်။

"ဟေ့ကောင်တွေ ထွက်ခဲ့လေကွာ၊ ကြည့်ရှုဝံ့အကြောင်း သိသွားရစေမယ်"





ကြိမ်းဝါးနေတဲ့အသံ ပိုနီးလာတာကြောင့် နှစ်ယောက်သား ရေမြောင်းကြီးထဲ ပုန်းနေရတာ နောက်ကြောမလုံ။

မိလို့ကတော့ ဒီတစ်ခါ ကြယ်ခွေဝံလက်ချက်မိမှာ သေချာသည်။ ဒါကြောင့် ရေမြောင်း အရှေ့ဘက် လမ်းအောက်ရှိ သံပိုက်လုံးကြီးကို မြင်သည်နှင့် စံချိန်သစ် အားတက်သွားသည်။

ခရာ့လက်ကို ချက်ချင်းဆွဲ၍ ရေပိုက်လုံးအောက် ပြေးကူးသည်။ ပိုက်လိုင်းက လူတစ်ထိုင်မက ကျယ်ဝန်းတာမို့ တော်သေးသည်။

"ဟေ့ကောင်တွေ ထွက်ခဲ့ကွာ"

"အမေ့"

အသံက ကျယ်သလို ခြေသံပါ နီးနီးကပ်ကပ်ကြားရတာမို့ ခရာ လန့်ပြီးအော်၏။ စံချိန်သစ် ကမန်းကတန်း ပါးစပ်လှမ်းပိတ်သလို ခရာ့ကိုယ်လုံးကို သိမ်းဖက်၍ ပိုက်လိုင်းခေါင်းပိုက်ဝင်းထဲ နိုဝင်လေသည်။

ခရာမှာလည်း လန့်ဖျပ်ကြောက်ရွံ့တာတွေနဲ့ စံချိန် ရင်ခွင်ထဲ ရောက်မှန်းမသိ ရောက်၏။

ကြည့်ရှုဝံ့ ရေမြောင်းဘက်က ရှာသော်လည်း မတွေ့ရ။ မြို့ရှေ့မှာ ထောင်ထားတဲ့ တံချူတစ်ချောင်းသာမြင်ပြီး ဒေါသတွေ



www.burmeseclassic.com

www.burmeseclassic.com



တဖွားဖွားထနေသည်။

မနှစ်သကြန်တုန်းက သူ့ငုဝါပင်တစ်ပင်လုံးရှိ ပန်းတွေ အကုန်အစင် ခိုးခူးသွားကြတဲ့ စံချိန်သစ်တို့တစ်ဖွဲ့။

ဒီနှစ်လည်း သကြန်တွင်း လာခိုးခူးတာ ငိုပ်ခနဲ မြင်လိုက်ရ သည်။ ဒီကောင်တွေကိုမိရင် အပြတ်တွယ်မယ်ဆိုပြီး လောက်လေးခွ ကြီးတကိုင်ကိုင်နဲ့ စောင့်နေတဲ့ ကြယ်ရှုဝံ။

အပင်အောက်မှာ ငုတ်တုတ်ကိုစောင့်နေမှဖြစ်မယ်။ ဟုတ် တယ်။

✿

အတန်ကြာသည်အထိ ကြယ်ရှုဝံအသံ ထွက်မလာ။ ခြေသံ လည်း မကြားရတော့မှ ခရာ ကြောက်စိတ်ပြယ်ကာ သီချင်းစိတ်သည်း ပေါ်လာသည်။

"ခုနလူကြီးနဲ့ သူ ဘယ်လိုပတ်သက်လဲ"

စံချိန်သစ် ဟက်ခနဲရယ်လေပြီ။

"ကြယ်ရှုဝံကို အမြင်ကတ်လို့"





"ဘာဆိုင်လဲ"

"ဟာ ဒီလူကြီးက အမြင်ကတ်စရာကြီး၊ ဒီဝန်းကျင်မှာက ငုဝါပင် ရှားတယ်၊ ကြယ်ရှုဝံခြံထဲမှာပဲ ငုပင်ကြီးရှိတာဟ၊ ပြီးတော့ ပင်လုံးကျွတ် ပွင့်နေတာ တအားလှတယ်၊ မနှစ်ကပေါ့၊ ငါတို့မလျှော် အလှဆင်ဖို့ ငုဝါပန်းသွားတောင်းတာ မပေးဘူး၊ မပေးရင် ရောင်းလို့ ပြောတာလည်း မရောင်းဘူး၊ ဒါနဲ့ ငါလည်း အမြင်ကတ်လာရော၊ အေး မပေးလည်းရတယ်၊ မရောင်းလည်း ရတယ်ပေါ့၊ ဘာဖြစ်လဲ ငါတို့ ညတွင်းချင်း တစ်ပင်လုံး ပန်းအပြောင် ခိုးခူးပြီး သူ့ခြံရှေ့ပုံ ထားလိုက်တာ၊ မနက်ကျတော့ ပန်းပုံကြီးလည်း မြင်ရော ကြယ်ရှုဝံ ဒွေ့ဒွေ့ခုန်တော့တာပဲ"

ခရာ သက်ပလေးချကာ ပြုံးရအခက် မဲ့ရအခက်ဖြစ်သွား သည်၊ စံချိန့်မျက်နှာက သူ့လုပ်ရပ်အတွက် သူ ကျေနပ်အားရဖြစ်ကာ ဆက်တိုက်ပြောလေသည်။

"ကြယ်ရှုဝံ ဒွေ့ဒွေ့ခုန်လေ ငါတို့ပျော်လေ၊ ကြယ်ရှုဝံ ငါတို့ မှန်း ဘယ်လိုရိပ်မိသွားတယ်မသိဘူး နောက်တစ်ခါဆို အမိပဲဆိုပြီး ကြိမ်းထားတာဟ၊ ဒီနှစ်သကြန်လည်းကျရော အပင်အောက်က တစ်ဖဝါးမှမခွာဘဲ ထိုင်စောင့်နေတာ၊ ငါတို့လည်း ကြယ်ရှုဝံအလစ် ချောင်နေကြတာ၊ ကြားထဲမှာ နင်က ကန့်လန့်ကန့်လန့်နဲ့"



www.burmeseclassic.com

www.burmeseclassic.com



ခုမှပဲ ခရာ ဖတ်ရှည်လည်သည်။

"ခရာကမှ မသိတာ"

"အခုသိပြီ မဟုတ်လား"

ခရာ ခေါင်းလေးညိတ်လိုက်ရပေမယ့် စိတ်ထဲမှာ တစ်မျိုးဖြစ်နေသေးသည်။

"သိပါပြီ၊ ဒါပေမဲ့ ခရာက သူတို့လို တစ်ပင်လုံး အပြောင်အစင်ခူးမှာ မဟုတ်ဘူး၊ တစ်ခက်နှစ်ခက်ပဲ ခူးမှာ ခူးပြီးလည်း ခြံရှေ့ပုံချထားဖို့ မဟုတ်ဘူး၊ နောက်တွဲခံထိုးလှလှလေးထိုးပြီး ငှငါနိုင်ကိုခွေပြီး ပန်လေ"

"ဟွန်း အရေးထဲ ပန်းကြိုက်ခင်မနဲ့ လာတွေ့နေတာယ်၊ အဲဒါတွေကြောင့် နင့်ပုံကိုကြည့်မရတာ"

"အောင်မာ"

ခရာ့မျက်နှာလေး ရန့်လိုဖွာ ဆူထဲ လက်တစ်ဖက် ခါးထောက်မလို့လုပ်ပေမယ့်မရ၊ စံချိန်က ပွေ့ဖက်ထားသည်မို့။

"ဟင်"

ခုမှပဲ အသိဝင်လာကာ ရှက်မျက်စောင်းထိုးရင်း –

"ဖယ် လွှတ်"

ဟု စံချိန့်လက်တွေကို ခါပစ်သည်။ ဒီလောက်ကြာတော့





မရှုန်းဘဲ အတူတူပုန်းလာပြီးမှ –

ခုတော့ ဖုတ်ဖက်ခါဖြစ်နေတဲ့ ခရာ့ကိုကြည့်ရင်း စံချိန်သစ်အပြုံ့တိုက်ချင်လာသည်။ မျက်နှာလေး ရှုံ့မဲ့ပြီး ခါပစ်နေတဲ့ ခရာ။ စံချိန်သစ် တမင်ရှုံ့ကာ –

"မလွှတ်ဘူးကွာ၊ ဘာဖြစ်လဲ"

ပြောရင်း အကဲပိုပို ဆွဲယူ၏။

"ဟာ မလွှတ်လို့ရမလား။ ဖယ် လွှတ် အော်လိုက်မှာနော်"

"အော်လေ၊ ငါတို့နှစ်ယောက် ပိုက်လုံးထဲဝင်နေတာ လူသိကုန်မယ်၊ သိကုန်ရင် မေးကြမယ်၊ နင်နဲ့စံချိန် ဒီပိုက်လုံးထဲ ဘာလုပ်ဖို့ ဝင်နေတာလဲဆိုရင် ဘယ်လိုဖြေမလဲ"

"ဟာ ကြည့်စမ်း၊ သွား"

ခရာ အော်ရအခက်၊ ဖယ်ချရအခက်နဲ့ ဖြစ်ကာ –

ခရာ့ကို ချွေးဖက်သလို မျက်နှာချေစေ့ကြည့်ပြီး ဂျစ်တိုက်ပြောသည်က ခရာ့ရင်ခုန်သံကို မြန်စေသည်။ ထို့ပြင် မလုံမလဲဖြစ်ပြီး ခရာ ရှက်သွေးဖြာလာကာ –

"လွှတ်၊ လွှတ်ပါဆို"

"အဟင့်၊ ငါကလည်း ဖက်ထားချင်တာ မဟုတ်ဘူး"

"မဖက်နဲ့ပေါ့၊ ဖယ်ပါဆို"



www.burmeseclassic.com

www.burmeseclassic.com



"အမယ် သူကပဲ ဈေးကိုင်နေတယ်၊ ပုံတုံးကလေးကများ၊ ငါ့မှာဖက်လို့ရတဲ့ အလန်းဖယားတွေ အများကြီးရှိတယ်"

"ရှိရင် သွားဖက်လေ"

"မဖက်ချင်လို့ပေါ့ဟ"

ခရာ မျက်စောင်းလေးထိုးရင်း သူ့လက်ကို ဖယ်၏။ ထိုအခါ စံချိန်သစ် ဖြေလွှတ်ပေးရင်း–

"ငါက နင့်ကိုဖက်ချင်ထားချင်လို့ မဟုတ်ဘူး၊ ကြယ်မှုဝံ ဆိုတဲ့ ငနဲကြောင့်ကွ၊ နောက်ဆို နင်နဲ့ငါ ဖယားက အရှင်းကြီး၊ ဒီ ပိုက်လုံးထဲ ဝင်အောင်းနေစရာမလိုဘူး၊ ဖက်ထားဖို့ဆိုတာ"

"တော်ပါတော့ မပြောနဲ့တော့"

စံချိန်သစ်စကားမဆုံးခင် ခရာ ဖြတ်ပြောလိုက်သည်။ ခရာ စကားနောက်မှာ နှစ်ယောက်သား အကြည့်ချင်းဆုံကာ ပြုံးသည်။ ခရာကတော့ ရှက်လွန်းလို့ ပြုံးကာ ခေါင်းငုံ့ချသည်။

စံချိန်က မျက်လွှာမချ၊ အကြည့်လည်း မလွှဲ၊ စူးစိုက်ကြည့်မိသွားတာက မိနစ်ပေါင်းများစွာ။

အပြင်မှာတော့ လေပြည်သယ်ဆောင်သွားရာနောက် ငဝါ ရနံ့သင်းမြနေဆဲ။

✿ ✿ ✿



## အခန်း (၁၅)

မြင်စကတည်းက ပုံတုံးလေးမို့ အမြင်ကတ်၏။ ရှည်လျားတဲ့ ဆံပင်ကို ကျစ်ဆံမြီးနှစ်ဖက် ကျစ်ချပြီး ပါးပြင်နုနုမှာ ပါးကွက်ဝိုင်း လေး ကွက်ချထားတဲ့ပုံစံကို စံချိန်သစ် ကြည့်မရဖြစ်ကာ။

ထဘီနိုမ့်နိုမ့်နဲ့ ပုံရိုးအကျႌတွေချည်း ဝတ်စားထားသည်က ကြည့်မပျော် ရှုမပျော်နိုင်လှသည်။

ဒါကြောင့် မကြည့်မရှုဘဲနေသလို တွေ့လိုက်တိုင်း အမြင် ကတ်တဲ့စိတ်နဲ့ ရွဲ့စောင်းစောင်းတုံ့ပြန်ခဲ့သည်က အကြိမ်ရေများလှ သည်။

အခုတော့ နီးနီးကပ်ကပ်မြင်လိုက်ရမှ စံချိန်သစ် မြင်လွှာ မပိတ်နိုင်ဖြစ်လျက်။



www.burmeseclassic.com

www.burmeseclassic.com



နှိုပြာရောင်နုနု ချည်သားထဘီနိမ့်နိမ့်နှင့် ဇာနားတပ်ထားတဲ့ အင်္ကျီပုံရိုးလေးဟာ ကိုယ်လုံးကောက်ကြောင်းအမှီအမောက်တို့ ရှန်းကြ လို့ နေပါသည်။

ဆေးသားလည်းမရှိ ပုံလည်းဖော်မထားတဲ့ ခရာ့နှုတ်ခမ်းပုံ က အတော်လှမှန်း နီးနီးလေးဖြစ်နေမှ သိသာနေလေသည်။

မျက်တောင်လေးတွေ ယှက်ဖြာကော့ညွတ်လျက် ပါးကွက် ဝိုင်းထားတဲ့ ပါးကလေးမို့နေသည်မှာ ထိချင်တို့ချင်စဖွယ်။

နှာတံလှလှလေးနဲ့ မျက်ခုံးတန်းနှစ်သွယ်စိမ့်ညို့နေတာတွေ ကိုပါ သတိထားကြည့်လိုက်သည့်အချိန်တွင် စံချိန့်သစ်ရင်တွေ တလှပ် လှပ် ခုန်လာ၏။

"ဖယ် ပြန်တော့မယ်"

ဆိုပြီး မလုံမလဲဟန်လေးနဲ့ ရှက်စနိုးရှန်းထွက်သွားတဲ ပန်းခရာ။ မိနစ်ပေါင်းများစွာကြာသည့်အထိ စံချိန် ရင်ခုန်မပြယ်နိုင် ဖြစ်ကာ ပိုက်လုံးထဲက ထွက်ခဲ့ပြီးတဲ့ စံချိန့်ခြေလှမ်းက ဟိုနီးပုံ ဒီနိုးနိုးနဲ့ ဦးတည်ရာမဲ့နေလေသည်။

ထို့ပြင် အရာရာကိုလည်း မေ့လုလုဖြစ်ကာ –

"ဟာ ဟော့ စံချိန်"

"စံချိန် ငါတို့ကောင်တွေ ဒီမှာကွ"





"ဒီကိုလာ"

သူငယ်ချင်းတွေရဲ့ အော်ဟစ်ခေါ်ဆိုသံတွေ ကြားရသည်။ ခေါ်သံတွေကြောင့် စံချိန် အသိဝင်လာကာ လှည့်ကြည့်တော့ –

ရပ်ကွက်ထိပ်က ရွှေလက်ဖက်ရည်ဆိုင်ထဲမှာ ဖြစ်သည်။ အလင်းပြိုင်၊ နေဝန်း၊ ဖယားနဲ့ သက်ဦးမောင်တို့ လေးယောက်စလုံး စံချိန်ကို စိုးရိမ်တကြီး စောင့်နေခြင်းဖြစ်သည်။

စံချိန့်ခြေလှမ်းက လက်ဖက်ရည်ဆိုင်ဆီ ဦးလှည့်၏။

"ထိုင်ကွာ စံချိန်၊ ငါတို့ကောင်တွေ မင်းကို စိတ်ပူနေတာ ကို ကြယ်စူဝံနဲ့တွေ့ပြီး ပွဲတည်နေသလားလို့"

နေဝန်းက စကားလမ်းကြောင်းစသည်။ စံချိန် ထိုင်ခုံတစ် လုံးဆွဲယူကာထိုင်ပြီး မျက်ခုံးတွေ ပင့်တက်လျက် ပြုံးလေ၏။

ကြယ်စူဝံနဲ့ ထိပ်တိုက်တွေ့ပြီး ပြဿနာတက်နေပြီဟု စိုးရိမ် နေကြတဲ့သူငယ်ချင်းတွေ။

စံချိန်နှုတ်ခမ်းတို့ ပြုံးသွားတာမြင်တော့ မျက်မှောင်ကြုတ် ကြည့်၏။ ဖယားက အငွေ့တထောင်းထောင်းထနေတဲ့ လက်ဖက်ရည် ခွက်ကို ကိုင်မထားရာမှ တအံ့တသြကြည့်မေးသည်။

"မင်းက ဘာပြုံးတာလဲ၊ ငါတို့ကောင်တွေ တကယ်စိတ်ပူ နေတာကွ"



www.burmeseclassic.com

www.burmeseclassic.com

ဖယားစကားနောက်မှာ ပြုံးနေသော စံချိန့်နှုတ်ခမ်းတို့
ပွင့်ဟသွားကာ ဟက်ခနဲ ရယ်မိပြီး -

"မင်းတို့ကလည်း ပူရန်ကော"

"ပူရတာပေါ့ကွ၊ ကိုကြယ် ရေလည်ကို စေးထားတာကွ၊
လေးခွကြီးက ဟဲဗီးကြီးမောင်၊ လက်စမှန်အောင်ကျင့်ပြီး အသေ
အချာစောင့်နေတာကွ၊ မင်းကိုမြင်တာနဲ့ ရှိုးခနဲ ရှိုးခနဲ ခေါ်ထည့်ရင်"

"နားစမ်းပါကွာ၊ ကြယ်ရှုဝံဆိုတဲ့လူကြီးလောက်ကို မမှုဘူး
ဒီလူကြီး အပြင်သွားမယ့်အချိန်ကို ငါ စောင့်ချောင်းနေတာ၊ ဒီလူကြီး
အပြင်မသွားရသေးဘူး၊ ခြံရှေ့ကို တံချူတစ်လက်နဲ့ ပန်းခရာ ရောက်
လာတာကွ"

"ဟာ ဒီပုံတုံးမလေး ဘာမှမသိဘဲနဲ့ ပြဿနာထဲ တိုးဝ
နေပါလား၊ တကယ့် ငအူမလေး"

သက်ဦးမောင် စိတ်ပျက်တဲ့လေသံကြီးနဲ့ ပြောသည်၊ စံချိန့်
နှုတ်ခမ်းစုချွန်ကာ ရှိုးခနဲ လေချွန်၏။

စံချိန့်အမူအရာတွေ ထူးခြားနေတာမို့ တိတ်ဆိတ်စွာ န
ထောင်နေတဲ့ အလင်းပြိုင်၊ တစ်ခုခုကို နားလည်သလို ရှိလာသည်
ထိုကြောင့် -

"အဲဒီတော့"





လို့ အလင်းပြိုင် စကားထောက်ပေးသည်။ ရေနွေးခွက်
လွှတ်ကို လက်ချောင်းလေးနဲ့ လှည့်ပတ်ကစားရင်း စံချိန်ဆိုသည်။

"အဲဒီတော့ ဘာဖြစ်မလဲ မင်းတို့ပဲ စဉ်းစားကြည့်"

"ဒါဆို ကြယ်ရှုဝံနဲ့ပန်းခရာ ထိပ်တိုက်တွေ့ရောလား"

"ဘယ်တွေ့မလဲ၊ ငါနဲ့တွေ့တာပေါ့ကွ"

"ဘာ"

အားလုံးနားရှုပ်သွားၾ၏။ စံချိန်က ပခုံးလေးပင့်ရင်း ဟန်ပါ
ဆက်ပြောသည်။

"ဟုတ်တယ်၊ ပန်းခရာ ငအူမ ငါနဲ့တွေ့တာပေါ့ကွ၊ ကြယ်ရှုဝံ
တွေ့သွားလို့ကာ မချောင်ဘူး၊ ကြယ်ရှုဝံဆိုတဲ့လူအကြောင်း မင်းတို့
လည်း သိသားနဲ့၊ သူ့ပန်းထိရင် နည်းနည်းမှ ခံမယ့်လူကြီး မဟုတ်
ဘူး၊ ဟိုငအူမလေးကလည်း အကြောင်းမသိ ဘာမသိ လာရူးတာ၊
ကြယ်ရှုဝံကလည်း ခြံထဲမှာ ရှိနေတယ်၊ အခြေအနေက မီးပွင့်မယ်ဆို
တာ ငါသိတယ်၊ ဒါကြောင့် ပန်းခရာကို ငါ ခေါ်တယ်"

"ပန်းခရာ လာရဲ့လား"

အားလုံးမျက်လုံးတွေ စိတ်ဝင်တစား တောက်ပလျက်။
များထဲက ရေနွေးနွေးကို ရေနွေးခွက်ထဲ စံချိန် ငှဲ့ထည့်သည်။

"မြန်မြန်ပြောကွာ၊ ငတုံးမလေး မင်းခေါ်တာနဲ့ လာရော



www.burmeseclassic.com

www.burmeseclassic.com



လား''

နေဝန်းက နေရာတကာ ချက်ချင်းသိရမှ၊ ချက်ချင်းသိ မသာ၍ စိတ်က လောကာ ဒါပဲ ထပ်တလဲလဲ မေးတတ်၏။ အ လည်း စံချိန် အချိန်ဆွဲနေတာကို စိတ်မရှည်ပဲ ထပ်မေး၏။

''အင်း''

စံချိန် ရေနွေးတစ်ငုံ စုပ်သောက်ပြီးမှ ပြောသည်။

''အဲဒါလေးက ပန်းတွေပဲ ခြူချင်နေတာ၊ တုံ့နှေးတုံ့နှေး ကြယ်ရူဝံမြင်သွားမှာလည်းစိုးတယ်၊ ဒါကြောင့် ပြေးဆွဲခေါ်ယူ တောင် လှုပ်လီလှုပ်လဲ့နဲ့ အသည်းကိုယားရော''

''ဟေး အသည်းယားတယ်၊ အသည်းယားတော့ ဘာ ဆက်ဖြစ်သေးလဲ၊ ပြောစမ်းကွာ မြန်မြန်''

ဖယားက ရည်းစားထားဖို့သာ စိတ်မဝင်စားတာ၊ ဒါမျိုးဆို နှုတ်ခမ်းကို လျှာဖျားနဲ့သပ်ရင်း အရသာရှိရှိ နားထောင်ချင်စိတ် ပြ ပြသူဖြစ်သည်။

စံချိန်ကလည်း ပြောနေရင်း ရင်ထဲကြည်နူးလာသလို ခံ ရကာ –

''ဟ အသည်းယားလာမှတော့ အတင်းဆွဲယူပြီး ပိုက်လုံး ကြီးထဲ သွင်းရတာပေါ့ကွ''





''ဟာ ပိုက်လုံးကြီးထဲကို''

''ဟုတ်တယ်၊ ပိုက်လုံးကြီးထဲ ဆွဲသွင်းထားတာရတာပေါ့''

''အဲဒီတော့ ပိုက်လုံးထဲမှာ မင်းတို့နှစ်ယောက် ဘာတွေလုပ် ကြ အဲ''

အလင်းပြိုင်က ဖယားခေါင်းကို ဖတ်ခနဲလှမ်းရိုက်တာမို့ ဖယားစကားက အဲခနဲ ပြတ်တောက်သွား၏။ ပြီးတော့မှ –

''ငါပြောတာက နှစ်ယောက်လုံး ပိုက်လုံးဝင်ပုန်းတာ လုံရဲ့ လားလို့ ဟဲဟဲ''

လို့ ခပ်ကြောင်ကြောင် စကားဖာသည်။ ဖယားအကြောင်း သိတာမို့ စံချိန် ဆက်ပြောသည်။

''လုံတာပေါ့၊ နောက်ဆို မိုးပြီးကွ၊ ကြယ်ရူဝံ လေခွတရမ်း ရမ်းနဲ့ လမ်းပေါ်ထွက်ပြီး စိန်ခေါ်တာကွ၊ ကံကောင်းလို့ အပုန်းမြန်လို့ ကွ''

နေဝန်းက စံချိန့်စကားမဆုံးခင် သက်ပြင်းချသည်။

''အေ့မလေး ဘာမှမဖြစ်ဘူးလား''

''ဖြစ်လား၊ မဖြစ်လား မသိဘူး၊ သူ့ပါးစပ်ပေါက်ကို တစ်ချိန် လုံး ငါ့လက်နဲ့ ပိတ်ထားရတယ်၊ မပိတ်ထားရင် လေးခွစာနှစ်ယောက် လုံး ခံရဖို့ရှိတယ်၊ ဘယ်လိုလေးမှန်း မသိဘူး၊ အနီးကပ်မြင်လိုက်ရ''



www.burmeseclassic.com

www.burmeseclassic.com



ပြောနေရင်း စံချိန် စကားဖြတ်လိုက်၏။ စကားဖြတ်လိုက်မှ သူငယ်ချင်းအားလုံး ပိုစိတ်ဝင်စားကာ –

"ဘာဖြစ်လဲကွ"

"အနီးကပ်မြင်ရတော့ ပိုတုံးမှန်းသိသာတာလား"

"အရူ, ကြောင်, ဖျင်း, အလေးဆိုတာ သိသွားတာလား"

တစ်ယောက်တစ်ခွန်း ဝိုင်းမေးလျှင် စံချိန့်မျက်ဝန်းထဲ ပန်းခရာပုံရိပ် ထင်လာသည်။ ထိုအခါ ခုန်သွားတဲ့ရင်က ပြန်လည် လှိုက်ခုန်လာကာ –

"မဟုတ်ဘူးကွ၊ အနီးကပ်မြင်လိုက်ရမှ"

"ဘာဖြစ်လဲ"

"မြန်မြန်ပြောကွာ"

သူငယ်ချင်းတွေ စုပြုံမေးလျှင် စံချိန် ဟန်မဆောင်နိုင်ဘဲ ပြော၏။

"တကယ်လှမှန်း တကယ်သိတာ"

"ဟား"

သူငယ်ချင်းအားလုံး စိတ်ပျက်သံနဲ့ ဟားခနဲ အော်တာ သည်က လက်မခံနိုင်စွာ။





"တကယ်လှမှန်း တကယ်သိတာတဲ့၊ စံချိန် မင်းမျက်လုံးကို ပါဝါသွားစစ်ဦး"

ဖယား နှာခေါင်းရှုံ့တွဲပြောသည်။ စံချိန် စိတ်မဆိုးပါ။

ပန်းခရာ တကယ်လှမှန်း အနီးကပ်မြင်ပြီး သိခွင့်ရတာက စံချိန်။

စံချိန်လည်း ပန်းခရာကို အနီးကပ်မမြင်ဖူးခင်က ထိုသို့ပြောခဲ့တာပဲ။ 'ပုံရိုးပုံတုံးလေး' လို့။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

''သွယ်သွယ်ရေ''

''ဟော မမာမာ လာလေ''

ဒေါ်သံနဲ့အတူ ဧည့်ခန်းအဝင်ဝထိ ရောက်နေပြီဖြစ်တဲ့ ဒေါ်လှရိပ်မာ။ ဒေါ်သွယ်သွယ်စိုးမြင့်သည်နှင့် ဒေါ်လှရိပ်မာနား အားရဝမ်းသာပြေးသွားရင်း ခေါ်သည်။

''မမာမာရယ် ဒီသကြန်တွင်းမှာ သွယ်တို့ အေးအေးဆေးဆေး စကားပြောဖို့ အချိန်မရဖြစ်နေတယ်၊ တကယ်၊ ကိုကိုက အပြင်မထွက်တော့ ကိုကိုကိစ္စနဲ့ကြီး အားရတယ်လို့မရှိဘူး၊ ခုတော့ စာဖတ်ခန်းဝင်နေတုန်း သွယ် ဧည့်ခန်းထဲ လုပ်စရာရှိတာတွေ လုပ်မလို့ဆိုပြီး ထွက်လာတာ''





''ဟုတ်ပါတယ်အေ၊ သွယ်က တော်သေးတယ်၊ ကိုခင်ဝင်း
စ်ယောက်တည်းရယ်၊ မမာမာမှာက ယောကျ်ားရော၊ သားသုံး
ယောက်အတွက်ပါ လုပ်နေရတာ နားရတယ်လို့မရှိဘူး''

''ဟုတ်ပေသားပဲ ဟင့် ဟင့်၊ မမာမာက သွယ့်ထက် ပိုပြီး
ဝန်တွေများလှပါတယ်၊ မမာမာကိုကြည့်ပြီး သွယ် ကိုယ်ချင်းစာပါ
ယ်၊ ခုရော အားရဲ့လား၊ မအားရင်ပြော သွယ် လာကူပေးမယ်''

''ရပါတယ်အေ ရပါတယ်၊ ဒီလောက်ပြောဖော်ရတာနဲ့
ောင် မမာမာ ခွန်အားပြည့်လာပြီ''

''ဟင့် ဟင့် ဟင့်''

ပြောရင်း နှစ်ယောက်သား ကြည်နူးစွာ ရယ်ကြလေသည်။

''လာ မမာမာဧည့်ခန်းထဲထိုင်ပြီး အေးအေးဆေးဆေး ပြော
ကောင်လား''

''ခြံထဲဆင်းကြစို့လေ''

''ဒါလည်း ကောင်းတာပဲ၊ ကိုရေ မမာမာရောက်နေလို့
ယ်တို့ခြံထဲဆင်းပြီး စကားသွားပြောဦးမယ်''

ဒေါ်သွယ်သွယ်စိုး တစ်ဆက်တည်း အသံမြှင့်ပြောသည်။
ဖတ်ခန်းက ဧည့်ခန်းနဲ့ကပ်လျက် ရှိသည်။

ပြောပြီးသည်နှင့် ဦးစိုးဝင်းရဲ့ တုံ့ပြန်သံကို မစောင့်တော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်သား ခြံလဲဆင်းလာကြသည်က သွက်လက်မြူးကြွသော ခြေလှမ်းနဲ့ဖြစ်သည်။

✿

တိုက်ရှေ့မှာ အလှစိုက်ထားတဲ့ မြက်ခင်းစိမ်းစိမ်းက ကျောက်စိမ်းကတ္တီပါကော်ဇောကြီးခင်းထားသလို မြမြစိမ်းလဲ့နေသည်။

မြက်ခင်းစိမ်းဘေးမှာ အလှစိုက်ထားတဲ့ ရောင်စုံစက္ကူပန်းချုံတို့ကလည်း အစွမ်းကုန်ပွင့်ကာ အလှပြိုင်နေကြသည်။

ပန်းချုံရှေ့မှ ကျောက်တုံးပုံစံအကွက်ဖော်ထားတဲ့ ကျောက်ခုံကလေးများ ရှိသည်။ အလယ်မှာ ကျောက်စားပွဲလည်း ရှိသည်။ ကျောက်စားပွဲပုံမှာ ကြာပန်းပွင့်နေတဲ့ပုံစံဖြစ်သော ကျောက်ပန်းအိုးလည်း ရှိသည်။

ကျောက်ပန်းအိုးအလယ်မှာ ချိုးဖြူနှစ်ကောင်ရပ်နေတဲ့ ကျောက်ပန်းပုရုပ်လေးတင်ထားသည်။ ကျောက်ပန်းပုရုပ်လေး သက်ဝင်နေသည်မှာ သက်ရှိချိုးညီနောင် ထပျံတော့မတတ် ထင်ရလောက်အောင် ဟန်ရေးကြွလို့နေပါသည်။





တစ်ယောက်ကိုတစ်ယောက် နားလည်မှုရှိကြသော အိမ်ရှင်မနှစ်ယောက် ကျောက်စားပွဲခြားပြီး မျက်နှာချင်းဆိုင် ဝင်ထိုင်ကြ၏။

"မမာမာကြည့်ရတာ တစ်ခုခုအတွက်တွေးပြီး ပျော်နေသလိုပဲ"

"ဘာများလဲ မမာမာရယ်၊ သွယ့်ကိုလည်း ပြောဦး၊ ပျော်စရာဆိုလို့ သွယ်လည်း ဝိုင်းပျော်ပေးမယ်လေ"

"ကောင်းပါ့လေ၊ မာကလည်း တစ်ယောက်တည်း ကျိတ်ပျော်ရတာ အားမရလို့ ပျော်ကြရင်လည်း အတူတူပေါ့၊ အဲဒါနဲ့ လာပြောတာ"

"ပြောလေ မမာမာ၊ သွယ်လည်း စိတ်ဝင်စားပါတယ်"

"ဒီလို သွယ်ရဲ့"

ဒေါ်လှရိပ်မာ သိုင်းဝိုင်းဝေ့ဝိုက်ပြီး မပြောလိုတော့ပါ။ ရင်ထဲမှာရှိတဲ့အတိုင်း ပွင့်ပွင့်လင်းလင်းပဲ ဆိုသည်။

ဒေါ်သွယ်သွယ်ဆိုးလည်း စိတ်ဝင်တစား နားစွင့်ကာ ဒေါ်လှရိပ်မာနှုတ်ခမ်း လှုပ်ရှားပုံကို ငေးကြည့်လေသည်။ ဒေါ်လှရိပ်မာလည်း အားတက်သရော ဖွင့်ပြော၏။

"မမာမာက ခရာကို သမီးလေးလို ချစ်တယ်၊ ချစ်တဲ့စိတ်နဲ့ပဲ လိုချင်တယ်ဆိုပါတော့ကွယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဩော်"

ဒေါ်သွယ်သွယ်စိုး 'ဩော်' ဟု အံ့ဩလေသည်။ သူမသမီးကိုလည်းသမီးရင်စလို ချစ်ပါတယ်ဆိုတဲ့ မမာမာ။ ရတနာ့ထက် ပန်းခရာကို လိုချင်စိတ်ဝင်တာကို အံ့ဩလို့သွားပါသည်။

"သားလတ်က ခရာကို သဘောကျသတဲ့၊ သေချာမေးကြည့်ပြီးပြီ သားလတ်က တကယ်အတည်လိုချင်တာဆိုတော့ မမာမာလည်း တအားတက်ပြီး တွေးရင် ပျော်နေမိတယ်၊ သွယ်ရောဟင်"

"ဩော် . . . အင်း"

ရုတ်တရက်မို့ ဒေါ်သွယ်သွယ်စိုး ဘာပြန်ပြောရမှန်းမသိဖြစ်သွားသည်။ နောက်မှ ကမန်းကတန်း ကြွေဆယ်ပြီး –

"သွယ် သွယ်လည်း မမာမာလိုပဲ၊ သွယ်လည်း ခရာကိုချစ်ပါတယ်၊ ရတနာနဲ့တန်းတူ မြတ်နိုးပါတယ်၊ ခရာကို သားလတ်သဘောကျတယ်ဆိုရင် သွယ့်အနေနဲ့ ဘာငြင်းစရာရှိလဲ၊ ဟုတ်ဖူးလား"

"ဒါ ဒါဆို သွယ် လက်ခံတယ်ပေါ့"

ဒေါ်လှရိပ်မာ မျှော်လင့်ချက်ကြီးစွာ မေးသည်။

ဒေါ်သွယ်သွယ်စိုးက မျက်နှာမပျက်အောင် ထိန်းနေလေသည်။ သူမရင်ထဲမှာ သမီးရတနာကို မမာမာသားတစ်ယောက်နဲ့





ရည်ရွယ်ထားသည်။ သားကြီးက ချစ်သူရှိပြီးသား။ သားလတ်က ချစ်သူလည်း မရှိ။ ကျောင်းလည်း ပြီးပြီ။ ဖခင်ရဲ့စီးပွားရေးကိုလည်း ကူညီလုပ်ကိုင် ပေးနိုင်သည်။

သားလတ်က သမီးရှင်အကြိုက် အရည်အချင်းနဲ့ ပြည့်စုံသည်။ ဒါကြောင့် သားလတ်နဲ့ ရတနာ့ကို မျှော်လင့်သည်။

သားလတ်ကလည်း သမီးရတနာနဲ့ မျက်နှာကြောတည့်သည်။ ဟိုအငယ်ကောင်နဲ့ပဲ မျက်နှာချင်းဆိုင်လို့မရတာ။

အခုတော့ သူမစိတ်ကူးထဲ တစ်မျိုးဖြစ်လာတာက တခြား။ ထင်မထားတာတွေဖြစ်လာပြီဆိုတော့လည်း ဘာတတ်နိုင်မလဲ။

ဒေါ်သွယ်သွယ်စိုး ရည်ရွယ်ထားတာ လွဲသွားပေမယ့် စိတ်ထဲမှ ပန်းခရာအတွက် ကျေနပ်ပေးနိုင်ပါသည်။

ဒါကြောင့် မျက်နှာကို ပီပြင်ဆုံးပြုံးကာ ခေါင်းညိတ်၏။ မမာမာက လက်ခံတယ်ပေါ့လို့ မေးတော့ –

"လက်ခံတာပေါ့ မမာမာရယ်၊ မမာမာတို့ သွယ်တို့ဆိုတာ အတွင်းသိ အစင်းသိလေ၊ ဘာငြင်းစရာရှိလဲ"

"ဝမ်းသာလိုက်တာကွယ်၊ တကယ်ပါ"

"မမာမာ ပိုပြီးဝမ်းသာရအောင် သွယ်က ခရာ့မိဘများဆီ သွားလမ်းကြောင်းပေးမယ်"



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းလိုက်တာ သွယ်ရယ်၊ မမာမာ ဝမ်းသာလွန်းလို့ ဘာပြောရမှန်းတောင်မသိတော့ဘူး။ တကယ်"

"ဟင့် ဟင့် ဟင့်"

ဒေါ်သွယ်သွယ်စိုးလည်း မမာမာနည်းတူ ဝမ်းသာစွာ ရယ်မိလေသည်။

"ကဲ မမာမာ ဘာပြောရကောင်းမှန်းမသိရင်လည်း မပြောပါနဲ့တော့ဗျာ၊ ဒီမှာ စားစရာတွေ ယူလာတယ်"

ဦးခင်ဝင်းအနား ရောက်လာရင်း ပြောသည်။ လက်ထဲမှာလည်း ငွေရောင်ဗန်းကြီးကိုင်လို့၊ ဗန်းထဲမှာ ကော်ဖီကရား၊ ကော်ဖီခွက်နဲ့ မုန့်တွေအပြည့်ပါသည်။

"ဩော် ကိုခင်ဝင်းကလည်း အားနာစရာကြီး"

ဒေါ်လှရိပ်မာ ဒါပဲပြောမိတော့သည်။

"အားမနာပါနဲ့ မမာမာရယ်၊ ကိုကိုက ဒီလိုပဲ သိရဲ့သားနဲ့ ဟင့် ဟင့်"

ဇနီးသည် သဘောတကျပြောရင်း မုန့်ဗန်းဆွဲယူသည်။ စားပွဲပေါ်တင်ပြီးလည်း ဒေါ်လှရိပ်မာအတွက် ကော်ဖီငှဲ့ပေးသည်။

"မမာမာရောက်ရင် သွယ်က အရာရာမေ့နေမှာသိတယ်၊ ဒါကြောင့် စားစရာသောက်စရာ ကျွန်တော် ယူခဲ့ပေးတာ၊ စားရင်း





သောက်ရင်း ဆက်ပြောပါလေ၊ ကျွန်တော် စာဖတ်ခန်းထဲ ဝင်ဦးမယ်"

ဦးခင်ဝင်း ဝင်မထိုင်တော့ပါ။ ပြောပြီး ကြည်ကြည်သာသာ ထွက်သွားသည်က ချက်ချင်း။

"ကိုကိုက အဲသလို မမာမာရဲ့၊ သိပ်အလိုက်သိတာပဲ"

ဒေါ်သွယ်သွယ်စိုးက ခင်ပွန်းသည်အပြုအမူအတွက် ဂုဏ်ယူသလို ကျေနပ်အားရမှုအပြည့်နဲ့ ပြောသည်။

ဒေါ်လှရိပ်မာ ကော်ဖီခွက်ရွှေ့ချရင်း စကားဆက်သည်။

"သိပါ့သွယ်ရယ် သိပါ့"

"ဒါပဲနော် ခရာ့မိဘကို သေသေချာချာ နားဖောက်ပေးဖို့ အချိန်းမဆိုင်းပါနဲ့ကွယ်"

"စိတ်ချပါ သွယ်သွယ်ရဲ့"

ဒေါ်လှရိပ်မာကလည်း ခရာမှခရာ။ ဒေါ်သွယ်သွယ်စိုးကတော့ သမီးရှင်နားဝင်အောင်ပြောဖို့သာ စိတ်အားထက်သန်လျက်–

"ပြောပေးရမှာပေါ့၊ သူစိမ်းတွေမှ မဟုတ်တာ"

ဒေါ်လှရိပ်မာ အထပ်ထပ် ကတိပေးလျှင် ဒေါ်သွယ်သွယ်စိုး၏ နှလုံးသားက ဆီဝနေသော ဂွမ်းဖတ်ပမာ နူးညံ့အိထွေးကာ ကြည်နူးခြင်းတို့က သကြန်တေးသွားနဲ့အပြိုင် ငြိမ့်ညောင်းလို့နေပါသည်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

BURMESE CLASSIC .com

ကိုလတ်ကိုကြည့်ရတာ ခုရက်ပိုင်းအတွင်း အတော်ကြ
ထူးခြားနေမှန်း စံချိန် သတိထားမိသည်။

မနက်လင်းတာနဲ့ မာမီ့ယစ်ခွဲခြံထဲက ပန်းတွေခူးပြီး ရင်ခု
နေသလို၊ ရတနာ့တို့ခြံဘက် ကူးသွားလေ့ရှိသည်။

ရတနာတို့ခြံဘက် ဆော်ရုံခြေဦးမလှည့်တဲ့ ကိုလတ် ခုတေ
ချောင်းဖြစ်ရုံမက ပင်လယ်ပါ ဖြစ်တော့မယ်။

သကြံနှိုက်တွင်းမို့ ရတနာ အပြင်မှာချည်းဖြစ်သလို ခရာ
တိုက်ထဲမှာချည်း ရှိနေသည်။ အဲဒါက ကိုလတ်အတွက် အခွင့်အရေ
ဖြစ်လို့နေသည်။

"ဒါတင်မက သားလတ်လည်း ခရာအချစ်ကို ရအောင်ကြ





စားပေါ့"

"ဟင်"

တွန်းအားပေးသလိုပြောနေတဲ့ မာမီ့အသံ။ မထင်မှတ်ဘဲ
ကြားရတဲ့အခါ စံချိန့်တစ်ကိုယ်လုံး ဓာတ်လိုက်ခံရသလို ကျင်ခနဲ
ဖြစ်၏။ ကိုယ်လည်းတောင့်တင်းကာ အသက်ရှုဖို့ မေ့သွားသည်အထိ။

"သားလည်း ကြိုးစားနေတာပဲ၊ ခရာက တစ်မျိုးလေ၊ သား
ဘာမှမပြောရသေးခင် စကားဖြတ်ပြီး ထွက်သွားတတ်တာ၊ အဲဒါ
ခက်နေတယ် မာမီ၊ ဒါပေမဲ့ အခြေအနေစောင့်ကြည့်ပြီး သားပြောမှာ
ပါ၊ မာမီလည်း ကူညီဦးမှာ၊ အန်တီသွယ့်ကိုပြောပြီး ခရာ့မိဘကို
နားထောက်ပေးဖို့"

ကိုလတ်က အသည်းအသန်ဖြစ်သည်။ မာမီကလည်း
ကိုလတ်သဘောအတိုင်း စိတ်အားထက်သန်စွာ ထုတ်ပြော၏။

"မာမီ ပြောပြီးသားပါကွယ်၊ မသွယ်ကလည်း သားနဲ့ခရာ့
ကို သဘောကျပါတယ်၊ ခရာ့မိဘကိုလည်း ပြောပေးမယ်လို့ ကတိ
ပေးပြီးသား"

တဲ့။

"ဟာ"

စံချိန် ကြားရသမျှက မယုံနိုင်စရာတွေချည်း။ စံချိန် ဆတ်



www.burmeseclassic.com

www.burmeseclassic.com



ပြီး နားမထောင်ချင်တော့ပါ။ ဘာကြောင့်မှန်းမသိ လည်ချောင်းပါ ခြောက်သွေ့လာကာ တစ်ခုခုပဲ နင်သလိုလို ဘာလိုလိုနဲ့ တစ်မျိုးဖြစ်လို့နေသည်။

ပန်းခရာ တကယ်လှမှန်း စံချိန်မြင်တွေ့ခံစားမိချိန်မှာ ကိုလတ်က အရယူဖို့ မိဘကို ပူဆာပြီးနေပြီ။

တစ်ဖက်က မိဘကိုလည်း အသိပေးဖို့အောင်သွယ်ကလည်း အန်တီသွယ်ကိုယ်တိုင်။ အခြေအနေက ထင်သလိုဖြစ်လာတော့မှာ မလွဲပါဘူး။

အိုး ငါနဲ့ဘာဆိုင်လဲ။ စံချိန် ကိုယ့်ဘာသာကိုယ်မေးရင်း ရင်ခုန်သံမြန်လို့နေသည်။

အပေါ်ထပ်က သွက်သွက်မြူးမြူးဆင်းလာတာက မတွေ့ သွားဖို့ပါ။ အောက်ထပ်လည်းရောက်ရော ညှော်ခန်းထဲ လှမ်းဝင်ဖို့ ခြေလှမ်းရှိရှိသေးတယ် မာမီနဲ့ကိုလတ်စကားတွေကြောင့် ခြေလှမ်း ရှေ့မတိုးဖြစ်တော့ပါ။

နံရံဖြူဖြူမှာ ကိုယ်နစ်ဝင်မတတ် ကပ်မှီနားထောင်နေမိသည်က စိတ်လှုပ်ရှားစွာ။

''ညီလတ် ကောင်မလေးစိတ်ခင်စားအောင် လုပ်ပေါ့ကွာ၊ ခရာက ခပ်ရိုးရိုး ခပ်ရုက်ရုက်ပုံစံလေး မဟုတ်လား။ ညီလတ်ဘက်က





ကြိုးစားလို့ ခရာ ခေါင်းညိတ်တယ်ဆိုရင် ခရာ့မိဘအနေနဲ့လည်း ပြီး စိတ်ပါလက်ပါရှိမယ်ကွ''

တီတီဆီတီစွာနားထောင်နေတဲ့ ကိုကြီးကလည်း ကိုလတ်ကို အားပေးစကားနဲ့ တွန်းအားပေးပြန်သည်။

“သားကြီးပြောတာ မှန်တယ် သားလတ်၊ မိဘတစ်သဘော ညီနဲ့ဆိုတာထက် သားတို့ချင်း မေတ္တာမျှနေတာက ပိုကောင်းမယ်''

ဒယ်ဒီကလည်း ပြောပြန်သည်။

''ကျွတ်''

စံချိန့်နားထဲ ဘယ်လိုမှ လျောလျောရှုရှု ဖြစ်မနေတော့ပါ။ ကိုလတ်ကို တစ်မိသားစုလုံး ကိုယ်ဖိရင်ဖိ အားပေးနေသံတွေက ချိန့်နားမှာ ခါးလာသည်။

ဆက်ပြီး ထိုစကားလုံးတွေ ကြားနိုင်စွမ်း မရှိတော့ပါ။ ထိုကြောင့် ထိုစကားလုံးတွေ ကြားနိုင်စွမ်းမရှိတော့ပါ။ ထိုကြောင့် ညှော်ခန်းလည်း လှမ်းမဝင်။ ဘေးပေါက်တံခါးမကြီးဆီ သွက်သွက်လေး လျှောက်သွား၏။

ကိုလတ်နဲ့ ပန်းခရာ၊ ဒါပဲတွေးကာ မဖြစ်နိုင်ဘူး၊ မဖြစ်စေရဘူး။ စံချိန် အသံတိတ် ရွတ်၏။ ခေါင်းလည်း ရမ်းကာ –



www.burmeseclassic.com

www.burmeseclassic.com



✿

''ခရာ ဘယ်လဲ''

လူတစ်ယောက်ဝင်သာထွက်သာရှိတဲ့ ခြံဘေးရှိ သံပန်းတံခါး ကို တွန်းဖွင့်ပြီး ခြံပြင်ထွက်ခဲ့တဲ့ စံချိန်သစ်။

ခြံပြင်ရောက်သည်နှင့် ခရာကိုမြင်လျှင် ချက်ချင်း ကောက် မေးသည်။ ခရာက ဖြေမလို နှုတ်ခမ်းပြင်လျှင် –

''ဘယ်ပဲဖြစ်ဖြစ်လေ နင်နဲ့ဆိုင်လို့လား''

ခရာ့ဘေးနားကပ်လျက်ပါလာတဲ့ ရတနာ ရန်လိုစွာ ဝင်ပြော သည်။ စံချိန်စိတ် အခါးခါတတ်တက်နေတဲ့ကြားထဲ ရတနာ့ရန်လိုသံ ကြားတော့ အလိုလိုတင်းမာသွားပါသည်။

''ကျွတ်၊ ငါ နင့်ကို မေးလို့လား ရတနာ''

''အို မမေးပေမယ့် ငါပြောတယ်၊ နင်မကျေနပ်ရင် လဲသေ လိုက်''

''ရတနာနော်''

စံချိန် အံကြိတ်၍ မာန်မဲသံနှင့် ခေါ်သည်။ နှစ်ယောက်သား တင်းမာနေတဲ့ကြားမှာ ခရာ နေရခက်လာသည်။





''ဘာရတနာလဲ''

ရတနာကလည်း မခေ။ ရင်ကော့၍ မာန်အပြည့်နဲ့ ပြော သည်။

''ကဲပါ ရတနာကလဲ၊ သူမေးရင် ပြောလိုက်လည်း ရသားနဲ့ ရာပြောလိုက်မယ်လေ''

''မပြောနဲ့ ခရာ''

ရတနာ ဟန့်တားတော့ ပြောမလို့ပြင်နေတဲ့ ခရာ့နှုတ်ခမ်း လေး အလိုလိုစေ့ပိတ်လိုက်ရသည်။

''နင်နော် ရတနာ၊ နင် လူပါးဝတယ်''

စံချိန်သစ် အားမနာတမ်း ပြောချသည်။

''ဝတယ်၊ ဝတော့ ဘာဖြစ်လဲ၊ ငါတို့ဘာသာ ငါတို့ ဘယ် သွားသွား၊ နင်နဲ့မဆိုင်ရေးချ မဆိုင်ဘူး၊ နင်မေးစရာလည်း မလိုဘူး၊ ခရာ သွားမယ်''

မျက်နှာထားနဲ့ပြောပြီး ခရာလက်ကို ဆွဲခေါ်သွားတဲ့ ရတနာ၊ ချိန်ကိုကြည့်ရင်း ခရာခမျာ ရတနာ ဒရွတ်တိုက်ဆွဲခေါ်ရာနောက် သွားလေသည်။

''တောက်''

စံချိန် သည်းမခံနိုင်တော့ပါ။ လက်နှစ်ဖက် ခါးထောက်၏။



www.burmeseclassic.com

www.burmeseclassic.com



တောက်လည်းခတ်ကာ ရတနာ့ကို လည့်ပြန်ကြည့်ရင်း –

"မကျေနပ်ဘူးကွာ"

ဟု ခပ်ကျစ်ကျစ်ရွတ်၏။

ထို့နောက် စံချိန် ခြေတစ်ဖက်ရမ်းသွားသည့်နောက် လပ်ဘေးက သဲမှုန်တွေ ဖြာခနဲလွင့်စဉ်သွားလေသည်။

ဒါ ဘာကြောင့်လဲ။ စံချိန်ကိုယ် စံချိန် ပြန်မေးကာ။

✿ ✿ ✿



အခန်း (၁၈)

"ဟာ ဟော့ နေဦးလေကွာ"

"ဗွမ်း"

"တော်ပြီလေကွာ"

"ဗွမ်း"

"စံချိန်"

"ဗွမ်း"

ရေပက်ခံမဏ္ဍပ်ထဲဝင်လာသည်နှင့် ရေတဗွမ်းဗွမ်း အပက်ခံနေရသည်။ အလင်းပြိုင် လက်တကာကာနဲ့ ဟန့်တားနေသော်လည်း မရ။

စံချိန် ရေဖလားကြီးနဲ့ ကမူးရှူးထိုး ပက်သည်က မရပ်မနား။



www.burmeseclassic.com

www.burmeseclassic.com



စံချိန်နားမှာရှိနေတဲ့ နေဝန်း၊ ဖယားနဲ့ သက်ဦးမောင်တို့သုံးယော
စလုံး စံချိန်ရဲ့အမူအရာကိုကြည့်ပြီး အံ့သြနေကြသည်။

အချင်းချင်း ရေမွန်းမတတ် ပက်နေတဲ့အချိန်။ အလင်းပြိုင်
လက်တကာကာနဲ့ ရေမွန်းနေရာမှ စံချိန်ဆီ ပြေးဝင်လာပြီး –

"ငါပါကွ၊ ဘာလို့ ဒီလောက်တောင် ပက်နေရတာလဲကွ"

"ရတနာကို အမြင်ကတ်လို့"

"ဟေး"

အားလုံးရယ်ရမလို ခံပြင်းရမလို ဖြစ်သွားသည်။ ဖယ
ကို လက်နှစ်ဖက်နဲ့ အားထည့်ဆုပ်ကိုင်ဖိညှစ်ပြီး –

"ဟုတ်တယ်၊ အလင်း မင်းရတနာ့ကို အမြင်ကတ်
ပက်တာကွာ"

"ကျစ်"

အလင်းပြိုင် ပြုံးမဲ့မဲ့ဖြစ်သွားသည်။ ရတနာ့နာမည်ပါ
တော့လည်း ခံပြင်းချင်စိတ် တစ်ထစ်လျှော့လိုက်ရသည်။

"နေဦးကွ၊ မင်းက ရတနာ့ကို အမြင်ကတ်တယ် ဟုတ်လာ

"ဒီကောင် ကတ်လို့ပဲ မဆုံးဘူး။ ငယ်ငယ်ကတည်းက အ
ကတ်လာတာ၊ ဟော ခုတစ်ခါ ရတနာ့ကို အမြင်ကတ်ပြန်ပြီ၊ ရတ
ကို အမြင်ကတ်ပြီး အလင်းကို ပစ်မှတ်ထားတာတော့ မကောင်း





ကွာ"

နေဝန်းက ဝေဖန်သလိုပြောသည်။ စံချိန် မမှုတဲ့မျက်နှာထား
နဲ့ စည်ထဲက ရေတစ်ဖလားနှစ်ခပ်ကာ အမူအရာမပျက်ပါ။

"ဘာလို့မကောင်းရမှာလဲ၊ ငါ့ဟာငါ ခရာ့ကို ဘယ်သွားမလဲ
မေးတဲ့ကိစ္စ၊ ဒီကောင့်ရတနာက ကက်ကက်လန် ပြန်ပြောတာလေ၊
ငါ လုံးဝခံပြင်းတယ်၊ ဒါကြောင့် ဒီကောင့်ကို ဆော်တာ"

"ကဲပါကွာ၊ မင်းကလည်း ငါ စိတ်မဆိုးပါဘူး"

အလင်းပြိုင် ခံပြင်းတာတွေအားလုံးကို လျှော့ပစ်လိုက်သည်။
တစ်ကိုယ်လုံး ရွှဲရွှဲစိုနေပြီဖြစ်တဲ့ မိမိကိုယ်မိမိ မမှုအား။ စံချိန်ကို
ရင်းနှီးစွာ ပခုံးလှမ်းဖက်လျက် ဆိုသည်။

စံချိန်က ရတနာ့ကို အလင်း ချစ်နေကြောင်း ပြောထားပေး
တဲ့မျက်နှာ ရှိသေးတယ် မဟုတ်လား။ ဒါကြောင့် အလင်းပြိုင် ဒေါ
မယူတာပါ။

"မဆိုးရင် ပြီးရောကွာ၊ မင်းလည်း ရတနာ့ကို ရအောင်
ချူတော့၊ နောက်ဆို မလွယ်ဘူး။ ခရာ့ကို ပိုင်လားစိုးလားနဲ့ ဟိုကတုံး
မလည်း ရတနာ့တစ်ခွန်းပြောရင် တစ်ခွန်းတည်းနဲ့ ငြိမ်နေရော"

အားလုံးကို သိမ်းကျုံးမာန်မဲပြောဆိုနေတဲ့ စံချိန်သစ်။
ဒီကောင် ဘာဖြစ်နေပြီလဲဆိုတာ အားလုံးသိချင်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



ပြောနေတဲ့ကြားက ခရာနာမည်ပါလာတာ သတိထားမိ သည်။ ခရာ့ကြောင့် စံချိန် ခုလိုဖြစ်နေတာလား။

"ပုံတုံးမလေးကြောင့်"

ဟု သူငယ်ချင်းအားလုံး တစ်သံတည်း ထွက်လာမတတ် ဖြစ်လောက်သည်အထိ သဘောပေါက်လျှင် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး အံ့သြနေကြသည်။

"စံချိန်"

ခေါ်သံက ပြိုင်တူ။

"ဘာလဲကွာ"

စံချိန် ရေတစ်ဖလားခပ်ပြီး ထည့်သည်။ ထည့်ပြီး သူငယ်ချင်း တွေကို ငဲ့မကြည့်ပါ။

ရေပက်ခံကားတစ်စီး ဆူဆူညံညံ ထိုးဝင်လာလျှင် ထိုကား ဆီ ရွေ့သွားသည်။ ဒီမဏ္ဍပ်မှာ ရေပိုက်တွေနဲ့လည်း ပက်သူများ ရှိ သော်လည်း သူတို့အုပ်စုက ဖလားနဲ့ပက်ရတာ သဘောကျသည်။

ရေပိုက်နဲ့အထိုးခံရလို့ ကားတစ်စီးလုံး ဟေးဟေးဝါးဝါးနဲ့ အော်ဟစ်ပြောင်လှောင်ကာ ရယ်မောသံတွေ ညံစီသွားပေမယ့် စံချိန် ပက်လိုက်တဲ့ ရေတစ်ဖလားကြောင့် အသံတွေ ငြိမ်ကျသွားသည်။

"နေဦး လိုက်မသွားနဲ့၊ စံချိန် ခေါ်ရနေတာ သေချာတယ်





ကွ"

အလင်းပြိုင်က စံချိန့်နောက် လိုက်သွားဖို့ပြင်လို့ နေဝန်းတို့ ဝိုင်းတားကာ သက်ဦးမောင်က ပြောသည်။ ထိုအခါ အလင်း ခြေလှမ်း တန့်သွားပြီး –

"တကယ်သာဆို စံချိန့်ခေါင်း ပိုတက်နိုင်တယ်"

"ဘာဖြစ်လို့"

ဖယားက ခပ်လောလောမေးသည်။ အလင်းပြိုင်က ဆံပင်မှ တတောက်တောက်စီးကျနေတဲ့ ရေစက်တွေကို လက်နဲ့ခါရင်း ပြော သည်။

"ကိုလတ်နဲ့ခရာ ကိုလတ်သဘောကျတဲ့အတိုင်း အန်တီမာ တို့ စီစဉ်ပေးတော့မယ်"

"ဟေး"

"မပြောနဲ့ဦး ဆက်နားထောင်၊ အခုလည်း ရတနာ့က ခရာ့ ကို ကြယ်ရှုဝံနဲ့ ဆွယ်နေတာ"

"ဟာ"

အားလုံး ပါးစပ်တွေ ပွင့်သည်အထိ အံ့သြကာ –

"ဟုတ်တယ်ကွ၊ ရတနာနဲ့ တွဲတဲ့ခက်ခက်ဆွေလေ ခက်ခက် ကိုယ်တိုင်ပြောတာ၊ ကြယ်ရှုဝံနဲ့ ခရာ့ကို ရတနာကိုယ်တိုင် မိတ်ဆက်



www.burmeseclassic.com

www.burmeseclassic.com



ပေးပြီးသား၊ အခုလည်း ခရာကို ကြယ်မှုဝံဆီ ခေါ်သွားနေတာ ကြယ်မှုဝံမှာက ခရာကြိုက်တဲ့ ငုဝါပင်ကြီးရှိတယ်မဟုတ်လား၊ ခရာကလည်း ငုဝါပင်ကြီးဆီ သွားဖို့ စိတ်အားထက်သန်နေတာ၊ ရေတန့်ကိုယ်တိုင် ခေါ်သွားတော့ ခရာ သည်းခြေကြိုက်ဖြစ်ပြီး ပါသွားတာ အဲဒါကို စံချိန် တင်းနေတာပဲ ဖြစ်မယ်"

"ဖြစ်နိုင်တယ်ကွ"

"နေပါဦး၊ မင်းက ဒီအကြောင်းတွေ ခုချက်ချင်းကြီး ဘယ်လိုသိသွားတာလဲ"

သက်ဦးမောင် ဖုတ်ခနဲ ဝင်မေးသည်။

"ငါ ဟိုဘက်မဏ္ဍပ်ဘက်က ပက်လာတာ၊ ရေတန့်အခြေအနေ ဘယ်လိုရှိလဲ ရှေ့ဘာစားမဏ္ဍပ်မှာရှိနေတဲ့ ခက်ခက်ကို မေးတာ ခက်ခက်က အဲဒါတွေအားလုံးပါ ပြောလိုက်တာကွ၊ ဒါကြောင့်"

အလင်းပြိုင်ပြောအပြီး လက်ဖျစ်ကလေးပါ ချောက်ခနဲ တီးလိုက်၏။

"ဟင်း"

သူငယ်ချင်းအားလုံး သက်ပြင်းကိုယ်စီချကာ စံချိန် ရေစည်နား ပြန်လျှောက်လာနေတာမြင်တော့ အလင်းပြိုင်တို့ စကားစကို တိခနဲဖြတ်ပစ်လိုက်သည်။





"ဒါပေမဲ့ ငါတော့ သိပ်မယုံချင်ဘူး"

နေဝန်းက ရေစည်နား ပတ်သွားသလိုလိုနဲ့ အလင်းပြိုင်ကို ကပ်ပြောသည်။

"မယုံရင် လိုက်ကြည့်လေ၊ ခုလောက်ဆို ကြယ်မှုဝံနဲ့ ခရာ ငုဝါပင်အောက်မှာ နှစ်ပါးကြည့်နေမလားပဲ"

"ဘာ ဘာပြောတယ်"

တိုးတိုးလေး ပြောလိုက်သော်လည်း စံချိန် ဒိုင်းခနဲကြားသွား၏။ အလင်းပြိုင်ဆီ စံချိန် ခြေလှမ်းကျဲနဲ့ မပြေးရုံတမယ် လာနေတာတွေ့လျှင် သူငယ်ချင်းလေးယောက် တစ်ယောက်လက် တစ်ယောက်ဆုပ်ကိုင်ရင်း –

"ပြဿနာတက်ပြီထင်တယ်ကွာ"

"ဟာ ဘာပြဿနာရှိလဲ၊ သူတို့ချင်း"

အလင်းပြိုင် ဖော့ပြောလိုက်ပေမယ့် မရတော့ပါ။

"တောက်"

စံချိန်ရဲ့တောက်ခတ်သံ ကျယ်လောင်စွာ ထွက်ပေါ်လာသလို

"ခွမ် ... ချလွမ်း လွမ်း"

လက်ထဲက ရေဖလားကို စောင့်ချလျှင် ရေဖလားနဲ့ သမံတလင်း ထိခတ်သံတွေ ဆူညံသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအသံတွေကြောင့် သူငယ်ချင်းအားလုံး ကိုယ်တုန့်သွားသည်။ စံချိန်က အလင်းပြိုင်ရှေ့တိုးလာသလို ရှုံ့မဲ့ကြည့်ပြီး မေးသည်။

"ကြယ်ရူဝံနဲ့ခရာကို ရတနာ မိတ်ဆက်ပေးတာ တကယ်ဟုတ်လား"

အလင်းပြိုင် မဖြေရဲတော့ပါ။ မာတင်းနေတဲ့ စံချိန့်မျက်နှာကြော လျော့ကျသွားစေဖို့ စပ်ဖြဲဖြဲရယ်ချပြီး –

"ဟဲ ဟဲ ဟိုလေ ရတနာက သိတဲ့အတိုင်း မဟုတ်သလားကွ။ ဟို ကြယ်ရူဝံနဲ့မင်းနဲ့ကြားက တင်းနေကြတဲ့ကိစ္စကို"

"တော်တော့ တောက်"

အလင်းပြိုင် ဖာဖာထေးထေးပြောခွင့်မရတော့ပါ။ တော်တော့လို့ ပိတ်ပြောရင်း တောက်ခတ်လှည့်ထွက်သွားသည်။ ချက်ချင်း

"စံချိန်"

သူငယ်ချင်းအားလုံး၏ပြိုင်တူခေါ်ကြသံကို မမှုတော့ပါ။ ခြေလှမ်းကျဲကြီးက ငုဝါပင်ကြီးရှိရာ ကြယ်ရူဝံဆီသို့။

"ဟာ ဟေး"

"နေဦးကွ"

သူငယ်ချင်းတွေရဲ့ ဟန့်တားသံ ညံစီသွားသည်။ ပြေးလိုက်လာတဲ့ ခြေသံတွေလည်း ကြားသည်။





စံချိန့်ခြေလှမ်းကျဲကျဲ ရွေ့သွားသည်က မြန်မြန်ဆန်ဆန်။ မကြာခင် ဘာတွေဖြစ်ကုန်မလဲ။

သူငယ်ချင်းတွေ ရင်လေးစွာပဲ နောက်က ပြေးလိုက်လာခဲ့ရတာ ခလုတ်တိုက်တာပင် မမှုနိုင်တော့ပါ။

စံချိန် မင်းရောဂါက ဘာအမျိုးအစားလဲကွာ။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

ဝါနီစွေစွေ နေခြည်ကမ္မလာဖြန့်ခင်းထားချိန်ဝယ် ငုဝါပွင့်ချပ်ကလေးများ ပင်မြင့်ထက်မှ စီးဆင်းနေသည်မှာ နှလုံးသားကို တို့ထိကျီစယ်နေသလို ငေးမောခံစားဖွယ်ကောင်းလို့နေပါသည်။

ထို့ပြင် တဖျောဖျောကြွေလွင့်နေရှာတဲ့ ဒါလီပွင့်ဖတ်ကလေးများက မြင်လွှာကို ညှို့ဆွဲထားသည်သာမက အဝါရောင်ခံစားမှုများလည်းပေးကာ ခရာတစ်ကိုယ်လုံး ချင်းချင်းဝါလာမတတ် ပွင့်ချပ်လွှာများ တသောသောဖြာဆင်းကာ ရှေ့နောက်ဝဲယာမှာ အလျှာလိုက်ပြည့်သိပ်လို့နေသည်။

ခြေမျက်စိအုပ်မတတ်ဖြစ်နေတဲ့ ပွင့်လွှာတို့ကို ခရာ သိမ်းကျုံးမွေ့ပိုက်လျက် မွှေးမွှေးကြူလိုက်စဉ် –





'ချပ်'ခနဲ အသံထွက်သလို ဖျတ်ခနဲလည်း လင်းဖြာသွားသည်။

ရုတ်တရက် လျှပ်စီးလက်သွားသလို လင်းသွားတာကြောင့် ခရာ မျက်လုံးလေးဝိုင်းသွား၏။ ပွင့်ချပ်တွေကို ငုံ့မွှေးနေတဲ့ ခေါင်းလည်း မော့သွားလျှင် –

'ချပ်'ခနဲ အသံထပ်ထွက်လာပြန်သည်။ မီးရောင်လည်း ဖျတ်ခနဲလင်း၏။ ခရာမှာ အံ့ဩလွန်းလို့ ဘာဖြစ်သွားမှန်းမသိ။

မျက်လုံးထဲမှာ အဝါရောင်တွေ လွှမ်းနေလိုက်၊ အလင်းရောင်တွေ လက်ဖြာလိုက်နဲ့ နောက်မှ အသံလာရာဆီ ကြည့်လိုက်တော့ ကင်မရာလွယ်ထားတဲ့ ကြယ်ရှုံ။

မျက်နှာက ကျေနပ်အားရပြီးမြောက်သွားခြင်းတွေနဲ့ –

"ပန်းခရာက သိပ်လှတာပဲ"

အကြည့်ချင်းဆုံသည်နှင့် ကြယ်ရှုံ ကျေနပ်အားရပြောသည်။ ရှေ့သို့ ဖြေးဖြေးကြီးလျှောက်လာရင်းလည်း ဆက်ပြောသည်။

"စိတ်မဆိုးနဲ့ ပန်းခရာ"

ခရာ ရှက်သွားကာ အကြည့်လွှဲပြီး ထရပ်လိုက်သည်။ ကိုယ်ပေါ်ရှိ ပွင့်ချပ်ဝါကလေးများ လျှောကာ ခရာ့ခြေဖျားပတ်လည်မှာ ပြန့်ဆင်းသလို ကျသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ပန်းခရာဆီ ခွင့်မတောင်းဘဲ ကိုယ်ရိုက်မီသွားတယ်"

"ရပါတယ်"

ခရာ့မျက်နှာလေးက ရှက်ကာ ရဲမသွားဘဲ ဖွင့်ဖတ်တွေလို အဝါရောင်လေး ဖြစ်လို့သွားသည်။

"ဟို တစ်မျိုးတော့ မထင်ပါနဲ့ဗျာ"

ခရာ ဘယ်လိုမှမထင်တတ်ပါ။ အဝတ်ူးသဖြင့် ကြယ်စုဝံ စိုက်ကြည့်ပြီးပြောတာကိုပင် ခရာ့စိတ်ထဲ မလုံမခြုံဖြစ်ကာ ငုဝါပင်ရင်း ဆီက ထိုင်ခုံတန်းဆီ လျှောက်သွားသည်။

ကြယ်စုဝံကလည်း ခရာ့နောက် ထက်ကြပ်မကွာပါလာသည်။

"ခရာလာမယ်မှန်းသိလို့ ကိုယ် ကင်မရာတွေ အသင့်ချိန် ထားတာ"

"ဟင်"

ခရာ တအံ့တသြမော့ကြည့်၏။ ကြယ်စုဝံက တောက်ပစွာ ပြုံးလျက် –

"ဟုတ်တယ်၊ ဟိုမှာကြည့်"

ငုဝါပင်ကြီးက အရပ်လေးမျက်နှာမှာ ဗီဒီယိုကင်မရာတွေ ထောင့်တိုင်တွေနဲ့ ဆင်ထားမှန်း အခုမှပဲ ခရာ သိရတော့သည်။

"ပန်းခရာ အံ့သြနေလား"





ထိုမေးခွန်းနောက်မှာ ခရာ့မျက်နှာလေး ရှက်ရိပ်ကြောင့် ဝါဝါထိန်သွားသည်။ ကြယ်စုဝံက လွယ်ထားတဲ့ကင်မရာကို ဖြုတ် သည်။

ကိုင်းမကြီး ညွတ်ခနေတဲ့ ကိုင်းစွယ်လေးမှာ ကင်မရာကြိုး ကို ချိတ်ဆွဲလိုက်ပြီး ခရာကို မျက်တောင်မခတ်တမ်း ငုံ့ကြည့်ကာ–

"ပြောလေ ခရာ၊ သိပ်အံ့သြသွားလား"

"အင်း"

ခရာ မူရာမာယာမပါဘဲ ခေါင်းညိတ်၏။ ရှက်ရိပ်မပြယ်နိုင် သေးဘဲ လက်ချောင်းအချင်းချင်းကိုလည်း ဆုပ်ထွေးနေသေးတဲ့ ပန်း ခရာရယ်။

ကြယ်စုဝံက မြတ်နိုးတဲ့မျက်ဝန်းနဲ့ စိုက်ကြည့်လျက် –

"ခရာ အံ့သြသွားစေဖို့ စီစဉ်တာမဟုတ်ဘူး၊ သဘာဝအတိုင်း လေးဖြစ်စေချင်လို့ ရတနာနဲ့ တိုင်ပင်ပြီး ဖန်တီးထားတာ"

"ဘယ်လို"

ခရာ မျက်လွှာလေးပင့်တက်သွားသည်။ မျက်ဝန်းလေးပါ ဝိုင်းခနဲဖြစ်ကာ ကြယ်စုဝံကို မော့ကြည့်ရင်းမေးသည်။

တည်ငြိမ်ရင့်ကျက်သလို နွှင်ရှင်မြူးမြူးရှိလှသော ကြယ်စုဝံ၊ မျက်နုံးထူထူနှစ်ဖက်ပင့်သလို ခေါင်းဆတ်ရင်းလည်း ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုဗျာ ပန်းချီဆရာ နားလည်အောင်ပြောရရင် ကိုယ်က ဓာတ်ပုံဆရာပါ၊ နိုင်ငံတကာဓာတ်ပုံပြိုင်ပွဲဝင်ဖို့ သဘာဝကျကျ ဓာတ်ပုံမျိုး ဖန်တီးရိုက်ယူလေ့ရှိတယ်၊ အဲလို ဖန်တီးတဲ့နေရာမှာ လိုအပ်ချက်တွေ အများကြီးရှိတယ်၊ မော်ဒန်တွေခေါ်ပြီး ကိုယ်လိုချင်တဲ့ ပုံရိပ်ရအောင် ဖန်တီးပြီး ဓာတ်ပုံအများကြီး ရိုက်ယူခဲ့တယ်၊ ဒါပေမဲ့ ကိုယ့်စိတ်တိုင်းမကျဘူး၊ ကိုယ်လိုချင်တဲ့ပုံရိပ်မျိုး ဘယ်လိုပဲ ဖန်တီးယူယူ အသက်မဝင်ဘူးဖြစ်နေတယ်"

"ဘာဖြစ်လို့ အသက်မဝင်တာလဲဟင်"

ခရာ နားမလည်စွာ မေးမိ၏။ ကြယ်ရှုဝံက နှုတ်ခမ်းပါးကို အပြုံးပွင့်လေးတင်ကာ ပန်းနဲ့ ငုဝါပင်စည်ကို ဖေးရပ်ရင်း ပြောသည်။

"အသက်မဝင်တာက ခံစားမှုမပါလို့ပေါ့"

"ဟွန်း ခရာတော့ ဘာမှနားမလည်နိုင်တော့ဘူး"

"ခရာ နားမလည်ပေမယ့် ကိုယ်လိုချင်တဲ့ ပုံရိပ်က ကွက်တိပဲ"

"အလို"

"ဟုတ်တယ် ခရာ"

တဖွာဖွာလွင့်ကျနေတဲ့ ငုဝါပွင့်ဖတ်တွေကြားမှ ကြယ်ရှုဝံ မျက်နှာကို ခရာ တကယ်ငေးကြည့်မိ၏။

နဖူးကျယ်ကျယ်၊ မျက်ခုံးထူပြီး ညိုနက်သောမျက်ဝန်းတစ်





ရှုံးရှုံးလျှက် နှာတံပေါ်သော်လည်း မျက်နှာက သာမန်ထက် ရှည်လျားတဲ့အပြင် မေးဖျားချွန်နေသော ကြယ်ရှုဝံပုံက တစ်မျိုးထူးခြားနေသည်။

သို့ပေမယ့် တည်ငြိမ်လေးနက်တဲ့အသွင်က ခင်မင်ဖွယ် ကောင်းသည့်ဘာက် နွယ်လျက်ရှိသည်။

ဒါကြောင့် ရတနာမိတ်ဆက်ပေးသည်နှင့် ခရာ ခင်မင်ခဲ့၏။ ခင်မင်စိတ်ကလေးနဲ့ပဲ ခရာ မက်မောသော ကြယ်ရှုဝံပိုင်တဲ့ ငုဝါပင်ကြီးဆီ အရောက်လာခဲ့ခြင်းဖြစ်သည်။

ရတနာက ခရာကိုထားခဲ့ပြီး မလှမ်းမကမ်းဆီထွက်သွား၏။ ခရာက ငုဝါတွေကိုမြင်ရင် ဟန်မဆောင်နိုင်တမ်း မြှတ်နိုးကာ —

တယုတယ ပွင့်ချပ်တွေကို သိမ်းကျုံးပွေ့ပိုက်မွှေးကြူလိုက်လျှင် ကင်မရာမီးရောင် လက်ခနဲဖြစ်သွားမှ အသိတွေ ဝင်လာသည်။

ကြယ်ရှုဝံက စကားလမ်းကြောင်းကို အရှိန်ကောင်းစွာ ပြောနေခဲ့၏။

"ကိုယ် ပြိုင်ပွဲဝင်မယ့် 'နွေရာသီပွဲသဘင်အလှ' ခေါင်းစဉ်အတွက် မြန်မာဆန်တဲ့ နှလုံးသားထဲက ယိုစိမ့်ကျလာမယ့် ခံစားချက်တကယ်ပေါ်လွင်ဖို့လိုတယ်၊ ငုဝါပန်းတွေက နွေရာသီကို ကိုယ်စားပြုလို့ မြန်မာ့သင်္ကြန်ပွဲတော်ရဲ့သင်္ကေတလည်းဖြစ်တယ်၊ ကိုယ့်ရိုးရာ



www.burmeseclassic.com

www.burmeseclassic.com



ပွဲတော်ကို ကိုယ်စားပြုတဲ့ပန်းကို မြန်မာ့သမီးပျိုလေးက ရင်ထဲ တကယ်နှစ်သက်မြတ်နိုးတဲ့ စိတ်ခံစားချက် ပေါ်လွင်နေဖို့ အရေးအကြီး ဆုံးပဲ၊ သဘာဝနေရောင်ကလည်း ဖြာဆင်းနေတဲ့အချိန်နဲ့ ကွက်တိ ဖြစ်ဖို့လည်း လိုအပ်တယ်၊ ပြီးတော့ ပန်းခရာရဲ့အလှက မော်ဒန်ဆန် တဲ့အလှမဟုတ်ဘူး၊ သဘာဝဆန်တဲ့ အလှမျိုးပါ၊ အဲဒီအတွက် အစ အရာရာ သဘာဝကျကျဖြစ်သွားဖို့ ကြိုးစားနေတဲ့ ကိုယ့်အတွက် ပန်းခရာရဲ့ကိုယ်ပိုင်မှုဟန်က အသက်လိုပဲ အရေးကြီးတယ်၊ ဒါကြောင့် ပန်းခရာကို ကြိုတင်အသိမပေးဘဲ ကိုယ့်ဘက်က ကြိုတင်ဖန်တီး ရိုက်ယူလိုက်တာပါ''

ခရာ ဘာပြန်ပြောရမှန်းမသိအောင် မလုံမလဲဖြစ်သွားသည်၊ ခရာက ကိုယ့်စိတ်နဲ့ကိုယ် ပြုမိသွားတာ ကြယ်ရှုဝံအတွက် သ ဆောင်ပေးသလိုဖြစ်သွားမှန်း ခုမှ သိရတဲ့အတွက် ရှက်သွေးလည် တစ်ကိုယ်လုံး ဖြာဝေလို့သွားသည်၊

''အို ကိုကြယ်ရှုဝံကလည်း''

''တကယ်ပြောတာ၊ ခရာ့ကိုယ်မှာဆင်ထားတဲ့ သစ်ရွက် ရောင် စိုလက်နေတဲ့ ချည်သားဝမ်းဆက်က ခရာ့အသားအရေအရော ထွက်မတတ် ဖြူဝင်းကြည်လဲ့နေတယ်၊ ပါးမို့လေးပေါ်က သနပ် ကွက်လေးနဲ့ ကျစ်ဆံမြီးတစ်ချောင်းတည်း ကျစ်ချထားတဲ့ဟန်





မြန်မာဆန်သလို မဟာလည်း ဆန်တယ်၊ ပြီးတော့''

စကားကိုဖြတ်တာလည်းမဟုတ်ဘဲ ခရာ့တစ်ကိုယ်လုံးကို သိမ်းကျုံးကြည့်လျှင် –

''ပြီးတော့ ဘာဖြစ်လဲဟင်''

ခရာ ရှက်စိတ်နဲ့ စကားထောက်ပေးမိသည်။ ကြယ်ရှုဝံက ခရာ့တစ်ကိုယ်လုံးဆီက အကြည့်မရုပ်သိမ်းဘဲ ပြောသည်။

''ပြီးတော့ဗျာ အဝါရောင်ပွင့်ချပ်လွင်ပေါ်မှာ နေရောင်ဖြာ ဆင်းနေတဲ့အချိန် အလှသွေးကြွယ်နေတဲ့ ခရာ့ဟန်မူရာက ဟယာတွေ ဘာတွေလည်း မပါတော့ မြင်လိုက်ရတာနဲ့ ဆွဲညှို့ထားသလိုပဲ၊ မြင် လွှာတွေ ဖယ်ခွာဖို့ မေ့မျောသွားစေတဲ့ သဘာဝအလှ၊ ခံစားမှုပါ သက်ဝင်နေတော့ အနုပညာမြောက်တဲ့ ဓာတ်ပုံ၊ တစ်နည်းပြောရရင် မြင်ပွဲဝင် စံချိန်ပြည့်မီတဲ့ သဘာဝကျကျပုံကောင်းလေး ရလိုက်တယ်၊ တကယ်ဗျာ ပန်းခရာဟာ နွေရာသီသဘင်အလှကို ကိုယ်စားပြုတဲ့ သင်္ကေတအတိုင်းပဲ အပိုအလို လုံးဝမရှိဘူး၊ ကွက်တိ၊ ကွာလတီ ပြည့်ပဲ''

''တော်ပါတော့ ခရာ ရှက်လာပြီ''

ခရာ ရှက်လွန်းလို့ ခေါင်းကို ငုံ့ချလိုက်လေသည်။ ကြယ်ရှုဝံ က ပင်စည်မှာ မှေးကပ်ထားတဲ့ကိုယ်ကို ဖယ်ခွာသည်။



www.burmeseclassic.com

www.burmeseclassic.com



ခရာ့ရှေ့ လျှောက်လာပြီး ခုံတန်းမှာ အခိုင်လိုက် ချူးထားတဲ့ ငုဝါပန်းခိုင်တွေကို လက်နှစ်ဖက်နဲ့ ဆွဲပြီး –

''ခရာ''

ခေါ်သံက ပွင့်ချပ်ကလေးများ ပွတ်တိုက်သံလို နူးညံ့ကြည်မြကာ ခရာ ရုက်မျက်လွှာပဲ ပင့်ကြည့်၏။ အကြည့်ချင်း ခလုတ်တိုက်သွားလျှင် –

''ခရာ့ပုံကို ရိုက်ယူရင်း ကိုယ် ရင်ခုန်ရတယ်၊ တကယ်''

''အိုး ရှင်''

ခရာ ခေါင်းလေးရမ်းခါသွားသည်။ ကြယ်ရွှဝံ ခရာ့ကို ရည်းစားစကားပြောနေပါလားလို့လည်း အသိဝင်လာကာ လှည့်လျှင် –

''ခရာ ငုပန်းတွေ ယူသွားပါဦး၊ ရော့''

ကြယ်ရွှဝံ ပန်းတွေထိုးပေးသည်။ ခရာ့အတွက် တကူးတက ချူးပေးတဲ့ ပန်းတွေမို့ ခရာ လှမ်းယူဖို့ပြင်လျှင် –

''တောက် ဘာပန်းမှ ယူစရာမလိုဘူးကွ''

တောက်ခတ်ရင်း ဟန့်တားသောအသံမာကြီးနဲ့ အနားသို့ အပြေးအလွှာရောက်လာတဲ့သူ။

''ဟင် စံချိန်''

ခရာ တအံ့တသြဖြစ်သွားလျှင် စံချိန်က ကြယ်ရွှဝံနဲ့ မျက်နှာ





ချင်းဆိုင်လေသည်။

''ဒီမှာ ခင်ဗျားကြီး ဒီပန်းပင်နဲ့ တခြားမိန်းကလေးတွေကို မြူဆွယ်စမ်းပါ၊ ပန်းခရာကိုတော့ လုံးဝမထိနဲ့၊ ဒါပဲ လာ ပန်းခရာ''

ပြောလည်းပြောရင်း ခရာ့လက်ကို ပိုင်ပိုင်ကြီးဆွဲကာ ခေါ်ထုတ်ခဲ့တဲ့ စံချိန်သစ်။

ခရာ ဘာမှပြောချိန်၊ ဆိုချိန်မရတော့ပါ။

ကြယ်ရွှဝံကို အားနာသလို၊ စံချိန်သစ်ကိုလည်း နားမလည်နိုင်အောင်ဖြစ်ကာ စံချိန်ဆွဲခေါ်ရာနောက် ပါခဲ့ရလေသည်။

ပန်းခိုင်တွေကိုင်ထားရင်း ကြယ်ရွှဝံရင်မှာ ခံပြင်းသွားသလို ငယ်ထက်က ပွင့်ဖတ်တွေကလည်း သခင့်အလိုကျ ခံပြင်းစိတ်နဲ့၊ ယုတ်ခနဲ သုတ်ခနဲ ခုန်ဆင်းလျက်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၈)

"ဟင်"

"ဟာ"

"စံချိန်"

သူငယ်ချင်းတွေထံမှ အံ့သြသံတွေ ဖြိုင်တူထွက်လာသည်။ ခြေလှမ်းတွေတန့်သွားကာ စံချိန်ကိုပဲ မယုံနိုင်အောင် ကြည့်လေသည်။ ပန်းခရာလက်ကို စံချိန်ဆွဲခေါ်လာတာ ဘာကြောင့်ပါလိမ့်။

"လွှတ်လေ စံချိန်"

ခရာ ရှက်စိတ်နဲ့ ခံပြင်းကာ စံချိန်လက်ကို ပုတ်ချရင်း ပြောသည်။ စံချိန်က လွှတ်မပေးသေး။ တင်းကျပ်စွာ ဆုပ်ကိုင်ထားလျက်နဲ့ ပြောသည်။





"မလွှတ်ဘူး"

"ဟာ နင် ဘာယ်လိုဖြစ်နေတာလဲ စံချိန်၊ ခရာ ရှက်လှပြီ"

"ဩော် ခုကျတော့ ရှက်တယ်၊ ကြယ်စုံရှေ့မှာ ဟန်ရေးပြတာ မရှက်ဘူးလား နေဦး နင်တို့က ဘာအထာတွေလဲ"

"ကျုပ်တ် နင် ဘာတွေလာပြောနေတာလဲ"

ခရာ ရှက်လွန်းလို့ မျက်ရည်ဝဲသွားသလို ပြောသံမှာ ငိုရိပ်လေး စွက်လာသည်။

"ဘာပြောရမလဲ၊ နင် နားမလည်ဘူးလား၊ အဲဒီကြယ်စုံဆိုတဲ့ကောင်က ဘာကောင်လဲ နင်မသိဘူးလား"

"ဟာ ငါက ဘယ်လိုလုပ်သိမှာလဲ"

"မသိရင် မှတ်ထား"

ခရာ့လက်ကို ဆောင့်ခနဲလွှတ်ချပြီး ဆက်ပြောသည်။

"အဲဒီငနဲက နင်တို့လို ပုံတုံးပုံးအလေးတွေကို စကားလှလှလေးတွေ ကျွေးပြီး သူ့ခါတ်ပုံပညာအတွက်ဆိုတဲ့ ခေါင်းစဉ်နဲ့ သိမ်းသွင်းနေတာ၊ ဖြားယောင်းသွေးဆောင်နေတာ၊ နားလည်လား"

ပန်းခရာ နှုတ်ခမ်းလေး ပွင့်ဟကာ –

"ကြယ်စုံက အဲလို ဟုတ်လို့လား"

ခရာ မယုံနိုင်စွာ မေးမိလေသည်။ စံချိန်က တောက်ခတ်ရင်း



www.burmeseclassic.com

www.burmeseclassic.com



အံကြိတ်၏။ အခြေအနေက တင်းမာနေပြီမို့ နေဝန်းတို့ သူတို့နှစ်ယောက်ကြား ရောက်လာ၏။

"ကဲပါကွာ၊ နောက်မှ အေးအေးဆေးဆေး ပြောကြတာပေါ့၊ လမ်းမကြီးမှာ သူများတွေ ကွက်ကြည့်ကွက်ကြည့်လုပ်နေပြီကွ"

"ဟုတ်သားပဲ ခရာ၊ လာ"

သူငယ်ချင်းတွေ သူတစ်ခွန်း ငါတစ်ခွန်းပြောရင်း ခရာနဲ့ စံချိန်ကြား လေပြည်သွေးလေသည်။

ခရာက ရှက်လွန်းတာနဲ့ပဲ မျက်ရည်များ ဖြိုကျလာကာ –

"ပြောလေ ကြယ်မှုဝံက စံချိန်ပြောသလို လူလား"

ခရာသိချင်တာပဲ ဖွင့်မေးသည်။

"ဘာလဲ အဲလိုကောင်မျိုးကိုမှ နင်က ရင်ခုန်ချင်တာလား"

စံချိန်ရှေ့တိုးလာရင်း ဆိုသည်။ ခရာ မျက်ရည်တွေ သုတ်ရင်း –

"မဟုတ်ဘူး၊ ရတနာက ခရာ့ကို ကြယ်မှုဝံနဲ့ မိတ်ဆက်ပေးတာ ရိုးရိုးသားသားပဲ၊ အခုလည်း ခရာ ဘာမှမသိဘူး"

"ဘာလို့မသိရမှာလဲ၊ နင့်ကို ရတနာ ထားသွားတိုင်း နင်နေခဲ့ရစရာလား၊ ငတုံးမရဲ့"

စံချိန် အားမရနိုင်တော့ပါ။ ခရာ့ပခုံးနှစ်ဖက်ကို လှုပ်ခါရင်း





ပြောပြော၏။ ခရာ မျက်ရည်များကြားက စံချိန်ကို မော့ကြည့်မိသွားသည်။

ဝိုင်းဝန်းနေသော စံချိန်မျက်ဝန်းက နက်ပြောင်တောက်ရွှန်းကာ ဖွင့်တရွှတ်ဆန်မှုနဲ့ လျှို့ဝှက်သောခံစားမှုများ ကိန်းဝပ်နေမှန်း သိသာနေသည်။ ဘာကြောင့် ခရာ့ကို ငတုံးမလို့ နှိမ့်နှိမ့်ချချခေါ်ဝေါ်နေရတာလဲဆိုတဲ့ အနက်အဓိပ္ပာယ်တွေကို ခရာ နားလည်သလိုလိုဖြစ်သွားလျှင် –

"ခရာ"

ခေါ်သံနဲ့ အပါးသို့ ပျာယာခနဲရောက်လာတဲ့ ရတနာ။ နေဝန်းတို့အားလုံး ပြဿနာအကြီးကြီးတက်တော့မယ်ဆိုတာ ခန့်မှန်းမိကာ အမူအရာတွေ ပျက်သွားသည်။

"နင်က ဒီကောင်တွေနဲ့ ဘာလုပ်နေတာလဲ"

ခရာကိုမေးသလို စံချိန်ကိုလည်း တစ်ဆက်တည်းကြည့်ကာ

"ဖယ်လေ၊ နင်က ဘာလုပ်တာလဲ၊ ခရာ့ကို ပိုင်စိုးပိုင်နင်းနဲ့ ပုံးလာကိုင်တာ"

ပြောလည်းပြောရင်း စံချိန့်ကို ရင်ဘတ်မှ ဆောင့်တွန်းပစ်၏။

"ရတနာ"

စံချိန်ခေါ်လိုက်ပေမယ့် အတွန်းခံရတဲ့ကိုယ်က ယိုင်နဲ့နဲ့ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သွား၏။ အလင်းပြိုင်တို့ ကမန်းကတန်း ကူထိန်းလိုက်ရသည်။

"ဒီမှာ စံချိန်၊ ခရာနဲ့ နင် ဘာမှပတ်သက်စရာမလိုဘူး။ ကြယ်ရှုဝံနဲ့ခရာကို ငါကိုယ်တိုင် မိတ်ဆက်ပေးထားတာ၊ ဒီလောက်ဆို သဘောပေါက်လိုက်၊ ကြယ်ရှုဝံက နင့်လို အရိုင်းမဟုတ်ဘူးနော်၊ နောက်တစ်ခါလုပ်လို့ကတော့ နင် မလွယ်ဘူး။ ရတနာသွယ် ဘာလဲ ဆိုတာ နင် သိသွားစေရမယ်၊ ဟွန်း လာခဲ့ ခရာ"

စံချိန်ကို လက်ညှိုးငေါက်ငေါက်ထိုးကာ ပြော၏။ ပြောပြီးသည်နှင့် ခရာ့လက်ကိုဆွဲကာ စံချိန်ရှေ့ကနေ ရင်ကော့ထွက်သွားတဲ့ ရတနာသွယ်။ ခရာခမျာ မျက်ရည်စက်လက်နဲ့ ရတနာ့ဘက် ပါသွားလေသည်။

"တောက်"

စံချိန် အံတင်းတင်းကြိတ်ကာ တောက်ခတ်၏။ သက်ဦးမောင်တို့ သက်မကိုယ်စီချသည်။

"အလင်း မင်းရတနာက ဘယ်လိုလဲကွာ"

နေဝန်းကလည်း ရတနာ့အပေါ် စံချိန်နည်းတူ မကြည်လင်စွာ ပြောသည်။ အလင်းပြိုင် ဘာပြောလို့ ပြောရမှန်းမသိတော့ပါ။

ရတနာ့ကို သူကသာ တစ်ဖက်သတ်ချစ်နေခဲ့တာ၊ ရတနာက သူချစ်ကြောင်းသိလျက်နဲ့ အရေးမစိုက်ဘဲနေတာ သူငယ်ချင်းအားလုံး





သိလျက်နဲ့။

"ငါ ဘယ်သိမလဲကွာ"

ဒါပဲပြောရင်း ခေါင်းယမ်းသည်။

"သက်သက်လူပါးဝတာပေါ့ကွ"

စံချိန်က လက်သီးကျစ်ကျစ်ဆုပ်ရင်း ပြောသည်။ အလင်းပြိုင်ကိုလည်း အားမနာ။

"နေဦး စံချိန်၊ အခု မင်းမြှားဦးက ဘယ်ဘက်လှည့်နေတာလဲ"

ဇေယျာက မျက်စိလည်ကာ မေးသည်။

"အားလုံးပဲကွာ"

ကျွတ်ဆတ်ဆတ်ပြောရင်း ရှေ့က ထွက်သွားသည်။ သူငယ်ချင်းအားလုံး တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ -

"ရှေ့ဆက် ငါတော့ မြင်ယောင်သေးတယ်"

"ဘာကိုလဲ"

"ဘာရမလဲကွာ၊ ခရာနဲ့ပတ်သက်ပြီး စံချိန်၊ ကိုလတ်နဲ့ ကြယ်ရှုဝံတို့ သုံးယောက်ကြားထဲ ရတနာ ဘယ်လို ရောသမမွှေမလဲ ဆိုတာပေါ့ကွာ"

သက်ဦးမောင် ဒါပဲပြောကာ စံချိန့်ခြေလှမ်းနောက် လိုက်



www.burmeseclassic.com

www.burmeseclassic.com



ပါသွားသည်။ သူငယ်ချင်းအားလုံးလည်း ရင်လေးကာ –

ပန်းခရာ မင်းလေးဟာ ခုနှစ်ပြည်ထောင် စစ်မက်ဖြစ်စေမယ့် ရာဇဝင်ထဲက မင်းသမီးလေးနယ်လား။

✿ ✿ ✿



အခန်း (၂၁)

"ကိုကြီး ပြောလေဗျာ"

"ဟာ ကိုလတ်နဲ့တော့ကွာ"

ဥက္ကာသစ် မျက်နှာကြီးရှက်ကာ ရဲသွားသည်။ ကောင်းကင်သစ်က နည်းနည်းလေးမှ အလျှော့မပေးပါ။

ကိုကြီးနောက် တကောက်ကောက်လိုက်မေးသည်။ ဥက္ကာသစ် ရှောင်ထွက်ခဲ့သော်လည်း မရ။ စာဖတ်ခန်းထဲအထိ တန်းဝင်လာသည်။

စာအုပ်စဉ်ပေါ်က ဖတ်စရာစာအုပ် ဆွဲယူမလို့ပြင်သည်။ ကောင်းကင်သစ်က ထိုလက်ကို ဆွဲတားပြီး –

"ကိုကြီးကလည်းဗျာ ဒါ ရှက်စရာမှ မဟုတ်တာ၊ ပြောစမ်း



www.burmeseclassic.com

www.burmeseclassic.com



ပါဗျာ၊ မမချိုကို ကိုကြီး ဘယ်လိုရင်ဖွင့်ခဲ့လဲ၊ ကိုကြီးက အတွေ့အကြုံ ရှိတဲ့သူပဲ၊ သင်ပေးစမ်းပါဗျာ၊ ညီအစ်ကိုချင်းပဲ ရှက်မနေနဲ့ ပြော ဗျာ''

ကောင်းကင်သစ် အသည်းအသန်ဖြစ်နေသည်။ ပန်းခရာကို ရင်ဖွင့်ဖို့တဲ့။

ကိုကြီးအလှည့်တုန်းက ဘယ်လိုရင်ဖွင့်လဲ၊ ဘာညာနဲ့ ဖွတ် ဖြစ်နေသည်။ ဥက္ကာသစ်မှာ ရှက်လည်းရှက်သလို ညီဖြစ်သူကို စာနာ လို့နေသည်။

''ခရာက ငယ်တာငယ်တာ၊ အရွက်လည်း ကြီးတယ်၊ ပြီး တော့ ရိုးရိုးယဉ်ယဉ်ကြီး မဟုတ်လား၊ တဲ့ကြီး ချစ်တယ်ဘာညာ ပြောရင် ဒီကောင်မလေး တိုက်ထဲကနေ အပြင်တောင်ထွက်ရဲတော့ မှာ မဟုတ်ဘူး၊ ဒါကြောင့် ကိုကြီးကို အကူအညီတောင်းရတာ ဘယ်လိုရင်ဖွင့်ရင်ကောင်းမလဲ ကိုကြီး၊ ပြောဗျာ''

နောက်ဆုံး ဥက္ကာသစ်ပဲ လက်လျှော့လိုက်ရသည်။

ပန်းခရာကလည်း တစ်မျိုးလေး မဟုတ်လား။ ရတနာလို သွက်သွက်မြူးမြူးလေးဆို ဒီလောက် ခေါင်းစားစရာမလိုဘူး။

''ကဲပါကွာ ညီလတ် တကယ်ရင်ဖွင့်တော့မယ်ဆိုရင် ကြုံ ရရလေးနေ''





''နောက်တော့ရော''

''ဟိုကရှက်နေရင်လည်း မျက်နှာလေးကို စိုက်ကြည့်လိုက်''

''စိုက်ကြည့်ပြီးရင်''

ညီလတ်က အဆက်အစပ်မိအောင် တစ်ခွန်းချင်း ဆက်မေး ၏။ ကိုကြီးက စာအုပ်တစ်အုပ်ဆွဲယူ၍ အဓိပ္ပာယ်မဲ့ ဟိုလှန် ဒီလှန် လုပ်ရင်း ပြောသည်။

''စိုက်ကြည့်ပြီး ခပ်တိုးတိုးပြောပေါ့ကွာ၊ အဲသလိုပြောတဲ့ အခါမှာ သူ့ဘက်က စိတ်ကြည်သာနေတဲ့အချိန်မျိုးဖြစ်ဖို့ အရေးကြီး တယ်''

''အိုကေ၊ နက်ဖြန် နှစ်ဆန်းတစ်ရက်နေ့ ခရာ ငါးသွားလှူတ ယ်တဲ့ ကိုကြီး၊ ကျွန်တော့်ကို လိုက်ပို့ပေးဖို့ အန်တီသွယ် ပြောထား တယ်''

''ကောင်းတာပေါ့ကွ၊ ဒါပေမဲ့ အလောတကြီးနဲ့ ကြွေမွဲ ဖြစ်အောင်လည်း မလုပ်နဲ့ဦး''

အသံက တိုးသော်လည်း အပြင်ကို ပျံ့လွင့်လာသည်။ အပြင် က ပြန်လာတဲ့ စံချိန်။ အပေါ်ထပ်တက်ဖို့ ညှော်ခန်းကို ဖြတ်တဲ့အခါ ကိုကြီးရဲ့စကားသံ ကြားတာမို့ ခြေလှမ်းတန့်ကာ နားရွက်ထောင်သွား သည်။



www.burmeseclassic.com

www.burmeseclassic.com



"စိတ်ချ ကိုကြီး၊ ဒါနဲ့ နောက်ပြီးတော့ရော"

ကိုလတ်ရဲ့မေးသံ။ စံချိန်သစ် မျက်မှောင်ကြုတ်ကျသွာ

သည်။

"ချစ်တယ်ဆိုတာ နူးညံ့သိမ်မွေ့ခြင်းနဲ့ သာယာကြည်နူးခြ

တွေ ပါတယ်၊ အဲဒီအရသာကို တစ်ဖက်က မိန်းကလေး ခံစားမိ

ကိုယ့်ဘက်က စပြီး နှလုံးသားပန္နက်ရိုက်တဲ့သဘော၊ စကားလုံ

ချစ်ပန္နက်ရိုက်တဲ့ဆီမှာ တကယ်ချစ်၊ တကယ်ရင်ခုန်တဲ့ဗီလင် ခ

တစ်ပါတည်း ကူးစက်သွားစေဖို့က ညီလတ်ရဲ့ လက်စလက်နပေါ်မှ

မူတည်တယ်၊ ကြည့်ကျက်ပြီး ရင်ဖွင့်ပေါ့ကွာ၊ဟုတ်ပလား"

"ကျစ်"

ကိုကြီးအသံအဆုံးမှာ စံချိန် နားခါးသွားသည်။ မျက်နှာ

လည်း မဲ့ပစ်ပြီး ခေါင်းယမ်းသည်။

ကိုကြီးနဲ့ကိုလတ် စည်းလုံးနေတာကို စံချိန် အမြင်က

လျက် စာဖတ်ခန်းအဝမှာ မတ်မတ်ရပ်မိလေသည်။

"ကိုကြီးရာ ဒီကိစ္စက သင်ပေးစရာလိုလား၊ ကိုလတ်

လည်း ဝေါက်ပဲ"

"ဟင်"

ကိုကြီးနဲ့ကိုလတ် ပြိုင်တူလှည့်ကြည့်၏၊ မှန်တေထားသေ





ချိန့်မျက်နှာကို ဒေါကြည့်၍ ကိုကြီး မေးဆတ်၏။

"ညီငယ်က ဘာသိလို့လဲ"

"သိစရာလား၊ ကိုလတ်က ဘယ်လိုရင်ဖွင့်မယ် ဘာညာလုပ်

မှတုန်း ပန်းခရာ ကြယ်ရူဝံရင်ခွင်ထဲ ဒိုင်ဗင်ရောက်နေတာ သိလည်း

သိဘဲနဲ့ဗျာ၊ တကယ် တုံးလွန်းတယ်"

"ဘာ ဘာ ညီငယ်"

ကောင်းကင်သစ် ညီငယ့်ရှေ့ တိုးထွက်လာပြီး မေးသည်။

ချိန်သစ် ခံပင်ကို ထိုးမွှရင်း မျက်နှာမဲ့ချပြီး –

"ဟုတ်တယ်လေ၊ ပန်းခရာ ကြယ်ရူဝံခြံထဲရောက်နေတာ

နှမ်တော်တွေ့လို့ သွားခွဲလာတာ"

"ဟေး"

ကိုကြီး၏အံ့သြသံ။

"အခု အခု ခရာ ခရာ"

ကိုလတ်ရဲ့အသည်းနှလုံး မွတ်တိုက်သံ။ လိုက်ခုန်ပေါ်ထွက်

လာသည်။ စံချိန် မဲ့မဲ့ကြီးပဲ ပြောသည်။

"ရတနာ့လက်ထဲ ပါသွားပြီဗျ"

ကိုလတ် အလုံးကြီး ပြုတ်ကျသွားသလို ခုမှ ရင်ပေါ့သွား

သည်။ ဒါပေမဲ့ မအီမလည်ဖြစ်နေကာ –



www.burmeseclassic.com

www.burmeseclassic.com



"ကိုကြီး ညီ ဘယ်လိုလုပ်ရမလဲဗျာ။ အခုပဲ သွားရင်ဖွင့်ရ ကောင်းမလား"

ဥက္ကာသစ်ကို အားကိုးတကြီးမေးတဲ့ ကိုလတ်။ ကိုကြီး ဘယ် လိုအကြံပေးရကောင်းမှန်းမသိအောင် တွေဝေကာ စဉ်းစား၏။

စံချိန်က သည်းရန်ရောခဆိုတဲ့ မျက်လုံးနဲ့ ကိုလတ်ကို ကြည့်ပြီး ပြောသည်။

"ကောင်းမယ်ထင်ရင် သွားပြီးရင်ဖွင့်၊ ရဟန္တာစကားလုံး မငြိရင် ကျွန်တော့်ဖက်ကို လာဖြတ်လိုက်"

"ဟာ"

"ဘာတွေလဲကွာ"

စံချိန် ဘာမှပြန်မပြောတော့။ ကိုကြီးနဲ့ကိုလတ်ကို ကျော်၍ ထွက်ခဲ့သည်က ချက်ချင်း။

ပန်းခရာကို ခြုံနိုင်ဖို့က ရဟန္တာခဆိုတဲ့ ဘီလူးမကြီး ရှိနေတာ ကိုကြီးနဲ့ကိုလတ်မှ မသိဘဲ။

"သနားတယ်ဗျာ ကျွတ် ကျွတ်"

✿ ✿ ✿



အခန်း (၂၂)

"ဟယ် မဆင်းကလျာ မဟုတ်လား"

ဒေါ်သွယ်သွယ်စိုး အံ့ဩတာတွေ ဘေးဖယ်ကာ ဒေါ်ဆင်း ကလျာကို လှိုက်လှိုက်လှဲလှဲ ဖိတ်ခေါ်လိုက်သည်။

အနက်ရောင်ဖိတ်ဖိတ်တောက်နေတဲ့ ပါရဒိုကားသစ်ကြီးပေါ် က ဆင်းလာတဲ့ ဒေါ်ဆင်းကလျာ။ ဂုဏ်ရှိန်ဝါတို့နဲ့ ခမ်းခမ်းနားနားဖြစ် နေပါသည်။

"သွယ်တို့က ကလျာ့ကို မှတ်တောင် မှတ်မိမလားလို့"

"ဪ ကလျာရယ် မမှတ်မိစရာလားလို့၊ လာ ဧည့်ခန်းထဲ သွားရအောင်"

ဒေါ်သွယ်သွယ်စိုး ဧည့်ခန်းထဲ ဦးဆောင်ဝင်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ဆင်းကလျာက သားဖြစ်သူ ကြယ်ရှုဝံကို ခုမှပဲ ကားပေါ်က ခေါ်ချသည်။ ကြယ်ရှုဝံလည်း ဒေါ်သွယ်သွယ်စိုး လှိုက်လှိုက်လှဲလှဲ ဖိတ်ခေါ်မှ ကားပေါ်ကဆင်းသည်။

"ကလျာ့သားလည်း ပါတာကိုး"

သားမိနှစ်ယောက်ယှဉ်ပြီး ဧည့်ခန်းထဲဝင်လာမှ ကြယ်ရှုဝံကို ဒေါ်သွယ်သွယ်စိုး မြင်လေသည်။

"ဟုတ်တယ် သွယ်ရေ့ သားကိစ္စနဲ့ လာတာဆိုတော့ သား ပါလာရမှာပေါ့ ဟင့် ဟင့် ဟင့်"

ကြယ်ရှုဝံက ပြုံးရုံသာ ပြုံးသည်။ ဒေါ်ဆင်းကလျာက စိတ်အားထက်သန်စွာ ပြောသည်။

ဒေါ်သွယ်သွယ်စိုးရင်မှာ အတိုင်းအဆမရှိ ဂုဏ်ယူကျေနပ်နေသည်။ ဒေါ်ဆင်းကလျာဆိုတာ တော်တန်ရုံအစားထဲက မဟုတ်ပါ။ တစ်လမ်းတည်း အတူတူနေကြပေမယ့် ဒေါ်ဆင်းကလျာရဲ့အရှိန်အဝါက နိုင်ငံကျော်သည်။

ရှုဝံရုပ်ရှင်ထုတ်လုပ်ရေးက နာမည်ကြီး။ နိုင်ငံကျော်မင်းသား မင်းသမီးတွေအားလုံးက ဒေါ်ဆင်းကလျာလက်ထဲမှာ။ အနုပညာ အလုပ်နဲ့ အကျိုးပေးသလို၊ နိုင်ငံတကာမှာလည်း ဒေါ်ဆင်းကလျာရဲ့ အနုပညာလုပ်ငန်းကြီးတွေ ရှိ၏။





သားဖြစ်သူကလည်း နိုင်ငံကျော် ဓာတ်ပုံဆရာ။ ဒေါ်ဆင်းကလျာနဲ့ ထိပ်တိုက်တွေ့ခွင့်ရဖို့ဆိုတာ လနဲ့ချီ စောင့်ဆိုင်းရသည်များ ရှိသည်။

ဒေါ်ဆင်းကလျာကိုယ်တိုင် ဒေါ်သွယ်သွယ်စိုးဆီ တကူးတက လာရတာဆိုတော့ ဘာကိစ္စနဲ့လည်းဆိုတာ သူမ မခန့်မှန်းနိုင်ပေ။

ဒေါ်သွယ်သွယ်စိုးနဲ့ ကျောင်းတုန်းက အတူတူမို့ သိကျွမ်းခဲ့ပေမယ့် တကူးတကသွားလာလည်ပတ်ရလောက်တဲ့အထိ မရင်းနှီးပါ။ ဖြတ်သွားဖြတ်လာ ကြုံရင် ပြုံးပြရုံမျှသာဖြစ်သည်။ ခုတော့ –

"ထိုင်ကြပါ၊ တစ်ခုခုစီစဉ်လိုက်ဦးမယ်"

"အို နေပါစေ သွယ်၊ သွယ်လည်း ထိုင်ပါဦး၊ ကလျာ အရေးတကြီး ပြောစရာရှိလို့ လာခဲ့တာပါ၊ သူငယ်ချင်းရယ်"

အရေးကိစ္စရှိလာပြီမို့ ဒေါ်ဆင်းကလျာ ရင်းနှီးစွာပဲ ဆိုသည်။ သွယ့်လက်ကို ဆွဲပြီးလည်း အနားမှာ ထိုင်စေသည်။

ဒေါ်သွယ်သွယ်စိုး ထိုင်လိုက်ရသည်။ သားမိနှစ်ယောက် ဒေါ်သွယ်သွယ်စိုးကိုပဲ စိုက်ကြည့်ကာ ကြယ်ရှုဝံ မိခင်ကိုမျက်စပြလျှင် ဒေါ်ဆင်းကလျာ စကားစပြောသည်။

"သွယ့်ဆီမှာ အပူကပ်မလို့ကွဲ့"

"ဘာများလဲ ကလျာရယ်"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ပြောရမယ်ဆိုရင်တော့ ကလျာ့သား ကြယ်ရှူဝံပေါ့၊ သွယ်တို့တိုက်မှာ လာနေတဲ့ ပန်းခရာဆိုတဲ့ ကောင်မလေးကို မြတ်နိုး ပါသတဲ့လေ၊ အဲဒါ"

"ဩော်"

ဒေါ်သွယ်သွယ်စိုး အံ့ဩကြီး အံ့ဩကာ ကြယ်ရှူဝံကို ကြည့် မိသွားသည်။ ကြယ်ရှူဝံ မျက်နှာမထားတတ်သလို လျှပ်တစ်ပြက်တော့ ရှက်ရေးရေးဖြစ်သွားပါသည်။

"ခရာလေးကို ဟုတ်လား ကလျာ"

ဒေါ်သွယ်သွယ်စိုး မယုံတစ်ဝက် ယုံတစ်ဝက်နှင့် အံ့ဩကာ ဘေးဖယ်ပြီး ပြန်မေး၏။ ဒေါ်ဆင်းကလျာ အားတက်သရေဖြစ်ကာ-

"ဟုတ်ပ့ါ သွယ်ရယ်၊ ဟုတ်ပ့ါ"

တဲ့။ ဒေါ်သွယ်သွယ်စိုး အံ့ဩတာတွေ တကယ်ဘေးဖယ် လိုက်ရလေသည်။ ရိုးရိုးယဉ်ယဉ်နဲ့ အလှသွေးကြွယ်တဲ့ ပန်းခရာ။

မြင်လိုက်တဲ့ယောက်ျားလေးတိုင်း ချစ်စိတ်ကြိုက်စိတ်တွေ ဝင်သွားတာ ခမျာလေးရဲ့ ထူးခြားတဲ့အလှဂုဏ်ပါပဲ။

ခရာရဲ့အလှဂုဏ်ကြောင့် ကိုလတ်ဆိုတဲ့ကောင်းကင်သစ်က လည်း လိုချင်။ ဟိုအငယ်ကောင် စံချိန်သစ်စိတ်ကလည်း မရိုး။ မှ တစ်ခါ ကြယ်ရှူဝံဆိုတဲ့တစ်ယောက်ပါ တိုးလာပြီ။





"သွယ် ကူညီပါနော်၊ ကလျာက သားသဘောကျတဲ့ ပန်း ခရာကို တန်ဖိုးထားပြီး လိုချင်တယ်၊ အဲဒီအတွက် ကလျာ့ဘက်က ဘယ်လောက်ဖြစ်ဖြစ် တင်တောင်းမယ်၊ စိန်, ရွှေ, ငွေ, တိုက်, ကား၊ အိုး ဘာတွေနဲ့မဆိုပေါ့၊ သားလိုချင်လာပြီးဆိုမှာတော့ ကလျာ ပုံအောပေးပြီး တောင်းယူမလို့၊ ကလျာ့ကို ကူညီနော် သူ့ငယ်ချင်း ဖြစ်အောင် ကူညီပေးစမ်းပါ၊ ဒီမှာ သွယ့်အတွက် ကလျာ လက်ဆောင် ယူလာသေးတယ်၊ ရော့ သွယ်"

ဒေါ်ဆင်းကလျာ အကောင်းစားလက်ပွေ့အိတ်ကြီးထဲက ကတ္တီပါဘူးအနီရောင်ထုတ်ကာ ပေးသည်။ ဒေါ်သွယ်သွယ်စိုး လက် ကာရင်း -

"အို နေပါစေ ကလျာ၊ မယူပါရစေနဲ့"

"ယူပါ ကလျာရဲ့၊ ရော့ ယူပါ"

လက်ကို အတင်းဆွဲကာ ငြင်းဆန်လို့မရအောင် ဖွတ်ထုတ် ပေးသည်။

"ယူပါ အန်တီသွယ်၊ ကျွန်တော့်ကိစ္စသာ ဖြစ်မြောက်အောင် ကူညီပေးပါ၊ မာမီကလည်း ပန်းခရာကို သဘောကျတယ်၊ ကျွန်တော် ကလည်း မြတ်မြတ်နိုးနိုး လိုချင်တယ်၊ ဒါကြောင့်ပါ"

ကြယ်ရှူဝံ ရှေ့မျက်နှာ နောက်ထားပြီး ပြောသည်။ ငြင်းဆန်



www.burmeseclassic.com

www.burmeseclassic.com



လို့မရတဲ့အဆုံး ဒေါ်သွယ်သွယ်စိုး လက်ခံလိုက်ရသည်။

အင်းပါလို့လည်း ခေါင်းညိတ်လက်ခံရကာ သားမိနှစ်ယောက် ကျေးဇူးတင်ကြောင်း ပြောဆိုသလို အမြန်ဆုံးအကြောင်းပြန်ပေးပါလို့လည်း အကြိမ်ကြိမ်အခါခါပြောပြီး ပြန်သွားလေသည်။

ထိုသားအမိရဲ့ကားသစ်ကြီး ခြံကွင်းထဲက ပျောက်ကွယ်ကာမှ ဒေါ်သွယ်သွယ်စိုး သက်မချသည်။ လက်ထဲမှာ ဆုပ်ထားမိတဲ့ ကတ္တီပါဘူးကို ငုံ့ကြည့်မိ၏။

ဘာများပါလိမ့်။ သိချင်စိတ်နဲ့ ဖွင့်ကြည့်လျှင် ဖြိုးဖြိုးဖြက်ဖြက်အရောင်ထွက်နေတဲ့ စိန်ထည်တွေ။

"ဟင်"

ဒေါ်သွယ်သွယ်စိုး မျက်လုံးအစုံပြူးကျယ်ပိုင်းစက်လျက် နှုတ်ကလည်း အံ့သြလွန်းလို့ ဘုရားတကာ –

"ဘုရား ဘုရား စိန်တစ်စုံစာတောင်"

စိန်ထည်တွေကို တစ်ခုချင်း ကိုင်တွယ်ကြည့်နေတဲ့ ဒေါ်သွယ်သွယ်စိုး လက်တွေပါ တုန်ယင်လို့နေသည်။

ပြော် ပန်းခရာလေးရယ် ညည်းလေး စန်းပွင့်ပုံက အံ့မခန်းလိလိ။

✿ ✿ ✿



အခန်း (၂၃)

ကန်ရေပြင်က ကြည်မြကာ ရေညှိကလေးများကြောင့် စိမ်းဖန့်ဖန့်နဲ့ တအားကြည့်ကောင်းနေသည်။

မည်းပြောင်သော ကိုယ်လုံးလေးများ လှုပ်ခါပြီး ရေထဲကူးခတ်နေတဲ့ ငါးများကိုကြည့်ရင်း ခရာ့စိတ်နှလုံး ကြည်ရွှင်မြူးကြွလျက်ရှိသည်။

ကျန်နေသေးတဲ့ ငါးကလေးများကို တစ်ကောင်ပြီးတစ်ကောင် ရောက်နှံထဲလွှတ်ရင်း နှစ်သစ်ကူး ကုသိုလ်ယူနေရှာတဲ့ ပန်းခရာ။ ကောင်းကင်သစ် ရပ်ကြည့်နေရင်း ရင်ခုန်သံ မြန်လာသည်။

"ခရာ"

တိုးဖွဖွခေါ်ရင်း ခရာ့ဘေးမှာ ထိုင်ချသည်။ ခရာက ငါးလွှတ်



www.burmeseclassic.com

www.burmeseclassic.com



နေရာမှ ကောင်းကင်သစ်ကို တစ်ချက်ကြည့်သည်။

စိုအိသောနှုတ်ခမ်းတို့က ပြုံးအီနေလျှင် ကောင်းကင်သစ် ရင်ခုန်သံကို ထိန်းချုပ်မနိုင်ဖြစ်၏။

''ကိုလတ် ငါးလွှတ်မလို့လားဟင်''

ခရာ ဣန္ဒြေရရမေးသည်။ ကောင်းကင်သစ် စိတ်လှုပ်ရှားကာ ဆံပင်တစ်ချက် သလေပြီး –

''ဟင့်အင်း''

ဟု ခေါင်းယမ်းသည်။ ခရာက ငါးတစ်ကောင်ပြီးတစ်ကောင် အလွှတ်မပျက်ဘဲ –

''ပြောစရာရှိလို့လား''

''အင်း''

ကောင်းကင်သစ် ခေါင်းညိတ်မှာ မျက်လုံးအကြည့် ရီဝေသွားမှန်း ခရာ မြင်မိ၏။

''ပြောမယ်ဆိုပြောလေ''

ခရာ စကားလမ်းကြောင်း စပေးလိုက်၏။ ခရာက ငါးတွေ တစ်ကောင်ပြီးတစ်ကောင် ရေထဲလွှတ်ချသည်။

ကောင်းကင်သစ် ခရာနဲ့ငါးလေးများကို ငေးကြည့်ရင်း သက်မချသည်။ စိမ်းလဲ့သောရေထဲ လွှတ်လပ်စွာ ကူးခတ်သွားတဲ့





ငါးကလေးများက ချစ်စရာအတိ၊ ခရာ့စိတ်ကလည်း ငါးကလေးများလို လွှတ်လပ်ပေါ့ပါးကာ။ အခုလိုအချိန်မှာ ပြောတာ အကောင်းဆုံးပဲ။ ကောင်းကင်သစ် နိုင်မာစွာ ဆုံးဖြတ်ထားတဲ့အတိုင်း –

''ခရာ့ကို ကိုလတ် ချစ်နေတယ်''

''ဟင်''

''ခရာ့ကို ကိုလတ် ချစ်နေတယ်''

''ဘုရားရေ''

ခရာ အံ့သြကာ နှုတ်ခမ်းလေး ဟဟဖြစ်၏။ ဘုရားတရင်း ငြိမ်သက်သွားတဲ့နောက် အကြည့်တို့က ကိုလတ်ဆီ ဝဲသွားသည်။

ကိုလတ်က ရေစိုနေသေးသည့် ခရာ့လက်တစ်ဖက်ကို မြတ်နိုးစွာ ဆွဲယူသည်။ ခရာ ရှက်ကာ –

''အိုး''

ခနဲ အသံထွက်၏။ ချက်ချင်းလည်း လက်ကို ပြန်ဆွဲယူပြီး ကိုလတ်အပါးက ထရပ်သည်။ ငါးထည့်တဲ့ ရေဖလား လွှတ်ကျသွားသော်လည်း ပြန်မကောက်တော့ပါ။ ကိုလတ်လည်း ထိုင်ရမှ ထလေပြီ၊

''ကိုလတ် ခရာ့ကို မြတ်နိုးစိတ်နဲ့ တကယ်ချစ်တယ်၊ တကယ် ပိုင်ချင်တယ်၊ ကိုလတ်အချစ်ကို လက်ခံပေးပါ ခရာ နော်''

''အိုး ကိုလတ်ကလည်း၊ ခရာ ခရာ ဒါတွေ စိတ်မဝင်စား



www.burmeseclassic.com

www.burmeseclassic.com



သေးဘူး''

ခရာပြောရင်း ရေကန်အုတ်ဘောင်ဘက် လှည့်ထွက်ခဲ့သည်။

ကိုလတ်က အုတ်ရိုးဘောင်မှာ လက်ထောက်ရပ်၍ ရှေ့က ပိတ်ရပ်၏။ ခရာ ရှောင်ထွက်လို့မရ။ ပိတ်မသွားသည်က ကိုလတ်အတွက် အခွင့်အရေးရသွားသည်။

''ခရာ စိတ်ဝင်စားတဲ့အထိ ကိုလတ် စောင့်မယ်''

''ဟင့်အင်း''

''ဘာဖြစ်လို့လဲ၊ ကိုလတ်မှာ ဘာအားနည်းချက် ရှိလို့လဲ''

ခရာ မျက်လွှာချကာ ခေါင်းယမ်းသည်။ ကိုလတ် အားမလိုအားမရဖြစ်ကာ အုတ်ရိုးဘောင်မှာထောက်ထားတဲ့ လက်ကို ဖြုတ်သည်။ ခရာပခုံးနှစ်ဖက်ကို ဆုပ်ကိုင်လျှင် –

''ကိုလတ်''

ခရာ့အသံလေး လန့်ဖျပ်တုန်ခါလျက် ထွက်၏။ အကြည့်ချင်းလည်း ဆုံသည်။ ကိုလတ်ရဲ့ ရင်ခုန်အကြည့်နွေးနွေးမှာ ခရာ ရင်လည်း မခုန်ပါ။ စံချိန်နဲ့ ပိုက်ခေါင်းကြီးထဲမှာ ပုန်းခိုခဲ့ဖူးတာကို ပြန်သတိရသည်။

ခုတော့ ရှက်စိတ် လှုပ်ရှားကာ –

''ချစ်တယ် ခရာ''





နောက်ထပ်ပြောရင် ကိုလတ်ရဲ့ချစ်မျက်နှာလေး ခရာ့မျက်နှာနား နီးလာသည်။ ဟင့်အင်း ခရာ မနှစ်မြို့ပါ။

''ဖယ်ပါ၊ ခရာ ရှက်တယ်၊ ခရာ မကြိုက်ဘူး''

ခရာ့အသံလေး မာသွားသည်။ ပခုံးပေါ်က ကိုလတ်လက်ကိုလည်း ဖယ်ပစ်၏။ ထိုအခါ ကိုလတ်ရင်မှာ ခံပြင်းစိတ်လေး ထိန်းမရဖြစ်ကာ –

''ခရာမကြိုက်ဘူး ဟုတ်လား၊ ဒါဆို ခရာကြိုက်တာက ဘာလဲ''

''မသိဘူး''

''အဟင့် မသိဘူးတဲ့လား၊ ခရာ ဘာကြိုက်နေလဲဆိုတာ ကိုလတ် သိတယ်''

''ရှင်၊ ကိုလတ် ဘာတွေပြောနေတာလဲ''

''ကိုလတ် မသိဘူးထင်လို့လား''

''ဘာကိုလဲ''

ခရာ နားမလည်နိုင်ပါ။ မျက်လုံးဝိုင်းလေးနဲ့ ပြူးကြည့်၏။ ကိုလတ် နှုတ်ခမ်းမဲ့မဲ့နှင့်။

''ကြယ်နုဝံလေ''

''ဘာ''



www.burmeseclassic.com

www.burmeseclassic.com



ခရာ ကိုယ်လေးမတ်တောင့်သွားသည်။

“ကြယ်ရှုဝံလေ၊ ကြယ်ရှုဝံက ခရာကျလောက်အောင် စကားလုံးတွေ ခြွေတယ်၊ ခရာမက်တဲ့ ငုဝါပန်းတွေနဲ့ ညှို့တယ်၊ ခရာကို ရဖို့ အန်တီသွယ်ကို စိန်တစ်ဆင်စာ လာဘ်ထိုးနိုင်တယ်ဆိုတော့ ကြယ်ရှုဝံ ဘယ်အဆင့်ထဲကဆိုတာ မှန်းလို့ရတယ်၊ ပြီးတော့ ထိတ်ထိတ်ကြဲ ချမ်းသာတာ တစ်နိုင်ငံလုံးအသိ ကိုယ်တိုင်လည်း နိုင်ငံကျော် ဓာတ်ပုံဆရာဆိုတော့ ကြယ်ရှုဝံကို ခရာ ကြိုက်တယ်ပေါ့”

“ဘာ ဘာ”

ခရာ အံ့ဩသံက တုန်ခါနေသည်။ ကိုလတ်အင်္ကျီရင်ဘတ်ကိုလည်း ဆောင့်ဆွဲကာ ထပ်ပြန်သလဲမေး၏။

“ဘာပြောတယ်၊ ပြန်ပြောစမ်းပါ ကိုလတ်ရယ်”

“ကိုလတ်ပြောတာ ခရာ ကြားပြီပဲ၊ ကိုလတ်တို့က ခရာ့ကို လိုချင်လို့ မာမီက အန်တီသွယ်ကို ပါးစပ်နဲ့ပဲ ဖွင့်ပြောပြီး အကူအညီတောင်းတာ၊ ကြယ်ရှုဝံရဲ့မာမီက စိန်တစ်ဆင်စာ ထိုးပေးပြီး အန်တီသွယ့်ကို အောင်သွယ်ခိုင်းတာဆိုတော့ အန်တီသွယ် ဟိုဘက်ပါမှာပေါ့၊ အန်တီသွယ် ဟိုဘက်ပါတော့ ခရာလည်း ဟိုဘက်က ဖြစ်နေတာ ရှင်းနေတာပဲ”

“တောက်”





ခရာ အုပ်ကိုင်ထားတဲ့ ကိုလတ်ရင်ဘတ်အင်္ကျီကို လွှင့်ပစ်ရင်း တောက်ခတ်သည်။ နားနှစ်ဖက်ကိုလည်း လက်နဲ့အုပ်ကာ ဘာမှ မကြားချင်တဲ့စိတ်နဲ့ –

“တော်တော့”

လို့ အသံကုန်အော်ဟစ်ဟန့်တားလိုက်သည်။ ခရာ ဘာမှ မသိတဲ့ကိစ္စ၊ ခရာ့ကို လာစွပ်စွဲနေတာ ခရာ သည်းမခံနိုင်ပါ။

ခရာ့ကိုချစ်တယ်လို့ ရင်ဖွင့်နေတဲ့ ကိုလတ်စိတ်က ဘယ်လိုလဲ။ အံ့ဩစရာကောင်းတာထက် ခံပြင်းဖို့ကောင်းသည်။

သူ့ရင်ဖွင့်တာကို ခရာ စိတ်မဝင်စားတာနဲ့ တစ်ဖက်သားကို တိုက်ခိုက်ပြောလာတာက ခရာ့ကို ဂုဏ်မက်တဲ့ မိန်းကလေးလို့ လက်ညှိုးထိုးနေသလိုပင်။

နောက်ပြီး ကြယ်ရှုဝံက စိန်တစ်ဆင်စာ လက်သိပ်ထိုးပေးပြီး အန်တီသွယ့်ကို အောင်သွယ်ခိုင်းသတဲ့။

ခရာ ဘာမှမသိရဘဲနဲ့ စွပ်စွပ်စွဲစွဲပြောနေတာ ခရာ သည်းမခံနိုင်ပါ။ ကြယ်ရှုဝံနဲ့ မိတ်ဆက်ပေးတဲ့ ရတနာသွယ့်သဘောက ရိုးသားမှုမှ ရှိရဲ့လား။

ပြီးတော့ အန်တီသွယ့်သဘောကလည်း ခရာ သိဖို့မလိုတော့ပါ။ တစ်ဆက်တည်းလည်း ကိုလတ်ရှေ့က ပြေးထွက်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ခရာ နေဦး"

ကိုလတ် ဟန့်တားသံက ခရာ့နောက်မှာ ပြတ်ကျန်ခဲ့သည်။

ပန်းခရာဆိုတာ ဘောင်ခတ်ပိတ်လှောင်ထားတဲ့ ရေကန်ထဲက ငါး ကလေးမဟုတ်ဘူး။ ဒါကိုတော့ အန်တီသွယ်နဲ့ရတနာ သိဖို့လိုတယ်။

✿ ✿ ✿



## အခန်း (၂၄)

"ခရာရေ လာကြည့်ပါဦး၊ ဓာတ်ပုံလေးတွေ တအားလှတာ ပဲ"

ခရာပါလာတဲ့ တက္ကစီကားလေး ဆင်ဝင်အောက်ထိုးရပ်လာ တာမြင်သည်နှင့် ရတနာ အားရဝမ်းသာ ပြေးပြောသည်။

ဓာတ်ပုံတွေလည်း ထိုးပြ၏။ တက္ကစီခကမ်းပေးပြီး ကားပေါ် မှ ခရာဆင်းသည်။

"ကြည့်ပါဦး ခရာရယ်၊ ကြယ်ရှုဝံက နိုင်ငံကျော်ဓာတ်ပုံဆရာ လို့ မပြောရဘူး ရိုက်ချက်တွေက ရှယ်ချည်းပဲဟ၊ ပြိုင်ပွဲမှာတော့ ကြယ်ရှုဝံ ဗိုလ်ဆွဲမှာ သေချာတယ် ခရာ"

ခရာ့မျက်နှာကိုမကြည့်ဘဲ စိတ်ထဲရှိတဲ့အတိုင်း ပြောနေတဲ့



www.burmeseclassic.com

www.burmeseclassic.com



ရတနာ့မျက်လုံးက ဓာတ်ပုံတွေပေါ်မှာ။

တစ်ပုံပြီးတစ်ပုံကြည့်ရင်း ခရာရှေ့ ဓာတ်ပုံတွေ ထိုးပေးသည်။ ဆယ်ပုံမကရှိတဲ့ ဓာတ်ပုံတွေပါ။ ရတနာ့လက်ထဲက ခရာ ခပ်ဆတ်ဆတ်ဆွဲယူခါမှ ခရာ မျက်နှာတင်းပွစူရော်နေတာကို ရတနာ သတိထားမိသည်။

"ခရာ ဘာဖြစ်လာတာလဲ"

လို့ စိုးရိမ်သလိုမေးသည်။ ခရာက မျက်နှာကိုမဲ့ပြီး ညှော်ခန်းထဲ တန်းဝင်ကာ ကိုင်ထားတဲ့ဓာတ်ပုံကို မကြည့်။ စားပွဲပေါ် ဖျတ်ခနဲပစ်ချ၏။

"ခရာ"

ထူးခြားနေတဲ့ ခရာ့အမူအရာကြောင့် ရတနာ တကယ်အံ့ဩကာ နားမလည်နိုင်သော မျက်လုံးနဲ့ ခရာရှေ့ ရောက်လာသည်။

ကိုလတ်နဲ့ ငါးလွှတ်သွားတာ မကြာသေး။ ပြန်ရောက်လာသည်က မူမမှန်။ တစ်ခုခုဖြစ်လာတာ ဘာလဲ။ ရတနာ ဒါပဲ သိချင်လာကာ –

"ကိုလတ်နဲ့ စိတ်ကောက်လာတာလား"

"ဘာ"

ရတနာ့ကိုယ်လေးပင် တုန်သွားသည်။





"ဟိုလေ ကိုလတ်က"

"ဟုတ်တယ်၊ ကိုလတ်နဲ့ ခရာ့ကို ထည့်ပေးလိုက်တာ ဘာသဘောလဲ၊ ပြီးတော့ ကြယ်ရူပံနဲ့ မိတ်ဆက်ပေးတဲ့ ရတနာ့ရည်ရွယ်ချက်ကရော ရိုးရဲ့လား၊ ကြယ်ရူပံ စိန့်တစ်ဆင်စာတောင် အနံ့တို့သွယ်ကို ထိုးပေးသတဲ့၊ အဲဒါတွေ ဘာတွေလဲ ရတနာ၊ ရတနာတို့သားအမိ ခရာ့ကို ဘယ်လိုသဘောနဲ့ ကြံစည်နေကြတာလဲ"

"ဟာ မဟုတ်ဘူး ခရာ"

ရတနာ ခေါင်းတွင်တွင်ရမ်း၏။ ရတနာ့နှုတ်ခမ်းထောင့်လေးတွေ မဲ့ကွေးကာ ရတနာ့ရှေ့က ဖြတ်လျှောက်သွား၏။ ပြီး ရတနာ ပို၍မလုံမလဲဖြစ်ကာ –

"ခရာထင်တာတွေ မှားနေပြီဟ"

"ခရာထင်တာ မှားတယ်ဆိုရင် ကိုလတ်ကို မေးကြည့်လေ"

"ဟင်"

ရတနာ မျက်လုံးအစုံပြူထွက်မတတ် အံ့ဩရ၏။ မယုံနိုင်အောင်ဖြစ်ပြီး ခေါင်းယမ်း၏။

ခရာက ဘေးတစ်စောင်းပဲ မျက်ဝန်းထောင့်ကပ်၍ ရတနာ့ကို ကြည့်လေသည်။ လက်တစ်ဖက်ကို ခံပြင်းစိတ်နဲ့ ခါးပေါ်တင်လျက် ခရာ ရတနာ့ကို လက်ညှိုးထိုးပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာရတနာ ခရာ ရတနာတို့ဆီလာခဲ့တာ ရိုးရိုးသားသား ခင်မင်တဲ့စိတ်ကလေးနဲ့ပါ၊ ရတနာတို့ အတင်းခေါ်လို့ ကျောင်းတက်ဖို့ လာခဲ့တာ၊ ခရာ့ကို ဗန်းပြပြီး သားအမိနှစ်ယောက် ခုလိုကြံစည်တာ ခရာ သိပ်ဝမ်းနည်းတယ်"

"မ မဟုတ်ရပါဘူး ခရာရယ်၊ ရတနာ ကျိန်ပြောရဲပါတယ်၊ ခရာ့ကို ရတနာ ညီအစ်မလို ခင်တာပါ၊ ကြယ်စွဲဝံနဲ့ မိတ်ဆက်ပေးတာ ရိုးရိုးသားသားပဲ၊ ကြယ်စွဲဝံက သူ့စိတ်နဲ့သူ အဆင့်တက်လာတာ ရတနာ ဘာတတ်နိုင်မှာလဲ၊ မေမေ့ကို အန်တီမာနဲ့ အန်တီကလျာက ခရာ့မိဘသိအောင် နားဖောက်ခိုင်းတာမှန်တယ်၊ ဒါပေမဲ့ မေမေ့ဘက်က ဘာရစေဆိုတဲ့ လာဘ်လာဘလိုချင်စိတ်မပါဘူး၊ အန်တီကလျာ သူ့ဘာသူ စိန်တစ်ဆင်စာ ထိုးပေးသွားတဲ့ကိစ္စ၊ မေမေ့ခမျာ ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိဖြစ်ပြီး ဖေဖေနဲ့ တိုင်ပင်တယ်၊ ဖေဖေက အကြောင်းစုံကို ခရာမိဘသိအောင် သတင်းပေးထားပြီးပြီ"

"ဘယ်လို ခရာ၊ ဖေဖေနဲ့ဖေဖေ့ကို ဒီအကြောင်းတွေ ပြောထားတယ် ဟုတ်လား"

ရတနာ့စကားကို ခရာ မယုံချင်။ မျက်နှာစေ့စေ့လှည့်ကြည့်ရင်း မေး၏။ ရတနာ ခေါင်းချင်းညိတ်ကာ –

"ဟုတ်တယ်၊ မေမေဖုန်းဆက်ပြောတာ ရတနာ ကြား





တယ်"

"ဟုတ်ပါတယ် သမီးရယ်၊ အန်တီသွယ် ဘာကိုမှ ထိန်ချန်မထားပါဘူး၊ ခရာ့ကို ဗန်းပြပြီးလည်း ဘယ်သူ့ဆီကမှ ခြူမစားပါဘူး သမီးရယ်"

လက်ပွေ့အိတ်ပိုက်ရင်း အပြင်က ပြန်လာဟန်တူတဲ့ မေမေ ဧည့်ခန်းထဲ လှမ်းဝင်လာသည်။ မေမေ့နောက်မှ ဖေဖေကလည်း မျက်နှာမကောင်းစွာ ပါလာသည်။

ခရာ မျက်နှာလေး မော့ထားရာမှ မချသေး။ နှုတ်ခမ်းကိုလည်း တင်းအောင်ကိုက်ထားသေးသည်။ ခါးမှာထောက်ထားတဲ့ လက်တစ်ဖက်ကိုတော့ ဖြုတ်လိုက်ပြီဖြစ်သည်။

"သမီး စဉ်းစားကြည့်ပါကွယ်၊ သမီးကို ဗန်းပြပြီး အန်တီသွယ် ခြူစားစရာလား၊ သမီးဖေဖေရဲ့ကျေးဇူးက အန်တီသွယ်တို့အတွက် ဆပ်လို့မကုန်အောင် ကြီးလှပါတယ်၊ ကားအက်ဆီးဒင့်နဲ့ဖြစ်ပြီး သေလုမျောပါးဖြစ်နေတဲ့ အန်တီသွယ့်ခင်ပွန်းကို ခရာ့ဖေဖေ အရေးပေါ်ဆေးရုံတင်ပေးလို့ အန်တီသွယ့်ခင်ပွန်း ခုလို အသက်ရှင်နေတာပါ ကလေးရယ်၊ အန်တီသွယ့်အတွက် သမီးဖေဖေရဲ့ ကျေးဇူးတရားက ကြီးမားပါတယ်၊ ဒါကြောင့် သမီးကိုလည်း ရတနာ့ကိုချစ်သလို သမီးရင်လို့ချစ်တာပါ သမီးရယ်"



www.burmeseclassic.com

www.burmeseclassic.com



ပြောနေရင်း အန်တီသွယ့်အသံက ဝမ်းနည်းအက်ကွဲလာသည်။ တစ်ကိုယ်လုံးလည်း တုန်ယင်လာကာ ဦးခင်ဝင်း ရှေ့တိုးလာပြီး –

''ဟုတ်ပါတယ် သမီး၊ သမီး အန်တီသွယ်က သမီးလေးကို ရတနာ့နည်းတူ ချစ်ပါတယ်၊ ခရာ့ကို ကောင်းစားစေချင်စိတ်လည်း ရှိပါတယ်၊ ဒါကြောင့် ဒေါ်ကလျာကမ်းလှမ်းတာကို လက်ခံတယ်၊ ဒါပေမဲ့ အန်ကယ်တို့မှာ ဘာမှဆုံးဖြတ်ပိုင်ခွင့်မရှိဘူး၊ သမီးဘဝအတွက် ဆုံးဖြတ်ပေးဖို့က သမီးမိဘနှစ်ပါးပဲ၊ သမီးမိဘနှစ်ပါးကို အန်ကယ် အကြောင်းကြားထားပြီးပြီ၊ လာခဲ့လို့လည်း ပြောထားတယ်၊ အဲဒီအခါကျရင် သမီး မေးကြည့်ပါ၊ သမီး ရတနာပြောတဲ့အတိုင်းပဲ အန်ကယ်တို့ ဘာမှထိန်ချန်မထားဘူး၊ အဲဒီစိန်တစ်ဆင်စာဆိုတာကို ကလျာ့လက်ထဲ ပြန်သွားပေးပြီး အန်ကယ်တို့ ခုပဲ လာကြတာပါ သမီးရယ်''

''ခရာရယ် ရတနာတို့သားအမိပေါ် အထင်မလွဲနဲ့နော်''

ရတနာ ခရာ့လက်ဖဝါးလေးကို လာဆုပ်ကိုင်သည်။ ချော မော့ဖျော့ဖျော့ဖျော့နေတဲ့ ရတနာ့လက်ချောင်းလေးက နွေးနေသည်။ ရတနာတို့မိသားစု ပြောသမျှက အမှန်တွေလား၊ ခရာ မယုံရဲ ယုံရဲ ဖြစ်ကာ –





''အန်တီသွယ် မလိမ်ပါဘူး သမီးရယ်၊ သမီးမိဘလာတဲ့အခါ မေးကြည့်ပေါ့နော်''

''သမီးရယ် သမီးစိတ် ရှင်းရှင်းထားပါကွယ်၊ ကိုယ့်ကျေးဇူးရှင်တွေအပေါ် အန်ကယ်တို့ စိတ်ကွက်အောင်မလုပ်ရက်ဘူးဆိုတာ ယုံပါ၊ သမီးလေးလည်း ပင်ပန်းနေပြီ သွားနားတော့၊ ရတနာ ခရာ့ကို အပေါ်ခေါ်သွားလိုက်''

ဦးခင်ဝင်း လေသံအေးအေးလေးနဲ့ပဲ ဆိုသည်။

''လာ ခရာ''

ရတနာက နားလည်မှုရှိရှိ အလိုက်သိသိပဲ ခရာ့လက်ကို ဆွဲခေါ်သည်။ ခရာ ငြင်းဆန်နေဖို့ ခွန်အားမဲ့သလိုဖြစ်၏။ တစ်ကိုယ်လုံးလည်း ပျော့ဖတ်ကာ သက်မ မသိမသာချသည်။

ရတနာဆွဲခေါ်ရာနောက် မငြင်းမဆန် ပါခဲ့သည်က ရတနာတို့သားအမိအပေါ် ခရာ ပြောဆိုစွပ်စွဲမိတာ လွန်နေပြီလား။

ထိုမေးခွန်း နောက်မှာ –

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၅)

"ခရော့မိဘတွေ နက်ဖြန်လာကြမတဲ့ သားလတ်ရဲ့"

"ဟင်"

မာမီ အားတက်သရော သတင်းပေးလျှင် 'ဟင်' ခနဲဖြစ်က ကောင်းကင်သစ်မျက်နှာ မသိမသာ ပျက်ကျသွားသည်။ နှုတ်ခမ်းမှ တပ်ထားတဲ့ ကော်ဖီခွက်ကို ယောင်ယောင်နနနဲ့ အောက်ခံပန်းကန် ပေါ် ပြန်ချ၏။

"ကောင်းတာပေါ့ မာမီ"

ကိုကြီးက သူ့ထင်မြင်ချက်နဲ့သူ ကြည်လင်စွာထောက်ခံ သည်။ ဒယ်ဒီက မုန့်ဟင်းခါးခပ်စားနေရာမှ ခေါင်းညိတ်၏။ ပြီးတော့ စားလက်စနဲ့ ဝင်ပြောသည်။





"ခရော့မိဘရောက်တာနဲ့ မာမာ ဦးဆုံးသွားတွေ့၊ သားလတ် နဲ့ကိစ္စ ကြိုပြောထားကွာ၊ တော်ကြာ ဒေါ်ကလျာနဲ့ ယှဉ်နေရရင် အခြေအနေတစ်မျိုး ပြောင်းနိုင်တယ်ကွ"

"သိပါတယ် ကိုစိုးရဲ့"

မာမီက အချက်ပိုင်ပိုင်ပြောပြီး သားလတ်ကို ငဲ့ကြည့်သည်။ သားလတ်က အောက်ခံပန်းကန်ပေါ် ချထားတဲ့ ကော်ဖီခွက်ကို စိုက် ကြည့်ငြိမ်သက်နေရာမှ ခေါင်းယမ်းသည်။

"ဘာဖြစ်လို့လဲ သားလတ်ရယ်၊ ခေါင်းတရမ်းရမ်းနဲ့"

ညီလတ် ချက်ချင်းမဖြေ။

"ညီလတ် စိတ်လှုပ်ရှားနေလို့ဖြစ်မှာပါ"

ကိုကြီးက ဖော့တွေးရင်း ထိုသို့ပြောသည်။ မာမီ သီးသန့် ကြော်ထားပေးတဲ့ သီးစုံထမင်းကြော်ကို အဆက်မပြတ်စားနေတဲ့ စံချိန်သစ်။

ခုမှ ကိုလတ်ကို တစ်ချက်မော့ကြည့်၏။ ကိုလတ်ပုံစံက မအီမလည်နဲ့။ ဘာကိုစိတ်ပူပန်နေလဲဆိုတာ သိပါသည်။

"အလကား ကိုလတ်၊ စိတ်လှုပ်ရှားနေတာ မဟုတ်ဘူး၊ ရင်ပူနေတာ ရင်ပူနေတာ"

စံချိန် နှုတ်ခမ်းထောင့်လေးမဲ့ရင်း ဝင်ပြော၏။ ထိုအခါ



www.burmeseclassic.com

www.burmeseclassic.com



မိသားစုဝင်အားလုံး စံချိန်နဲ့ ညီလတ်ကို တစ်လှည့်စီကြည့်သည်။ အံ့သြစွာ။

"ရင်ပူနေတာ"

ကိုကြီးက သံယောင်လိုက်ရွတ်၏။

"ဘာရင်ပူစရာရှိလဲ သားလတ်ရယ်၊ မာမီ့သားအတွက် မာမီ အစွမ်းကုန်ကြိုးစားပေးမှာပါ၊ စိတ်ချနေ သား"

မာမီ ဘယ်လိုနားလည်သည်မသိပါ။ ကိုလတ်ပခုံးပေါ် လက်တင်၍ အားပေးစကားပြောသည်၊ ကိုလတ်ခမျာ ရင်ပူလွန်းလို့ မျက်ရည် ပေါ် ချွေးစကလေးများပါ ပြူထွက်လာလေသည်။

"မဟုတ်ဘူး မာမီရ"

လို့ အဆက်အစပ်မရှိ စကားစ၏။ ကိုကြီးက စိတ်ဝင်တစား နားထောင်နေရာမှ –

"ညီလတ် ဘာဖြစ်နေတာလဲ၊ ပြောကွာ၊ ဖွင့်ပြောမှ ကိုကြီး တို့ စဉ်းစားပေးလို့ရမယ်"

"ဟုတ်သားပဲ သားလတ်ရယ်"

ဒယ်ဒီက မုန့်ဟင်းခါးဆက်မစားနိုင်ဘဲ ဆိုလာသည်။

သားတွေရဲ့နှလုံးသားရေးရာကို အလေးအနက်ထားတဲ့ ဒယ်ဒီနဲ့မာမီ့စိတ်က သားတွေအတွက် တအားတက်စရာပါ။





ဒါပေမဲ့ ကောင်းကင်သစ် စားပွဲပေါ်လက်နှစ်ဖက်တင်လျက် သားနဲ့ ငြိမ်နေရာမှ စံချိန်ကို မျက်လုံးလှန်၍ တစ်ချက်ကြည့်သည်။

စံချိန်က သိပ်ပါဆိုတဲ့ မျက်နှာထားနဲ့ ပြန်ကြည့်ပြီး –

"ကျွန်တော် ပြောလိုက်ရမလား ကိုလတ်"

မေးလိုက်တော့လည်း ကိုလတ်မျက်နှာကြီး ရဲထွက်သွားသည်။ ပြီးတော့ ဘာမပြောညာမပြောနဲ့ မနက်စာစားဝိုင်းထဲက ထလျှင်

"ဟင် သားလတ် ထိုင်ဦးလေ၊ ဘယ်လိုဖြစ်တာလဲ"

မာမီ ဆွဲတားရင်း ပြောသည်။ ကောင်းကင်သစ် ဘာမှပြန် မပြော။ ခေါင်းယမ်း၍ ထွက်သွားတာ ချက်ချင်း။

"ညီလတ်"

ကိုကြီး ထခွဲသည်။ စံချိန်က ကော်ဖီခွက်ကောက်မရင်း ဟက်ခနဲရယ်သည်၊ ကိုလတ်ကို ထဆွဲဖို့ပြင်တဲ့ ကိုကြီး ခြေလှမ်းတန့် သွားသလို စံချိန်ကိုလည်း မျက်မှောင်ကြုတ်ကြည့်၏။

"သားကြီး ထိုင်ဦး"

ဒယ်ဒီက သားအငယ်နှစ်ယောက်ကြား လျှို့ဝှက်ချက်တစ်ခု ရှိနေမှန်း သဘောပေါက်သွားဟန်တူသည်။ သားကြီးကို ပြန်ထိုင်စေ ကာ –

ဒေါ်လှရိပ်မာကတော့ သားတွေနဲ့ခင်ပွန်းသည်ကြား ဘာ



www.burmeseclassic.com

www.burmeseclassic.com



နားမလည်နိုင်အောင်ဖြစ်ပြီး မနက်စာ ဘာမှဟုတ်တိပတ်တိမစားဘဲ ထထွက်သွားတဲ့ သားလတ်ကိုကြည့်လိုက်၊ သားကြီး, သားငယ်နဲ့ ခင်ပွန်းသည်ကိုကြည့်လိုက်နှင့် ဗျာများလို့နေသည်။

"ကဲ သားငယ် ပြောစမ်း၊ သားတို့နှစ်ယောက်ကြားမှာ ဘာ အကန့်တွေရှိလဲ"

သားငယ်က ရယ်ကျဲကျဲနဲ့ ပခုံးတွန့် ဘာတွန့်ဖြစ်ကာ စတိုင် ထုတ်နေလေသည်။

"သားငယ် မြန်မြန်ပြောပါကွယ်၊ မာမီ ရင်တွေပူလိုက်တာ၊ တကယ်ပဲ"

မာမီ စိတ်လှုပ်ရှားပြီး သိလိုစိတ်ပြင်းပြစွာဆိုသည်။ ကိုကြီး ကလည်း ဒီတစ်ခါ စိတ်မရှည်သလို ကြည့်၏။

"ညီရယ် ညီအစ်ကိုချင်းကြားမှာ ညီ ဘာသိလို့ ဘာကိုဝင် စွက်မလို့လဲ၊ ညီလတ် ဘယ်လောက်ခံစားနေရမလဲ"

"ကိုကြီးကလည်း"

"ကဲ ပြော"

ဒယ်ဒီ စကားလမ်းကြောင်း ဝင်ဆက်ပေးသည်။ စံချိန်သစ် လက်ကျန်ကော်ဖီတစ်ငုံသောက်ပြီးမှ ပေါ့ပါးစွာပြော၏။

"ဒယ်ဒီတို့ ကိုလတ်အကြောင်း ဘာမှမသိဘဲနဲ့"





"မသိလို့မေးနေတာပေါ့ကွ"

"အဲဒါဆိုလည်း ပြောမယ်ဗျာ၊ ဒီလိုဗျ ခရာ့ကို ကိုလတ် ရင်ဖွင့်တဲ့ကိစ္စမှာ အန်တီသွယ်တို့မိသားစုအပေါ် အမြင်မကြည်ဖြစ်စေ တဲ့ စကားလုံးတွေ ပါသွားတယ်၊ ရတနာတို့အပေါ် ခရာ အမြင်မကြည် တော့ ပြဿနာတွေဖြစ်ကြတယ်၊ အဲဒါ ကိုလတ်ကြောင့်လေ"

"ဘာဆိုင်လဲ အဲဒါနဲ့"

ကိုကြီး ဝင်ပြောသည်။

"အေး ဆိုင်,မဆိုင်တော့မသိဘူး၊ ခရာ ကိုလတ်အချစ်ကို လက်မခံလို့ ကိုလတ်က အဲသလိုပြောလိုက်တော့ ခရာနဲ့ရတနာ ပြဿနာတွေ တက်ကြတယ်ဗျ၊ ဒေါ်ကလျာ စိန်တစ်ဆင်စာပေးတဲ့ ကိစ္စလည်းပါတယ်၊ ကိုလတ်က ကိုယ့်ကိစ္စကို ပြောပေါ့၊ မဆီမဆိုင် သူများအတွင်းရေးကို ဝင်ပြောတော့ ဘာကောင်းဖြစ်သွားမလဲ၊ ကိုကြီး စဉ်းစားကြည့်၊ အခု ရတနာတို့မိသားစုနဲ့ခရာ အစာမကြေဖြစ်နေကြ တယ်၊ ခရာ့မိဘရောက်လာရင် ပြဿနာပိုကြီးနိုင်တဲ့သဘော ရှိနေတာ ကိုလတ်ကြောင့်ဗျ"

"ကျွတ်"

ကိုကြီး မျက်နှာရှုံ့တွရင်း ခါလေသည်။ ဒယ်ဒီနဲ့မာမီက တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ရင်း သက်မ,ပြိုင်ချကာ –



www.burmeseclassic.com

www.burmeseclassic.com



"မဖြစ်နိုင်တာကွာ"

လို့ ဒယ်ဒီ ရွတ်သည်။

"နောက်ကိစ္စတစ်ခုလည်း ရှိသေးတယ် ဒယ်ဒီ"

"ဘာ"

"ဟုတ်တယ်၊ ဒယ်ဒီတို့က ကိုလတ်ကို လွှဲအပ်ခဲ့တာကိုး"

"ဘာတွေလဲ သားငယ်ရယ်"

မာမီ့မျက်နှာက ပူပင်စိတ်နဲ့ နွမ်းရော်လျက်။ သားလတ်အတွက် ရင်တမမ ဖြစ်ကာမေးသည်။ စံချိန်က တစ်ရှူးလိပ်လှမ်းယူပြီး ကလ္လာန်ဖြေမပျက်ပြောသည်။

"ကိုလတ်က ခရာ့အပြင် နောက်ကောင်မလေးတစ်ယောက်ကို အီထားတဲ့ကိစ္စ"

"ဟေး"

စံချိန်မှလွဲ၍ မိသားစုဝင်အားလုံး မျက်လုံးတွေပြူး၊ မျက်နှာတွေပါ ကြွတက်လေပြီ။

"ဘယ်လို"

"ဒီလို ကိုကြီး"

စံချိန် မချွင်းမချန်ပြောဖို့ ဆုံးဖြတ်ထားတဲ့အတိုင်း ပေါ့ပေါ့လေးပြော၏။





"ခရာ့ကို မာမီက သဘောကျနေတော့ ကိုလတ်ကလည်း စိတ်ဝင်စားတယ်၊ ကိုလတ်က ဘယ်မိန်းမကလေးဖြစ်ဖြစ် စိတ်ဝင်စားတာချည်းပဲ၊ ရွှံအောင် မဖန်နိုင်ပေမယ့် အားလုံးကို အီစီကလီလုပ်လေ့ရှိတယ်၊ အဲလိုလုပ်တဲ့အထဲမှာ ဇင်းဇင်းပါတယ်၊ ဇင်းဇင်းဆိုတာ ကိုကြီး သိတယ်မဟုတ်လား"

ဥက္ကာသစ် ချက်ချင်းခေါင်းညိတ်သည်။ ဇင်းဇင်းဆိုတာက ဒယ်ဒီ့စက်ရုံက မန်နေဂျာတူမ။ ရုပ်လေးဖြောင့်သလောက် ရည်းစားများသည်။ အပြောအဆိုရဲသလို လက်လည်းရဲသည်။

ထိုကောင်မလေးကို ဥက္ကာသစ် ကောင်းစွာသိပါသည်။ ဥက္ကာသစ်တင်မက ဒယ်ဒီရော မာမီပါ သိသည်။ မာမီဆို ဇင်းဇင်းကို မျက်စိတစ်ဖက်နဲ့ပင် ကြည့်မရပေ။

"အေး အဲဒီဇင်းဇင်းကို အီထားတဲ့ကိစ္စ၊ ဇင်းဇင်းက ကိုလတ်ကို အပိုင်ပြန်တွယ်နေတယ်၊ ကိုလတ်စိတ် ခရာ့ဘက် အလေးသာနေတာသိတော့ ဇင်းဇင်း မခံဘူးဖြစ်နေတယ်၊ ကိုလတ်နဲ့ဓာတ်လမ်းတွေ ရှိထားဖူးတော့ ဇင်းဇင်း ကိုလတ်ကို ချည်ထားတယ်ဗျ၊ လက်ရှိအနေအထားက ကိုလတ် မလူးသာမလွန့်သာဖြစ်နေတယ် ဒယ်ဒီ"

"ဟင် ဒီဆတ်စလူးမက"

ဒေါ်လှရိပ်မာ ရင်ဘတ်ဖိရင်း မခံနိုင်စွာပြောသည်။ ဒယ်ဒီက



www.burmeseclassic.com

www.burmeseclassic.com



လက်ကာဟန့်တားရင်း မာမီ့ကို တီတ်တိတ်နေဖို့ အမူအရာနဲ့ ဟန့်တားသည်။

မာမီက ပြောချင်တဲ့စကားတွေကို ချက်ချင်း မျိုချသည်။ ဘာမှ မချိမဆန့်။ ကိုကြီးက သက်ပြင်းချ၏။ ဒယ်ဒီက ဆိုသည်။

"ကဲ သားငယ် ဆက်ပြော"

တဲ့။ စံချိန် တစ်ချုးလိပ်အစကို ဆွဲထုတ်ရင်း ဆက်ပြောသည်။

"ဆက်ပြောရရင် ဖင်းဖင်းက ရှေ့တိုးဖို့ တာဆူနေတယ် ကိုလတ်က ဖြုတ်ချပစ်ဖို့ ခက်ခဲနေတယ် ဒယ်ဒီ၊ တကယ်လို့ ဒယ်ဒီတို့က ခရာ့မိဘလာလို့ ခရာနဲ့ကိစ္စ လူကြီးချင်း စီစဉ်မယ်ဆိုရင် ဖင်းဖင်း သည်းမခံဘူးတဲ့လေ၊ အဲဒါကြောင့် ကိုလတ် မျောက်မီးခဲကိုင်သလို ပူနေတာဗျ၊ လွှတ်ချလို့လည်းမရ၊ ကိုင်ထားရင်လည်း ပူနေတယ် ဒယ်ဒီ၊ ဒါကြောင့်"

စံချိန့်စကားအဆုံးမှာ တစ်မိသားစုလုံး မျက်နှာတွေ ပျက်သွားကာ မာမီက ရင်မှာမီးလောင်သလိုဖြစ်လျက် ဒယ်ဒီက လက်သီးကို တင်းတင်းဆုပ်သလို ကိုကြီးက မျက်လွှာချရင်း အံကြိတ်သည်။

ညီဖြစ်သူကို အပြစ်ဖို့ရမလား၊ ဖင်းဖင်းကို မကျေမနပ် သွားပြောရမလား။ ပန်းခရာကို နှမြောသွန်းလို့ လက်လွှတ်သွားမှာ စိုးမိ





နေတဲ့ ခံစားချက်တွေနဲ့ မျက်နှာအမူအရာတွေပျက်ပြီး ဘာလုပ်လို့ လုပ်ရမှန်းမသိအောင် ဖြစ်ကြလေသည်။

စံချိန့်သစ်က မနက်စာစားလို့လည်း ပြီးပြီ၊ မိသားစုဝင်တွေ သိချင်တာ မှန်သမျှ ပြောလို့လည်း ပြီးပါပြီ၊ ဒါကြောင့် ကြော့ကြော့ မော့မော့လေးပဲ ထိုင်ရာမှ ထထွက်ခဲ့လေသည်။

ခရာ့မိဘတွေလာရင် ဘယ်လိုစခန်းသွားမလဲ။ စံချိန် ဒါပဲ တောင့်ကြည့်နေသည်က အကြောင်းမဲ့ မဟုတ်မှန်း စံချိန့်ကိုယ်စံချိန် သိသည်။

သေချာတာက အချစ်ကြောင့်ပဲ။ ဟုတ်တယ်နော်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၆)

"မေမေရေ ဦးဦးစန်းနဲ့ ဒေါ်ဒေါ်လင်း လာပြီ"

တက္ကစီကား ဆင်ဝင်အောက် ရပ်လွှားသည်နှင့် ရတနာသွ

အားရဝမ်းသာ အော်ပြောသည်။

လာမှာသိလို့ စောင့်မျှော်နေကြတဲ့ ဦးခင်ဝင်းနဲ့ ဒေါ်သွ

သွယ်စိုး ဧည့်ခန်းထဲကနေ သုတ်ခနဲ ထွက်လာသည်က မပြေ

တမယ်။

"လာလာ ကိုစန်းနဲ့ မမလင်း၊ မျှော်နေတာ မနက်တည်း

"ရတနာ့အော်သံကြောင့် ခရာလည်း အပေါ်ထပ်က အ

တစ်ပိုင်း ဆင်းလာကာ ရတနာတို့မိသားစုရဲ့ကြိုဆိုသံတွေ ညံမ

သည်။





ခရာ ဧည့်ခန်းထဲရောက်ချိန်မှာ ဖေဖေနဲ့မေမေ့ကို အန်တီ

ယ်၊ အန်ကယ်နဲ့ ရတနာတို့ လိုက်လိုက်လှဲလှဲကြိုကာ ဧည့်ခန်းထဲ

ရောက်နှင့်နေပြီဖြစ်သည်။

"မေမေ"

ခရာ ဝမ်းသာအားရခေါ်ရင်း မေမေ့ရင်ခွင်ထဲ ပြေးဝင်သည်။

ါပေလင်း သမီးကိုယ်လေးကို မြတ်နိုးစွာဖက်၍ လွမ်းဆွတ်သော

နမ်းများ ခြွေသည်။

ဦးစိုးတင့်က သမီးဖြစ်သူ မှန်နဲ့တောကိုကြည့်ရင်း ကြည်နူးမျက်

ည်များ ဝေလို့သွားသည်။

"မေမေရယ် မေမေနဲ့ဖေဖေ့ကို ခရာ လွမ်းနေတာ သိလား"

"သိပ္ပါ သမီးလေးရယ်၊ မေမေ့မှာလည်း ဒီသမီးတစ်ယောက်

ည်းရှိတဲ့ဥစ္စာ၊ လွမ်းတာပေါ့လို့"

"ကဲပါကွာ သမီးနဲ့မအေ နောက်မှ အလွမ်းသယ်ကြ၊ ဒီမှာ

ခင်ဝင်းတို့ကို နားပါစေ"

ဦးစန်းတင့်က အိမ်ရှင်တွေကို အားနာစွာ ဝင်ပြောသည်။

မ်ရှင်တွေကလည်း အလိုက်သိပါသည်၊ သမီးနဲ့အမေရဲ့ အလွမ်းခန်း

ကြည်နူးစွာပဲကြည့်ကာ။

အိမ်ရှင်နဲ့ဧည့်သည်အားလုံး ဧည့်ခန်းထဲမှာ မိုးတိုးမတ်တတ်နဲ့



www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူမှ ထိုင်ဖို့ သတိမရကြသေး။ ဦးစန်းတင့်ပြောမှ ဒေါ်ပပလင်း အသိဝင်လာသည်။

ရုတ်တရက် သမီးကိုမြင်လိုက်ရတော့ လွမ်းတဲ့စိတ်နဲ့ အရာ ရာကို မေ့သွားတာမျိုး။

"ဟုတ်ပါ့ရှင်၊ သွယ်တို့ကို အားနာစရာ ဟင့် ဟင့် ဟင့်"

ဒေါ်ပပလင်းက သမီးကိုဖက်ထားရင်း ပြောသည်။ ဒေါ်သွယ် သွယ်စိုးက အပြုံးမပျက်ပါ။

"ရပါတယ် မမလင်းရယ်၊ သွယ်တို့က အရေးမကြီးပါဘူး သမီးလေးကလည်း မအေကို လွမ်းနေရှာတာ"

"ထိုင်ကြဦးလေကွာ"

"ဟုတ်သားပဲ"

အားလုံး ခုမှ ကနုတ်ပန်းနဲ့ ဘောင်ကွပ်ထားတဲ့ ဆိုဖာလု ကြီးတွေပေါ်မှာ ထိုင်ချသည်။ ရတနာက ညှော်သည်တွေရဲ့ ခရီးဆော အိတ်တွေကို အခန်းထဲသယ်သွင်းနဲ့ အလုပ်ရှုပ်နေသည်။

ပြီးမှ ရတနာတို့မိသားစုကတစ်ဖက်၊ ခရာတို့မိသားစု တစ်ဖက် ထိုင်ကြတော့ ညှော်ခန်းမှာ ဆိုဖာခုံအလွတ်တွေပင် မကျ

ခရာက ထိုင်ရင်း မေမေ့ပခုံးမှာ ခေါင်းမှေးတင်ထား အလွမ်းမပြယ်နိုင်အား ကလေးဆန်လျက်ရှိသည်။





ခရာ့ကိုကြည့်ရင်း အားလုံး နားလည်ပေးသော မျက်ဝန်း တိုင်းမှာ ကြည်နူးခြင်းတို့ စိုစွတ်လို့နေသည်။

"ဒါနဲ့ သမီး"

ဦးစန်းတင့်က သမီးကို ငဲ့ကြည့်ရင်း စကားစသည်။

"ဘာလဲ ဖေဖေ"

မိခင်ပခုံးထက်မှ ခရာ ခေါင်းလေးမတ်ရင်း ဖေဖေ့ ပခုံးစွန်း မှာ ချွဲနွဲ့ချင်စိတ်နဲ့ မေးတင်သည်။

ဦးစန်းတင့်က အချွဲပိုနေတဲ့ သမီးခေါင်းကို ဖွဖွပွတ်ရင်း ပြောသည်။

"သမီးက သမီးအန်ကယ်၊ သမီးအန်တီသွယ်နဲ့ ရတနာ့ အပေါ် တစ်မျိုးမြင်နေတယ်ဆို"

မေးခွန်းနောက်မှာ ခရာ့နှုတ်ခမ်းလေး ဆူသွား၏။

"ဟို အဲ ဒါ လေ ခရာ"

ခရာ ထစ်ထစ်ငေါ့ငေါ့ဖြစ်နေသည်က သေချာတဲ့အဖြေ တစ်ခုပေးဖို့ ခက်ခဲနေမှန်း သိသာနေသည်။

ရတနာတို့မိသားစုက ခရာနားလည်သောအပြုံးနဲ့ စိုက်ကြည့် လျှင် ဒေါ်ပပလင်း မနေနိုင်တော့ပါ။ လက်ဖဝါးနုနုလေးကို ဆုပ်ကိုင်၍

"ပြောလေ သမီး"



www.burmeseclassic.com

www.burmeseclassic.com



"ဟို အဲဒါက"

ခရာ ကိုယ်ကျုံ့လိုက်။ လည်တိုင်ကိုပွတ်လိုက်နှင့် မျက်နှာလေး မလုံမလဲဖြစ်လို့နေပါသည်။

"မလင်းလင်းရယ် မမေးပါနဲ့တော့၊ သွယ်တို့စိတ်ထဲမှာ အဲဒီကိစ္စ ဘာမှမရှိတော့ဘူး၊ သမီးလေးက ဘာမှသိမထားလို့ပါ။ ကိုလတ်က မခံချိမခံသာ ရုတ်တရက်ပြောတော့ သမီးခရာစိတ်ထဲ တစ်မျိုးဖြစ်သွားပုံရတယ်"

"ဟုတ်တယ် ဒေါ်ဒေါ်လင်းရဲ့၊ ခရာ့စိတ်ထဲ မေမေပြောသလိုပဲ တစ်မျိုးဖြစ်သွားတာ၊ အဲဒါပဲ၊ ခရာ တကယ်စိတ်မကြည်တာ မဟုတ်ဘူး၊ ဟုတ်တယ်နော် ခရာ"

ရတနာက မိခင်စကားနောက်မှ သွက်သွက်လေး ဖာထေးပြော၏။ ရတနာပြောတဲ့စကားနောက် ခရာ အလိုလို ခေါင်းညိတ်မိသည်။ လူကြီးမိဘအားလုံး အမြင်ရှင်းကာ သက်မတွေ အလီလီချရလေသည်။ တကယ်လည်း ခရာ့စိတ်ထဲ ရတနာပြောသလိုဖြစ်သွားဟန်တူပါသည်။

"ဘာပဲဖြစ်ဖြစ်ပေါ့ သမီးရေ၊ တစ်ယောက်နဲ့တစ်ယောက် စိတ်ခုကြတာတော့ မကောင်းဘူးပေါ့၊ မေမေတို့လူကြီးချင်းက ရိုးသားဖြူစင်တဲ့စိတ်နဲ့ တကယ်ပွင့်ပွင့်လင်းလင်း ရင်းရင်းနှီးနှီးခင်မင်ခဲ့ကြ





တာပါ၊ သမီးနဲ့ ပတ်သက်တဲ့ကိစ္စမှန်သမျှ မေမေတို့ကို ဖုန်းဆက်အသိပေးပြီးသား၊ သမီးပေါ် ရတနာနဲ့ထပ်တူ ဦးခင်ဝင်းနဲ့သွယ်သွယ်တို့ ချစ်တယ်၊ တန်ဖိုးထားတယ်ဆိုတာ မေမေ သိတယ်၊ သိလို့လည်း သမီး ကျောင်းဆက်တက်ဖို့ မေမေတို့ ကြည်ကြည်ဖြူဖြူ ပို့ထားတာ"

မေမေ ထိုသို့ပြောလာမှ ခရာ့ရင်မှာ သံသယတိမ်လွှာတွေ လွင့်ပြယ်သွားကာ –

"ခရာ ခရာ မှားသွားရင် တောင်းပန်ပါတယ် အန်တီသွယ်"

"အို သမီးလေးအပေါ် ဖွေမယူပါဘူး"

ဒေါ်သွယ်သွယ်စိုး တကယ်ပဲ ဖွေမယူခဲ့ပါ။ ရုတ်တရက် စိမ်းနေသည်းတာက တခဏ၊ ပြီးတော့ ငယ်ရွယ်သူ ခရာစိတ်ကို နားလည်ပေးတာ ထိုကာတည်းက။

"ကဲပါဗျာ၊ အဲဒီကိစ္စ ဘေးဖယ်လိုက်ပါတော့၊ တခြား အရေးကြီးတဲ့ကိစ္စ ရှိသေးတယ် မဟုတ်လား"

"ဟုတ်တယ် ဦးဦးစန်းရဲ့"

ဦးခင်ဝင်းက ထိုကိစ္စကြီးနဲ့ အချိန်တွေ အလဟဿ မဖြစ်စေချင်၍ ထိုသို့ဝင်ပြောတော့ ရတနာကလည်း ဆိုသည်။

ဦးစန်းတင့်နဲ့ ဒေါ်ပပလင်းက သဘောထားကြီးရှာတဲ့ ရတနာ့မိဘသားစုကို တအားပင် အားနာကာ –



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်တို့လင်မယားက ကိုခင်ဝင်းတို့အပေါ် သမီး အမြင်မှားတဲ့ကိစ္စအတွက် အရမ်းအားနာတာဗျ"

"မလိုပါဘူးဗျာ၊ ပြောပြီးပါရော အခု အရေးကြီးတာက သမီးခရာကို သဘောကျနေတဲ့ ကြယ်ရှုဝံနဲ့ကိုလတ်ကိစ္စ၊ ကိုစန်းတို့ ဘယ်လိုသဘောလဲ၊ ကိုစန်းတို့သဘောအတိုင်း ဆုံးဖြတ်ဗျာ"

ဦးခင်ဝင်းက စကားလမ်းကြောင်းပြောင်းလိုက်သည်။

ခရာ အမြင်လွဲတဲ့ကိစ္စကို လျော့ပစ်လိုက်တဲ့ ရတနာ့မိဘနှစ်ပါးကို ခရာ အမြင်ကြည်လင်စွာပဲ ပြန်ကြည့်မိသည်။

ဖေဖေနဲ့မေမေက အန်ကယ့်စကားနောက်မှာ ခရာအတွက် မျက်ဝန်းအစုံတောက်ပသွားလေသည်။

သမီးလေးကို မြင်သူတိုင်း ခုလိုပဲ သားရှင်တွေ လိုချင်ကြတာ မဆန်းတော့ပါ။ နယ်မှာတုန်းကလည်း ဒီလိုပါပဲ။

သမီးလေး ငယ်ပါသေးတယ်၊ ကျောင်းတက်ရမှာမို့ဆိုတဲ့ အကြောင်းပြချက်နဲ့ ဦးခင်ဝင်းတို့လင်မယားကလည်း တောင်းဆိုတာနဲ့ ဒီကိုပို့ထားခြင်းဖြစ်သည်။

ခုလည်း သမီးကို လိုချင်သူတွေ ဝိုင်းလည်နေပြန်သည်။ စဉ်းစားဆုံးဖြတ်နိုင်ဖို့က အဓိက မဟုတ်လား။

"သွယ့်အနေနဲ့တော့ ကိုလတ်ကလည်း လက်ခံစရာ ကောင်း





သလို၊ ကြယ်ရှုဝံကိုလည်း ငြင်းပယ်နိုင်စရာအကြောင်း မရှိဘူး။ ကြယ်ရှုဝံက နိုင်ငံကျော်တယ်၊ ချမ်းသာတာကရော ပြောမနေပါနဲ့တော့ မလင်းရယ်၊ သွယ်ကတော့ သမီးလေး ကောင်းစားမယ့်အခြေအနေတွေကြီးပဲမို့ ပြောရတာ၊ မလင်းလင်းတို့ သဘောထားလည်း ပြောဦးလေ"

ဒေါ်သွယ်သွယ်စိုးက ဝမ်းသာအားရပဲ ပြောသည်။ ကိုယ့်သမီး ကောင်းစားမှာကို မြင်ရသလို ခရာလေးအတွက် ကျေနပ်အားရစိတ်နဲ့ ဝင်ပြောလေသည်။

ခရာက မေမေ့လက်ကို အားကိုးတကြီးဆုပ်ကိုင်လျှင် ဒေါ်ပပလင်း သမီးစိတ်ထဲ ဘာရှိနေသည်ဆိုတာ ခန့်မှန်းမိလေသည်။

"သမီးကောင်းစားမယ့်အရေးဆိုတော့လည်း စဉ်းစားရတော့မပေါ့၊ ဒါပေမဲ့ သွယ်ရယ် လင်းလင်းမှာက ဒီသမီးတစ်ယောက်တည်းရှိတာ၊ လင်းလင်းတို့မှာကလည်း အခြေမဲ့အနေမဲ့ မဟုတ်ပါဘူး။ ငွေကြေးဂုဏ်ကိုတော့ သိပ်မမက်လှဘူး၊ အဓိက သမီးလေးအပေါ် တန်ဖိုးထားဖို့၊ သူတို့ကိုယ်တိုင်လည်း တန်ဖိုးရှိနေဖို့ပဲ"

ဒေါ်ပပလင်းပြောတာကို အားလုံးလက်ခံနိုင်စွာ ခေါင်းညိတ်သည်။

"နှစ်ဖက်က အတင်းကာရောဖြစ်နေလို့ ယတိပြတ် ပြော



www.burmeseclassic.com

www.burmeseclassic.com



ချင်တဲ့စိတ်နဲ့ ကျွန်တော်တို့ လာခဲ့တာပါ၊ ဒီကိစ္စကို သားရှင်နဲ့တွေ့ပြီးမှ ဆုံးဖြတ်ပါ့မယ်၊ ကိုခင်ဝင်း ဘယ်လိုသဘောရလဲ"

ဦးစန်းတင့် တိုင်ပင်သလို မေးလျှင် –

"ဒါ အကောင်းဆုံးပဲ ကိုစန်း"

ဟု အားတက်သရော ပြေသည်။

"ကိုလတ်ဘက်ရော၊ ကြယ်ရှုဝံဘက်ကရော ဦးဦးစန်းတို့ကို တွေ့ဖို့တာဆူနေကြတာ၊ အခုအကြောင်းကြားလိုက်တာနဲ့ အခုပြေးလာကြမှာလေ"

ရတနာ အားကြိုးမာန်တက် ဝင်ပြောသည်။

"လာတဲ့အခါ တွေ့ရတာပေါ့၊ အခုလောလောဆယ် ခရီးပန်းလာတာ နားလိုက်ကြပါလား မလင်းလင်း"

ဒေါ်သွယ်သွယ်စိုးက ပြောရင်း ထိုင်ရာမှ ထလေသည်။

"ဟုတ်ပါ့၊ နားကြတာပေါ့"

ဒေါ်ပပလင်းလည်း ခုမှ နားချင်စိတ်ဖြစ်လာကာ သမီးကိုဆွဲထ၏။ သမီးကလည်း အလိုက်သင့်ထကာ –

"လာလေ၊ ဖေဖေနဲ့မေမေ့အတွက် အပေါ်ထပ်မှာ အခန်းပြင်ထားတယ်"

ခရာကပြောရင်း မိဘနှစ်ပါးလက်ကိုဆွဲကာ အပေါ်ထပ်သို့





ဦးဆောင်ခေါ်သွားသည်။ ရတနာတို့မိသားစုလည်း အပေါ်ထပ်အရောက် လိုက်ပို့၏။

ခရာ့ရင်ထဲမှာတော့ ရတနာတို့မိသားစုအပေါ် အမြင်လွဲမိတဲ့ကိစ္စ နင်တင်တင်ဖြစ်နေသေးသည်။

ကိုလတ်ကလည်းနော် ဘာဖြစ်လို့ ပြောရတာလဲ။ ခုတော့ ခရာ့မှာ တစ်မျိုးဖြစ်နေရသည်။

ဒါတင်မက ကြယ်ရှုဝံကလည်း ခရာ့ကို အရှူးအမူးဖြစ်ကာ ခရာကရော သူတို့နှစ်ယောက်ထဲက ဘယ်သူ့ကို ရေးရမှာလဲ။

သေချာတာက မချစ်ဘဲနဲ့ ဘယ်သူ့ကိုမှ မရွေးနိုင်ပါ။ ချစ်မှ ရင်ခုန်မှ ခရာ ရွေးချယ်မှာပါ။

ချစ်တာနဲ့ ရင်ခုန်တာကို ဘယ်သူသင်ပေးတာလဲ။ စံချိန်ရှင်ပဲ ပြောပါကွယ်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၇)

"မင်း ဘာတွေလျှောက်လုပ်နေတာလဲ စံချိန်"

သက်ဦးမောင် နားမလည်နိုင်တော့ပါ။ သိချင်စိတ်နဲ့ စိတ်မရှည်ဖြစ်ကာ မေးလေသည်။

"ဟုတ်သားပဲကွ၊ မင်းလုပ်နေတာတွေက ငါတို့ကောင်တွေ နားမလည်နိုင်တော့ဘူး"

"ဘာရည်ရွယ်ချက်တွေရှိလဲ ပြောဦး"

နေဝန်းနဲ့ဇယားလည်း ဒါပဲ မေးကြပြန်သည်။

အလင်းပြိုင်ကတော့ တစ်ခုခုကို သိနေသလိုနဲ့ ပြုံးပြုံးစိစိ ဖြစ်လျက်၊ စံချိန်ပြောလာမယ့်အကြောင်းအရာကိုပဲ စိတ်ရှည်လက်ရှည် စောင့်သလို တိတ်ဆိတ်နေလေသည်။





စံချိန်က မှာထားတဲ့ ဘီယာဘူးတွေ ရောက်လာသည်နှင့် တစ်လုံးခွဲယူသည်။ ချက်ချင်းဖွင့်ဖောက်ကာ တစ်ကျိုက်ကျိုက်လိုက်ပြီးမှ –

"မင်းတို့ကောင်တွေ ပိန်းလွန်းတယ်ကွာ"

"အောင်မယ်"

သက်ဦးမောင် ယောက်ျားတန်မဲ့ မျက်စောင်းထိုးသည်။ အလင်းပြိုင် ဟက်ခနဲရယ်သလို ကျန်နှစ်ယောက်ကို ဘုကြည့်ကြည့်သည်။

စံချိန် အမြည်းပန်းကန်တွေထဲ ဟိုဟိုဒီဒီကြည့်ရင်း ဝက်အူချောင်းပဲ ကောက်ဝါးသ။

"ဟုတ်တယ်လေကွာ၊ မင်းတို့ ပိန်းလွန်းတယ်၊ အလင်းရိပ်တိတ်တိတ်ရှိနေပြီ မတွေ့ဘူးလား၊ မျက်နှာက စပ်ဖြဲဖြဲနဲ့"

"အဲဒါနဲ့ ဘာဆိုင်လဲကွာ"

ဇယားက ဘီယာဘူးဖောက်ရင်း မေးသည်။

"ဆိုင်တယ်ကွ၊ မယုံရင် အလင်းကိုမေး"

စံချိန်က အလင်းပြိုင်ဘက် စကားကို ဘောလုံးပုတ်သလို ပုတ်လိုက်သည်။ အလင်းပြိုင်က ဘီယာဘူးကိုင်လျက်သားနဲ့ ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



''ငါ့ကို ခွဲမထည့်နဲ့ စံချိန်၊ မင်းကိစ္စ မင်းဘာသာ မင်းရှင်း''

''ကဲ မြန်မြန်ပြောကွာ၊ မင်းလုပ်ပုံ ငါတို့ကောင်တွေ မျက်စိလည်နေပြီ''

''မင်းခိုင်းသမျှ လိုက်လုပ်ပေးထားတဲ့မျက်နှာလည်း ထောက်ဦး''

နေဝန်း မျက်နှာရှုံ့လျက် ဆိုပြန်သည်။ အားလုံးက စံချိန့်လုပ်ရပ်က ဘာဆိုတာ သိချင်နေကြတာ ရာနှုန်းပြည့်။

''ပြောလေကွာ၊ ကိုလတ်အီထားတဲ့ ကောင်မလေးတွေ သတင်းလိုက်ထောက်ပြီး ဘာလုပ်ဖို့လဲ၊ ပြီးတော့ ခုတစ်ခါ ကြယ်ခွဲ့နဲ့ ပတ်သက်တဲ့ ကောင်မလေးတွေ၊ မင်းနဲ့ ဘာဆိုင်လဲ''

''ဆိုင်တာပေါ့ ဖယား''

''အဲဒီဆိုင်တဲ့ကိစ္စကို ပြောကွာ''

''လောလောဆယ် အချိန်စောပါသေးတယ်''

''ဘယ်လိုကွ''

''ဟုတ်တယ် သက်ဦးမောင်၊ နည်းနည်းစောသေးတယ်၊ မကြာခင် အားလုံးရှင်းသွားမယ်''

စံချိန် ဒါပဲပြောပြီး ဘီယာကျိုက်နေလေသည်။

အလင်းပြိုင်ကလွဲပြီး ကျန်တဲ့သုံးယောက်စလုံး စံချိန်ကို





အသံမထွက်ဘဲ ဆဲကြလေသည်။ စံချိန် မျက်နှာမပျက်ပါ။

ကြားထဲက အလင်းပြိုင်ကပဲ နေမထိ ထိုင်မသာဖြစ်ကာ–

''ကဲပါကွာ စံချိန့်စိတ်လည်း သိသားနဲ့၊ ဒီကောင်က ခရာနဲ့ပတ်သက်ပြီး ဗီးလ်ဖြစ်နေတာကွ''

''ဟေး''

''ခရာကို''

သက်ဦးမောင်၊ နေဝန်းနဲ့ ဖယားတို့သုံးယောက် မယုံနိုင်။ မျက်လုံးတွေ ပြူး၊ ကိုယ်တွေမတ်နဲ့ အမူအရာတွေ မငြိမ်မသက်ဖြစ်ကုန်သည်။

စံချိန်က မှုန်တေတေနဲ့ ဝန်ခံတာလည်းမဟုတ် မြင်နေတာလည်း မဟုတ်တဲ့ပုံစံမျိုးနဲ့။

''ကဲ အဲသလောက် သိချင်ရင် မြန်မြန်သောက်''

ဟု နှိုးဆော်လေသည်။ သူငယ်ချင်းတွေ ဘီယာသောက်ချင်နေကြသော်လည်း သိချင်တာကို သိခွင့်မရသေးတဲ့အတွက် စိတ်ထဲမသိကအောင့်ဖြစ်ကြလေသည်။

''သောက်စရာရှိရင် သောက်ကွာ၊ စံချိန်လုပ်နေတာ မကောင်းမှု မဟုတ်ဘူး၊ မကြာခင်သိရမယ်ကွာ''

အလင်းက ထိုမျှသာဝင်ပြောပြီး ဘီယာဆက်သောက်၏။



www.burmeseclassic.com

www.burmeseclassic.com



နေဝန်း၊ ဖယားနဲ့ သက်ဦးမောင် ဘာမှမတတ်နိုင်။

မျက်နှာတွေ ပင့်ခါရင်း ငြိမ်လိုက်ရသည်။ ဒီတစ်ခါ ဘီယာ သောက်ရတာ ဖီးလ်မပါဆုံးပဲ။ တကယ်ကွာ။

✿ ✿ ✿



## အခန်း (၂၈)

"ခရာရေ"

"ရှိတယ်ဟ၊ လာဝင်လေ ရတနာ"

ခုတင်ပေါ် မှောက်လျက်သားနဲ့ ဓာတ်ပုံတစ်ပုံပြီးတစ်ပုံ ကြည့်နေတဲ့ ပန်းခရာ။ ဓာတ်ပုံကြည့်မပျက်ဘဲ ဆိုသည်။

ရတနာက မြူးမြူးသွက်သွက်လေး ဝင်လာရင်း –

"အန်တီကလျာနဲ့ ကြယ်ရှုဝံကြီး ရောက်နေပြီဟ"

"အဲဒါ ဘာဖြစ်လဲ"

ခရာ စိတ်လှုပ်ရှားခြင်း ကင်းမဲ့စွာပြောသည်။ ရတနာ ခုတင်မှာ ဝင်ထိုင်လျှင် မွေ့ရာက အိခနဲညွတ်သွားလေသည်။ ခရာကြည့်နေတဲ့ ဓာတ်ပုံတွေကို ရတနာ ငဲ့ကြည့်ရင်းဆိုသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ကြယ်ဓူဝံက ခရာကို မြင်ချင်နေတာလေ၊ လည်ပင်းကြီးတဆန့်ဆန့်နဲ့ သစ်ကုလားအုတ်ဖြစ်တော့မယ့်ဥစ္စာ"

"ဖြစ်ပလေ့စေ၊ သူ့ဘာသူ မေမေတို့ရှိတာပဲ"

"ရှိတာတော့ ရှိတာပေါ့၊ လာပါဟယ် ခရာ့ကို လိုလိုလားလား မြတ်နိုးလို့ လာပြီးကြောင်းလမ်းတဲ့ဟာ ခရာ ရှိနေဖို့လိုတယ်၊ ပြီးတော့ ခရာ့မေမေကလည်း ခရာ့ကို ဆင်းလာပါတဲ့၊ ခေါ်ခိုင်းလိုက်တယ်"

"မေမေနဲ့တော့ ခက်တာပဲ"

"ကဲပါဟယ် ဓာတ်ပုံတွေ နောက်မှကြည့်တော့၊ ဒီဓာတ်ပုံက ကြယ်ဓူဝံ တကယ်ဆုရနိုင်တယ်ဟ"

ခရာ နှာခေါင်းလေး ရှုံ့မိ၏။ ရတနာက ဓာတ်ပုံတွေ အလုအယက် ဆွဲယူပြီး သိမ်းသည်။

ဓာတ်ပုံက တကယ့်ကို သက်ဝင်ပီပြင်သလို၊ သဘာဝလည်းကျလှသည်။

ကြယ်ဓူဝံဓာတ်ပုံပညာကိုတော့ ခရာ ချီးကျူးပါသည်။ ဒါပေမဲ့ ခရာ့ရင်မှာ လှုပ်ရှားသွားတာမျိုးတွေ မဖြစ်စေပါ။

ခရာ့နှလုံးသားနုနုလေး လှုပ်ရှားခဲ့သည်က ပိုက်လုံးကြီးကြားထဲ နှစ်ယောက်သား ကြောက်ကြောက်ရွံ့ရွံ့နဲ့ ဖက်တွယ်ထားကာ။





ထိုစဉ်က ကြယ်ဓူဝံအသံကျယ်ဟိန်းထွက်နေသည်က ဒေါသတွေနဲ့။ ကြောက်စရာ ထိတ်စရာလည်း ကောင်းလှသည်။

ခရာ့ကို ဓာတ်ပုံရိုက်ပြီးပြောစဉ်က ကြယ်ဓူဝံစကားလုံးတွေက နူးရွလှပကာ တစ်ဖက်သား ညွတ်ကျသွားစေတဲ့ ဆွဲအားတို့ ပါနေသည်။

ဆန့်ကျင်ဘက်ဖြစ်နေတဲ့ ကြယ်ဓူဝံရဲ့နှလုံးသားက ခရာ့ကို တကယ်မြတ်နိုးတန်ဖိုးထားလို့လား။ စံချိန်ကတော့ ကြယ်ဓူဝံကို ဘာညာစွပ်စွဲပြောတာ ခရာ မှတ်မိနေသည်။

"ဒီမှာ ခင်ဗျား ဒီပန်းတွေနဲ့ တခြားမိန်းကလေးတွေကို မြူဆွယ်စမ်းပါ၊ ပန်းခရာကိုတော့ လုံးဝမထိနဲ့"

ဆိုပြီး ခရာ့ကိုဆွဲခေါ်ခဲ့တဲ့ စံချိန်။

ကြယ်ဓူဝံက တကယ်ပဲ ငုဝါပန်းတွေနဲ့ မိန်းကလေးတွေကို မြူဆွယ်တတ်တာလား။

ဒါမှမဟုတ် စံချိန် မတရားစွပ်စွဲတာလား။

တကယ်ဆို ခရာ့စိတ်က ငုပန်းမြင်ရင် ညွတ်နေပြီးသား။ အဲဒီငုပန်းကြောင့်ပဲ စံချိန်နဲ့ ပိုက်လုံးထဲ ပုန်းခိုရင်း တိတ်တဆိတ် ရင်ခုန်ရတဲ့အဖြစ်။

ငုပန်းကြောင့်ပဲ ကြယ်ဓူဝံ ခရာ့ကို လိုချင်တပ်မက်ကာ



www.burmeseclassic.com

www.burmeseclassic.com



ခုတော့ ဖေဖေမေမေတို့ဆီမှာ သိက္ခာရှိရှိ လာတောင်းရမ်းနေတာ။ ခရာ ဘယ်လိုရင်ဆိုင်ရမလဲ။

ငပန်းတွေကိုချစ်သော်လည်း ကြယ်စုဝံကို ရင်မခုန်မိတဲ့ ခရာ နှလုံးသား။ စံချိန်သစ်ကို ရင်ခုန်ရသော်လည်း ခရာ့ကို ပုံတုံးမလေးလို့ အမြဲတမ်းရှုပ်ချပြောဆိုနေတဲ့ စံချိန်။

"လာ ထပါ ခရာရဲ့၊ ညှို့သည့်တွေကို အားနာစရာဟာယ်"

ခရာ မွေ့ရာပေါ်မှာ ငြိမ်သက်စွာ ငေးမောတွေးတောနေသည်ကို ရတနာ စောင့်နေရတာ စိတ်ရှည်တော့ဟန်မတူ။ ခရာ့လက်ကို အတင်းဆွဲထစေသည်။

ခရာ ဘာမှမတတ်နိုင်စွာ ထရလေသည်။ အထွေးအထူး ဘာမှလည်း ပြင်ဆင်မနေတော့ပါ။

အုတ်ကျိုးရောင် ချည့်ဝမ်းဆက်လေးက ခရာ့ကိုယ်မှ ကပ်ချုပ်ကာ ခရာရဲ့ကိုယ်ကောက်ကြောင်း လှနေပြီးသား ဖြစ်သည်။

ခရာမြတ်နိုးတဲ့ ကျစ်ဆံမြီးနှစ်ဖက်နဲ့ ရိုးယဉ်ကျော့ရှင်းကာ အလှသွေးကြွယ်လျက်သား။ ပန်းခရာဆိုတာ ဘာမှအထွေအထူး မပြင်မဆင်ရဘဲ လှနေတာကိုက မျက်စိကျစရာအတိ။

✿ ✿ ✿



အခန်း (၂၉)

ကြယ်စုဝံ စိတ်လှုပ်ရှားသွားသော်လည်း ခပ်မြူးမြူးလေး ဖြစ်နေသည်။ သူ့အခြေအနေ၊ သူ့အဆင့်အတန်းက ဘယ်သူမှ ငြင်းပယ်ဖို့ စိတ်ကူးမည်မဟုတ်ပါ။

မာမီဘက်ကလည်း အစွမ်းကုန်ပစ်ဘတ်ပုံပေးဖို့ အဆင်သင့်ရှိနေသည်။ ရိုးအေးသော ခရာ့မိဘနှစ်ပါးကလည်း ကြည်ဖြူနှစ်လိုသော အပြုံးဖြင့် ကြိုဆိုကာ ဖော်ရွေလှိုက်လှဲစွာ ညှို့ခံစကားဆိုလေသည်။

ပြီးမှ မာမီက ဦးစွာ စကာလမ်းကြောင်း ဖွင့်လေသည်။

"ဒီမှာလေ ကလျာသားက ကိုစန်းတင့်နဲ့ ပပလင်းတို့သမီးလေးကို မေတ္တာရှိနေပြီဆိုတော့ ကလျာအနေနဲ့ ကိုစန်းတင့်တို့ တောင်းဆိုသမျှ ပုံပေးမယ်၊ မင်္ဂလာပွဲကိုလည်း နိုင်ငံကျော်သွားအောင်



www.burmeseclassic.com

www.burmeseclassic.com



တခမ်းတနားစီစဉ်ပေးပါ့မယ်၊ ဒါကြောင့် ကိုစန်းတင့်နဲ့မပပလင်း အာ၊ မနာပါနဲ့၊ သမီးလေးကို ဘယ်လိုပုံစံနဲ့ ကလျာ တင်တောင်းရမလဲ ဆိုတာ ပြောပါ၊ အခုလောလောဆယ်တော့ ဒီမှာလေ''

ဒေါ်ဆင်းကလျာ နိုင်ငံခြားဖြစ် လက်ဆွဲအိတ်ကြီးထဲမှ ရတနာဘူးတွေ ထုတ်ပြီး စားပွဲပေါ်ချသည်။

ဒေါ်ဆင်းကလျာခေါ်လာတဲ့ ရွှေနေဦးကောင်းနဲ့ ဇနီး ဒေါ်လှလှက ရွှေနေနဲ့ ရွှေနေကတော်ပီသစွာ၊

ဒေါ်ဆင်းကလျာဘက်က ထုတ်ပေးတဲ့ ရတနာဘူးတွေကို ဖွင့်ပြလျှင် အားလုံး မျက်လုံးတွေ လက်ဖြာကုန်သည်။ စိန်တစ်ဆင်စာ၊

ပတ္တမြား၊ နီလာ၊ ကျောက်စိမ်းနဲ့ ပုလဲပင်မကျန်ပါ။ အားလုံး တစ်ဆင်စာအတိ။ ပြီးတော့ ဒေါ်ဆင်းကလျာက နောက်ထပ် ငွေသိန်း တစ်ရာပါ ပုံပေးလေသည်။

ဒေါ်ဆင်းကလျာရဲ့ ရက်ရောမှုကိုကြည့်ပြီး ဦးခင်ငင်းနဲ့ ဒေါ်သွယ်သွယ်စိုး ရင်ဘတ်ဖိမတတ် အံ့သြဝမ်းသာသလို ဦးစိုးလတ် သစ်နှင့်ဒေါ်လှရိပ်မှာ မျက်လုံးပြူးရလေသည်။

သူတို့လည်း သားရှင်ပဲ မဟုတ်လား။ သားလတ်အတွက် ထိုမျှအထိ ပုံပေးကာ တင်တောင်းနိုင်စွမ်း မရှိမှန်း ကိုယ်တိုင်သိနေ တာကြောင့် မျက်နှာမပျက်အောင် မနည်း ထိန်းနေရသည်။





ခရေမိဘနှစ်ပါးက ရတနာတွေနဲ့ ပိုက်ဆံပုံကြီးကိုကြည့်ကာ ဆွံ့အလုမတတ်ပါပဲ၊ ကိုယ့်သမီးကို ဒီလိုတွေ တင်တောင်းတော့လည်း ဝမ်းလည်းသာရပါသည်။

ဒေါ်ဆင်းကလျာခေါ်လာတဲ့ လူကြီးလူကောင်းစုံတွဲနှစ်တွဲ ကလည်း အားကျတဲ့စိတ်နဲ့ ဝင်ပြောသည်။

"ဒီက သမီးရှင်အနေနဲ့ သိပ်ကံကောင်းပါတယ်၊ နောက်ထပ် ဘာတောင်းဆိုချင်သေးလဲ၊ ပြောပါ''

"တိုက်တို့ ကားတို့က တရားဝင်စေ့စပ်မယ့်နေ့ကျရင် သမီး လေးနာမည်နဲ့ လွှဲပေးမယ်တဲ့၊ ဟုတ်တယ်နော် ကလျာ ဟင့် ဟင့် ဟင့်''

ပတ္တမြားချည်းဆင်ထားတဲ့ အမျိုးသမီးကြီးက ဂုဏ်ယူဝင့် ကြွားစွာ ထုတ်ပြောလေသည်။ ဒေါ်ကလျာကလည်း မျက်နှာဝင့်ဝင့် ကြီးနဲ့ ခေါင်းဆတ်၏။

''ဟုတ်ပါတယ်ရှင်၊ ကလျာမှာ ဒီသားတစ်ယောက်ပဲရှိတာ လေ၊ ဟင့် ဟင့်၊ ကလျာပိုင်သမျှက သမီးလေးအတွက်ချည်းပဲ''

ဟု မှုပိုပို အရှိန်အဝါကြီးစွာ ပြောလေသည်။

''သမီးရှင်ဘက်က ကိုခင်ဝင်းတို့ ဘာပြောမလဲ၊ ပြောစေဗျာ''

ရွှေနေကြီးက ဆိုသည်။



www.burmeseclassic.com

www.burmeseclassic.com



သမီးရှင်ဘက်က အံ့ဩလွန်းလို့ တိတ်ဆိတ်နေတာကို အားမရစွာ ဝင်ပြောသည်။ ဒေါ်ဆင်းကလျာ ပြောပုံပြောလက်က ဦးစိုးလတ်သစ်နဲ့ ဒေါ်လှရိပ်မာကို ပကာသနနဲ့ ချိန်ပြောနေမှန်း သမီးရှင်ဘက်က အားလုံးရိပ်မိပါသည်။

သို့ပေမယ့်လည်း မသိချင်ဟန်ဆောင်ကာ ဣန္ဒြေမပျက်ဘဲ "ဟုတ်တာပေါ့၊ ကိုစန်းသဘောကို ပွင့်ပွင့်လင်းလင်းပြော" ဟု အားပေးရလေသည်။

ဒေါ်ပပလင်း အခုမှ သတိဝင်လာသလိုရှိသည်။ ဦးစန်းတင့်ကလည်း ဇနီးသည်ကို ငဲ့ကြည့်၏။

"ကိုစန်း ပြောစရာရှိတာ ပြောပေါ့"

ဟု ခင်ပွန်းသည်ကို ပါဝါကုန်လွှဲပေးလေသည်။

"အန်ကယ် ဘာပြောစရာရှိလဲ ပြောဗျာ၊ အားမနာပါနဲ့"

ကြယ်ရှုဝံ တစ်ခွန်းဝင်ပြောသည်က ကိုလတ်ကို အားမနာစွာ။ ကိုလတ်နဲ့ ကိုကြီးက ချွေးတွေ သို့နေရှာသည်။

အခြေအနေအရ အလေးသာနေတဲ့ ကြယ်ရှုဝံက ပန်းခရာထွက်လာမယ့် တံခါးဝဆီပဲ မျက်စိကစားနေသည်။

"ပြောလေ ကိုစန်းတင့် ဟင့် ဟင့်"

ဒေါ်ဆင်းကလျာ စကားလမ်းကြောင်း ဖွင့်ပေး၏။ ဦးစန်းတင့်





ချောင်းတစ်ချက်ဟန့်ရင်း ဒေါ်ဆင်းကလျာနဲ့ဟကွ ညှော်မိတ်ဆွေတွေကို ဖြန့်ကြည့်၍ ဆိုသည်။

"ခုလို သမီးလေးကို ဝါခမ်းတနားနဲ့ တန်ဖိုးရှိရှိ တင်တောင်းလာတဲ့အတွက် ကျွန်တော်တို့လင်မယား ဝမ်းသာပါတယ်"

"ဒါဆို လက်ခံတယ်ပေါ့ ကိုစန်းတင့်"

ရှေ့နေကြီးက လှိုက်လှိုက်လှဲလှဲမေးသည်။ ဦးစန်းတင့်က လက်ကာဟန့်လျှင် အားလုံး ဦးစန်းတင့်ကို ပြူးကြည့်ကြ၏။ ဦးစန်းတင့်က တိုက်ပုံအင်္ကျီကိုဆွဲဆန့်ကာ ကိုယ်ကို မတ်မတ်ဖြစ်အောင် ကြွထိုင်၍ ကြယ်ရှုဝံနဲ့ဒေါ်ဆင်းကလျာကို တစ်လှည့်စီကြည့်ပြီး ဆိုသည်။

"လက်ခံဖို့အတွက် ကျွန်တော် စဉ်းစားမှာပါ"

အားလုံး မျက်လုံးတွေ ပြူးသွားသည်။

"ဒါပေမဲ့ ဘာဖြစ်လဲ အန်ကယ်"

ကြယ်ရှုဝံ မျက်မှောင်ကြုတ်၍ ချက်ချင်းမေးသည်။ ဦးစန်းတင့် ရိုးသားစွာပဲ ပြုံးကာ –

"အန်ကယ်ကြားထားတဲ့သတင်းတစ်ခုရှိတယ်၊ ဟုတ်၊ မဟုတ် မေးကြည့်ချင်ပါတယ်"

"မေးဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"မေးပါ ကိုစန်းတင့်ရဲ့"

သားအမိနှစ်ယောက် မျက်နှာဝင့်ဝင့်လေးနဲ့ မေးခွင့်ပေးလေသည်။ နှစ်ဖက်ညှိသည်တွေအားလုံးကလည်း စိတ်ဝင်စားကာ နားစွင့်နေကြသည်။

"ဒီလိုဗျ"

ဦးစန်းတင့် စကားစလိုက်သည်။ အားလုံး အသက်ပင်မရှူနိုင်ဘဲ စိတ်ဝင်တစား နားစွင့်၏။ ဦးစန်းတင့်လည်း အားမနာ။ တောသားပီပီ တဲ့မေးလေသည်။

"မောင်ကြွယ်ရှဝံမှာ တိတ်တိတ်ပုန်း ထရှုပ်နေတဲ့ မိန်းကလေး ရှိနေတယ်ဆို"

"ဘာ"

"ဘာပြောတယ်"

သားအမိနှစ်ယောက်မျက်နှာတွေ မဲ့ခနဲဖြစ်သွားသည်။ ညှိပရိသတ်တွေ အံ့သြကာ နှုတ်ခမ်းတွေ ဟကုန်သည်။

"ကျွန်တော်ကြားတဲ့အတိုင်း မေးတာပါ။ အဲဒီမိန်းကလေးကို လျော်ကြေးပေးပြီး နောက်ဆုတ်ခိုင်းထားတယ်တဲ့"

"မ မဖြစ်နိုင်တာ"

ဒေါ်ဆင်းကလျာအသံတွေပါ တုန်သွားသည်။ ကြွယ်ရှဝံ





အံကြိတ်လိုက်တာ မျက်လုံးအစုံ မီးပွင့်မတတ် တောက်ပသွားလေသည်။

"အဲဒီကိစ္စ အမှန်ဆိုရင်"

"တော်တော့ အန်ကယ် ဆက်မပြောနဲ့တော့"

ကြွယ်ရှဝံ ဝုန်းခနဲ ထရပ်လေသည်။ ဦးခင်ဝင်းတို့၊ ဒေါ်လှရိပ်မာတို့လည်း ဘာမှနားမလည်နိုင် ဖြစ်ရလေသည်။ ဒီကိစ္စ သူတို့လည်း မကြားရပါလား။

မနေ့ကမှ ရောက်လာတဲ့ ကိုစန်းတင့်တို့ ဘယ်လိုသိကြတာလဲ။

"ဟာ ကိုစန်းတင့် မဟုတ်ဘူးထင်တယ်နော်၊ ဒေါ်ဆင်းကလျာသား ကြွယ်ရှဝံမှာ ဒီလိုအမဲစက်မျိုး မရှိပါဘူးဗျ"

"ဟုတ်ပ၊ စဉ်းစဉ်းစားစား မေးပါဗျာ"

"ကလျာ့ဂုဏ်ရှိန်လည်း ထည့်တွက်ဦး"

ဒေါ်ဆင်းကလျာခေါ်လာတဲ့ ရွှေနှေးကြီးနဲ့ မိတ်ဆွေဇနီးမောင်နှံတွေက ဒေါ်ကလျာဘက်က ခုခံပြောသည်။

တကယ်လည်း ဒီကိစ္စ သူတို့အသိုင်းအဝိုင်းထဲမှာ ရိုးတိုးရိပ်တိတ်တောင် ကြားဖူးတာ မဟုတ်ဘူး။ ခုမှ ဘွားခနဲ ကြားရသည်က တကယ်မယုံနိုင်စရာ။



www.burmeseclassic.com

www.burmeseclassic.com



"နေပါဦး၊ ဒီမဟုတ်ကမဟုတ်က သတင်းကို အန်ကယ်တို့ ဘယ်ကရတာလဲ"

ကြယ်ရှုဝံ မာထန်သလို၊ တစ်ကိုယ်လုံးလည်း တုန်မတတ် ရှက်ကာ အံကြိတ်မေး၏။ မေးသံကြီးက ဘယ်လောက်ကျယ်သည် မသိ။ တစ်ခန်းလုံးပင် တုန်ခါမတတ်။

ဦးစန်းတင့်က သွေးအေးအေးနှင့် ဖြေသည်။

"စံချိန်သစ်ဆီက"

"ဘာ"

အားလုံးထဲမှာ ဘာသံတွေ ဟုန်းခနဲထွက်ကုန်သည်။ စံချိန်သစ်၊ တစ်လမ်းလုံးမှာ မျက်နှာပြောင်အတိုက်ဆုံး လူငယ်။ ထိုသူငယ်က ဦးစိုးလတ်သစ်နဲ့ ဒေါ်လှရိပ်မာတို့သားအငယ်။

အားလုံး စံချိန်သစ်ကို သိကြတာမို့ မိဘရှင်ကို ပြိုင်တူလိုလို မျက်ဝန်းရှုံ့ကြီးနဲ့ စိုက်ကြည့်၏။

စံချိန်သစ် မိဘနှစ်ပါး ပြူးတူးပျာတာဖြစ်သွားသည်။ ကိုကြီးနဲ့ကိုလတ်လည်း ချောက်ချားကာ –

"စံချိန်သစ် တောက်"

ကြယ်ရှုဝံရဲ့အသံက ကြိတ်မနိုင်ခဲမရနဲ့ ဖျစ်ညှစ်သတ်ချင်တဲ့ ဒေါသနဲ့ ခုန်ထွက်လာသည်။





"ဟုတ်တယ်၊ စံချိန်သစ် ပြောတာ"

ဦးစန်းတင့် တည်တည်ငြိမ်ငြိမ်နဲ့ ထပ်ပြောသည်။

"တောက်၊ ဒီလိုပဲပြောလို့ရသလား ကလျာ့သားကို၊ ဒီမှာ ဒီကိစ္စ ကလျာ လုံးဝမခံဘူး၊ ရှေ့နေကြီး တရားဆွဲပေးရှင်၊ သားကို အရှက်ခွဲသိက္ခာချတာ၊ လုံးဝ သည်းမခံဘူး"

ဒေါ်ကလျာ ထခုန်မတတ် ဒေါသတကြီး ပြော၏။

"အန်တီ သည်းမခံလည်း ကျွန်တော် ဂရုမစိုက်ဘူး"

"ဟင်"

ပြောရင်း ဧည့်ခန်းထဲ ဂျစ်ကန်ကန်ပုံစံနဲ့ ဝင်လာတဲ့ လူငယ်၊

"စံချိန်သစ်"

အားလုံးနှုတ်ဖျားက ထိုနာမည် ခုန်ထွက်သွားလေသည်။ ဟုတ်ပါသည်။ စံချိန်သစ်မှ စံချိန်သစ်အစစ်။

မျက်နှာကိုမော့ပြီး ဆံပင်ကို ခပ်မိုက်မိုက်သပ်ရင်း ဆက်ပြောသည်။

"ဒီမှာ ကြယ်ရှုဝံ မင်း ဘာကောင်ဆိုတာ ငါတို့ကောင်တွေ သိတယ်ကွ"

"တောက် ဘာသိတာလဲကွ"

ပြောရင်း ကြယ်ရှုဝံ၏ဒေါသလက်သီး မြှောက်ခနဲတက်၏။



www.burmeseclassic.com

www.burmeseclassic.com



စံချိန်သစ်ကို ဆွဲထိုးဖို့လည်း အနားကပ်သွား၏။

စံချိန်သစ်ကလည်း လက်မနှေးပါ။ ကိုယ်ကို အသာရှိရှောင်၍ ကြယ်စုဝံလက်ကောက်ဝတ်ကို ဖမ်းကိုင်ပြီး -

"ငါတို့သိတာထက် ချစ်ချစ်မ ပိုသိတယ်ကွ၊ ချစ်ချစ်မ နင့်ကောင် ဘာကောင်ဆိုတာ အားလုံးသိအောင် ပြောလိုက်"

"ချစ်ချစ်မ"

ကြယ်စုဝံနှုတ်က အထိတ်တလန့် ရွတ်မိသွားသည်။ စံချိန်သစ် ဖမ်းဆုပ်ထားတဲ့ လက်ကောက်ဝတ်ကို ဆောင့်လွှတ်၏။

လူကြီးတွေအားလုံး ရုတ်ရုတ်သဲသဲဖြစ်ကာ သူ့သား သူ့ဆွဲ ကိုယ့်သား ကိုယ်ဆွဲနဲ့ ရှုပ်ထွေးကာ အလင်းပြိုင်ရဲ့ဂျစ်ကားပေါ်က ကြော့ကြော့လေး ဆင်းလာတဲ့ မိန်းကလေးဆီ အကြည့်ရောက်လေသည်။

ချစ်ချစ်မ။ မော်ဒယ်သရုပ်ဆောင်မလေးဆိုတာ အားလုံးသိကြသည်။

"ဟင် ချစ် မင်း"

ကြယ်စုဝံ သွေးပျက်မတတ်ဖြစ်၏။ ချစ်ချစ်မက မြွေပောက်မလေး အစွယ်တမြမြထောင်ထားသလိုမျက်နှာနဲ့ အားလုံးရှေ့ လျှောက်လာကာ ကြယ်စုဝံရှေ့ ရင်ကော့ ရပ်လေသည်။





"ဒီမှာကြယ် ကြယ်အကြောင်း မ, ဘာမှမသိလို့ ခံခဲ့ရတာ၊ မ,ကို နိုင်ငံတကာ ခရီးသွားအေဂျင်းကြော်ငြာဓာတ်ပုံရိုက်ပေးတယ်၊ အဲဒီကနေ မ,ကို ဖြားယောင်းသိမ်းပိုက်ပြီး လျော်ကြေးပေး ခေါက်ပစ်လိုက်တဲ့ကိစ္စ၊ မ, လုံးဝမကျေနပ်ဘူးနော်၊ အခုလည်း ရိုးရိုးအေးအေး မိန်းကလေးကို"

"တော်တော့ မင်း ဘာမှဆက်မပြောနဲ့တော့ ချစ်ချစ်မ၊ နင်ကရော မိုးသားလို့လား၊ ငွေပေးလိုက်တာနဲ့ နန့်ပြီးထွက်သွားပြီတော့၊ ခုမှ ဘာလာပြီး ဖယားရှုပ်နေတာလဲ၊ မင်းထွက်သွား"

ကြယ်စုဝံ ရက်စက်နှုန်းမှန်ထုလေပြီ။ ပြောရင်းဆိုရင်း ချစ်ချစ်မကို တွန်းပစ်ရင် ကုန္ဒြေလည်းမဆည်နိုင်ဖြစ်လေသည်။

ဒေါ်ကလျာ သူ့မနားသူမ မယုံနိုင်ဖြစ်ကာ မထင်မှတ်ဘဲ ကိုယ့်မိတ်ဆွေတွေကြား အရှက်တကွဲဖြစ်ရတဲ့ကိစ္စ။

"ကြယ်စုဝံက ဒီလိုပဲ မ,တို့လို မိန်းကလေးတွေကို ခြေတော်တင်ခဲ့တာ၊ ခြေတော်တင်ပြီး လျော်ကြေးပစ်ပေးခဲ့တာ၊ ဘယ်သူမှ မသိကြလို့ မ,ကိုယ်တိုင် လာပြောတာ ဟင့် ဟင့်"

ချစ်ချစ်မ ပြောပြီး မာန်အပြည့်နဲ့ ဆက်လက်ရင်ဆိုင်ဖို့ ရှိနေသည်။ ထိုအခါ ကြယ်စုဝံမျက်လုံး ပြာဝေသွားသည်။

ချစ်ချစ်မ ရှေ့ဆက်ပြောရင် သူ့အကြောင်းတွေ တစ်ခုပြီး



www.burmeseclassic.com

www.burmeseclassic.com



တစ်ခု ပေါ်လာဖို့ရှိသည်။

နောက်ပြီး အားလုံးက ကြယ်စွဲဝံကို ဒီလိုကောင်ပါလားဆိုတဲ့ မျက်လုံးရင့်ကြီးတွေနဲ့ ဝိုင်းကြည့်တာကို ရင်မဆိုင်နိုင်တော့။

"ကြယ်စွဲဝံ ဘာကောင်ဆိုတာ အားလုံးသိပြီ မဟုတ်လား ဟင့် ဟင့်"

စံချိန်သစ် ခနဲ့သဲ့သဲ့ပြောတဲ့နောက်မှာ ရှက်တာကို မထိန်းနိုင်တော့ဘဲ ကြယ်စွဲဝံ ဒရောသောပါး ပြေးထွက်ပြီး ကားမောင်းပြေးလေသည်။

ရွှေနေကြီး ရွှေ့က မားမားရပ်ပြီး ဖာထေးပေးဖို့ မစွမ်းသာ။ ဒေါ်ဆင်းကလျာ ရှက်လွန်းလို့ ဟီးခနဲ ငိုချကာ ဘယ်သူ့မျက်နှာမှ မကြည့်ရဲရှာ။ မျက်နှာကို လက်နှစ်ဖက်နဲ့ အုပ်ကာ ချုံးပွဲချငိုလေသည်။

သူမမှာတော့ သားအတွက် မျက်နှာမှာ ဂုဏ်ရှိန်ဝါတွေ တစ်ဆင့်ပြီး မော်ကြွားခဲ့မိသမျှ ခုတော့ လူသိရှင်ကြား အရှက်ခြမ်းခြမ်းကွဲတဲ့အဖြစ် ဟုတ်ပါလား။ အီး ဟီး ဟီး။

✿ ✿ ✿



## အခန်း (၃၀)

"စံချိန်"

ရတနာ ဖိခေါ်လိုက်သည်။ စံချိန်က မမှုသလိုနဲ့ ဂစ်တာကြိုး ညှိနေသေးသည်။ ကြိုးညှိနေရာမှ ရတနာ့ကို မော့မကြည့်ဘဲ -

"ဘာလဲလို့"

ခပ်ဆတ်ဆတ် မေးလေသည်။

"အောင်မာ နင်ကပဲ မာနေသေးတယ်"

ရတနာ မကျေမနပ်ပြောရင်း လက်တစ်ဖက် ခါးထောက်လေသည်။ စံချိန် ဂစ်တာတီးမလို့ ပြင်ဆင်နေကြတဲ့ စံချိန်တို့ သူငယ်ချင်းတစ်စုရှေ့ ရတနာ မကျေမနပ်ရပ်ပြီးပြောလျှင် -

"နေဦး နင်က ဘာလိုင်းကြီး ဘာဖြစ်လာတာလဲ ရတနာ့



www.burmeseclassic.com

www.burmeseclassic.com



စံချိန့်မေးခွန်းနောက်မှာ အလင်းပြိုင်က ရတနာ့ကို ချစ်တဲ့ မျက်ဝန်းနဲ့ ရီဝေဝေကြည့်နေသည်။ ရတနာက အလင်းပြိုင်ရဲ့ချစ်မျက်ဝန်းကို အလေးမထားပဲ စံချိန့်စကားကို ပြန်ပြောချလေသည်။

''မဖြစ်စရာလား၊ နင့်ကြောင့် ဘယ်လောက်အရှက်တကွဲဖြစ်ရလဲ၊ စဉ်းစားကြည့်လေ၊ ဘာလဲ ခရာကောင်းစားမှာကို နင်မနာလိုတိုရှည်ဖြစ်ပြီး ပွဲဖျက်လိုက်တာ မဟုတ်လား၊ အကျင့်ပုတ်ရဲ့''

''ကျစ်၊ နင် ဘာလာကြောင်နေတာလဲ ရတနာ''

စံချိန် ဂစ်တာကြိုးဆက်မညှိတော့ပါ။ နေဝန်းကို ဂစ်တာထိုးပေးရင်း အုတ်ခုံပေါ် ထိုင်နေရာမှ ထလေသည်။

ရတနာက ပို၍ပင် အားမလိုအားမရဖြစ်လာသည်။ စံချိန့်ရင်ဘတ်ကို တွန်းထိုးပြီး ဆက်ပြော၏။

''နင့်လုပ်ရပ် ကောင်းလို့လား၊ နင် စဉ်းစားကြည့်စမ်း ကြယ်စူဝံ ဘယ်လောက် အရှက်ကွဲရသလဲ၊ အန်တီကလျာရော ဘယ်လောက် သနားဖို့ကောင်းလဲ၊ ရှက်လွန်းလို့ ချုံးပွဲချငိုသွားတယ်လေ''

စံချိန် နှုတ်ခမ်းထောင့်စွန်းလေးပဲ ကွေးသွားသည်။ ဘယ်သူဘာဖြစ်ဖြစ် စံချိန်နဲ့ မဆိုင်ပါ။

သူတို့ အရှက်တကွဲဖြစ်ရတာ အရှက်ကွဲအောင်ပြုခဲ့တဲ့ အမှုတွေ ရှိခဲ့လို့ပဲလေ။ စံချိန် ထိုသို့ယူဆသည်။





အန်တီကလျာ ငိုသွားတဲ့အဖြစ် ကြယ်စူဝံ ရှက်ပြီး ထွက်ပြေးရတဲ့ကိစ္စ။ စံချိန်ဖော်ထုတ်တာက အကြောင်းမဟုတ်ပါ။

''အားလုံး အရှက်တကွဲဖြစ်ရတာ နင့်ကြောင့်၊ ခရာကို အမြင်ကတ်ပြီး ပွဲဖျက်လိုက်တဲ့ နင့်အတွက်ကို ငါ အံ့သြတယ် စံချိန်၊ ပြီးတော့ ကိုလတ်အပေါ်လည်း နင့်လုပ်ရပ်က ဆိုးလိုက်တာ၊ ညီကိုချင်းတောင် နင် မငဲ့ညှာဘူး၊ နင့်စိတ် အဲဒီလောက် အောက်တန်းကျလိမ့်မယ်လို့ ငါ မထင်ဘူး၊ ခုတော့ တောက်''

စံချိန် စိတ်ပျက်လက်ပျက်ဖြစ်သွားသည်။ ရတနာက နေရာတကာ တစ်ဖွတ်ထိုး ပြောတတ်မှန်း စံချိန်သိသည်။

ဒီကိစ္စတစ်ဖွတ်ထိုးပြောတာတော့ စံချိန် လက်မခံနိုင်ပါ။ ရတနာနဲ့ တည့်တည့်ရပ်ကာ မာထန်တဲ့ရတနာ့မျက်နှာကို စိုက်ကြည့်လျက် ပြောမလိုဟန်ပြင်လျှင် –

''ရတနာ ဘာမှမသိဘဲ ရမ်းမပြောနဲ့''

အလင်းပြိုင် တိတ်ဆိတ်မနေနိုင်တော့ပါ။ ဝင်ပြောလျှင် –

''အလင်း စံချိန်ဘက်က ရှေ့နေမလိုက်နဲ့''

ရတနာပိတ်ပြောလျှင် အလင်းပြိုင် ရှေ့ဆက်ပြောဖို့ ဝန်လေးသွားသည်။ ချစ်တဲ့စိတ်နဲ့လည်း မပြောရက်တော့ပါ။ စံချိန်ကလည်း မပြောဖို့ အလင်းကို လက်ဟန်နှင့်တားသည်။



www.burmeseclassic.com

www.burmeseclassic.com



ဇယားတို့၊ သက်ဦးမောင်တို့ကလည်း အလင်းပြိုင်ကို ဆက်မပြောဖို့ ဆွဲဟန့်လေသည်။ ဒါကြောင့်လည်း အလင်းပြိုင် နောက်ဆုတ်ခြင်းဖြစ်သည်။

စံချိန်က အလင်းပြိုင်လို နောက်မဆုတ်ပါ။ ရတနာ့စကားလုံးတွေကို ထုချေပစ်ဖို့ အားမာန်အပြည့်သွင်းလျက် –

"ဒီမှာ ရတနာ"

စကားသံနောက်မှာ ရတနာ့မျက်နှာလေး မော့နေသည်။ စံချိန်က ပြောစရာရှိတာကို ပြောချဖို့ ဆုံးဖြတ်ထားတဲ့အတိုင်း ဆက်တိုက်ပြောလေသည်။

"နင့်စိတ်ထဲမှာ ငါ့လုပ်ရပ်က အောက်တန်းကျတယ်လို့ မြင်ချင် မြင်လို့ရတယ်၊ ဒါပေမဲ့ ငါ့ဘက်က တမင်တကာ အကွက်ဆင်ပြီး အရှက်ခွဲတာ မဟုတ်ဘူး"

"ဒါဆို ဘာဖြစ်လို့ လူသိရှင်ကြား ကြော်ငြာရတာလဲ၊ ဘာဖြစ်လို့ ချစ်ချစ်မကို ခေါ်လာရတာလဲ"

"ဟ ဒါက ကြယ်ရူဝံ တကယ်ရှုပ်ခဲ့တဲ့ကိစ္စ၊ သူရှုပ်တဲ့ဇာတ်လမ်းကြောင့် သူ အရှက်ကွဲတာလေ"

"တောက်"

ရတနာ ဘာကို မကျေနပ်သွားမှန်း တောက်ခတ်မိလေ





သည်။ ချစ်ချစ်မကိုယ်တိုင် ကြယ်ရူဝံ ဘာကောင်ဆိုတာ ဖွင့်ပြလာသည်က ကြယ်ရူဝံအရှက် အက်တက်ကွဲကာ။

ခုချိန်ဆို ကြယ်ရူဝံ ရှက်လွန်းလို့ အသိုင်းအဝိုင်းကြားထဲပင် မတိုးရဲတော့။ နိုင်ငံခြားထွက်သွားဖို့ တာဆူနေပြီဖြစ်သည်။

"ကိုလတ်လည်း ဒီအတိုင်းပဲဥစ္စာ"

စံချိန် ဘာကိုမှ အားမနာ။ ညီကိုချင်းတွေ ဘာတွေဆိုပြီးလည်း ဖုံးဖိမထားပါ။ ပြောချလေသည်။

"တကယ်ဆို ဖင်းဖင်းနဲ့ ဇာတ်လမ်းမအီနဲ့ဖလေ၊ အခု အီထားလို့ ဖင်းဖင်း ခါးဆွဲထားတော့ ယက်ကန်ယက်ကန်နဲ့ ဒီကိစ္စတွေပန်းခရာ ဘာမှသိတာမဟုတ်ဘူး၊ တကယ်အဖြူအစင်ဖြစ်နေတဲ့ ခရေ့အတွက် ကြယ်ရူဝံနဲ့ကိုလတ် မထိုက်တန်ဘူးဆိုတာ သက်သေပြလိုက်တာပဲ"

"ဘာဖြစ်လို့ နင်က သက်သေထူပြရတာလဲ စံချိန်"

စေ့စေ့ကြည့်ပြီး ရတနာမေးချလျှင် စံချိန့်မျက်နှာ လွှဲလိုက်မိသည်။ လွှဲလိုက်တဲ့စံချိန့်မျက်နှာနောက်မှာ မျက်ဝန်းအစုံ လက်ဖြာသွားမှန်း ရတနာ ရိပ်ခနဲ မြင်လိုက်သည်။

လက်ဖြာသွားတဲ့ စံချိန့်မျက်ဝန်းထဲက အဓိပ္ပာယ်က ဘာဖြစ်လို့မှန်း ရိပ်ခနဲမြင်ရုံနဲ့ အကဲခတ်မိသွားလျှင် –



www.burmeseclassic.com

www.burmeseclassic.com



''ပြောလေ နင် ဘာဖြစ်လို့ သက်သေထူပြရတာလဲ''

စံချိန့်လက်မောင်းကို ဆွဲယူရင်း ထပ်မေးတော့၏။ ထိုအခါ စံချိန့်ရင်တွင်းမှအသံက နှုတ်ခမ်းဖျားဆီ ရောက်လာကာ –

''ချစ်လို့''

ဟု စကားလုံးနှစ်လုံးတည်း ရွတ်လျှင် –

''ဘာ ဘာ ချစ်လို့၊ ဘာကိုချစ်တာလဲ''

''ခရာ့ကို''

''ဘုရားရေ''

ဘုရားတသံနောက်မှာ ရတနာ့ပါးစပ်ကြီး ကျယ်ဟသွားကာ ဘာသံမှ ဆက်ထွက်မလာတော့ပါ။ ရင်ဘတ်ကိုလည်း လက်နဲ့ တအုံ့တသြဖိလျက် စံချိန့်လက်မောင်းကို ဆွဲကိုင်ထားမိတဲ့ ရတနာ့လက်လည်း အလိုလို လွတ်ကျသွားသည်က မယုံနိုင်ခြင်းများစွာနဲ့ ဖြစ်လေသည်။

ရတနာ အကြိမ်ကြိမ်ရွတ်မိနေသည်က –

''ခရာ့ကိုချစ်လို့တဲ့ ဟုတ်ရဲ့လား၊ နင်က''

လို့။ စံချိန်ကတော့ နောက်ထပ် ဘာမှမပြောတော့ပါ။ ရတနာ့ရှေ့က ထွက်သွားသည်က သူငယ်ချင်းတွေပါ ထားခဲ့ကာ။

✿ ✿ ✿



## အခန်း (၃၁)

ခရာ ရင်တထိတ်ထိတ်ခုန်ကာ တစ်ကိုယ်လုံး တုန်ယင်လှုပ်ရှားလို့နေပါသည်။

ကိုယ်ကိုလည်း အုတ်ရိုးဘောင်မှာ မှီချလျက် ဘယ်သူမှ မမြင်သာအောင် ခရာကိုယ်ခရာ ဝှက်လိုက်လေသည်။

နီဝေမှုန်းညို့ကာ ရွေ့လျားသွားတဲ့ ခရာ့မျက်ဝန်းက ရတနာကို ကျော်ခိုင်းထွက်ခွာသွားလေတဲ့ စံချိန်သစ်နောက် လိုက်ပါကာ–

''ငါတို့တွေလည်း အစတုန်းက စံချိန်ကို နားမလည်ဘူး၊ နောက်မှ စံချိန့်စိတ်ကို နားလည်သွားတယ်၊ လက်စသတ်တော့ စံချိန်က ခရာကို နှလုံးသားထဲထည့်ပြီး ကျိတ်ချစ်နေတာပဲ''

သက်ဦးမောင်တို့သူငယ်ချင်းတစ်စု ဂစ်တာတီး သီချင်းဆိုရင်း



www.burmeseclassic.com

www.burmeseclassic.com



ငှမသွားလေသည့်အလား စံချိန်ထွက်သွားပြီး ဘာသံမှမထွက်နိုင်အောင် အံ့သြနေတဲ့ ရတနာ့ကိုကြည့်ကြလေသည်။

အတန်ကြာမှ ဖယားက ထိုသို့ပြော၏။ အုတ်နံရံသာ ခြားသည်မို့ ခရာ စုံစုံကြားလေသည်။

ခြံရှေ့အုတ်ခုံမှာ သီချင်းဆိုဖို့ရောက်လာကြတာကို ရတနာ မြင်သည်နှင့် တိုက်ထဲက ပြေးထွက်သွားတာ စံချိန်ကို ရန်တွေ့ဖို့မှန်း ခရာ သိသည်။

စိတ်မချလို့ လိုက်လာခဲ့ခါမှ ခရာကို ချစ်နေတယ်လို့ စံချိန်ကြော်ငြာလာတော့ ခရာ အံ့သြရင်ခုန်သွားလေသည်။

"ပန်းခရာက ရိုးသားတယ်၊ ဖြူစင်တယ်၊ သဘာဝဆန်ဆန်လှတယ်လေ၊ ဒီကောင်က အဲဒီမှာ ရင်ခုန်သွားတယ်၊ နောက်ပြီး အပြစ်ကင်းစင်လှတဲ့ ခရာ့ဘဝကို ကြယ်ပွင့်လက်ထဲ ထိုးမပေးရက်တာ ကြယ်ပွင့်နဲ့ မတန်လို့ဟ ရတနာ၊ နင်က ခရာကောင်းစားမှာကို မနာလိုဘူးလို့ထင်ရင် မှားမှာပေါ့"

"ကျွတ်၊ အစကတော့ ခရာကို သူပဲ ရှုတ်ချပြီးတော့"

ရတနာ အခဲမကျေတစ်ခွန်း ဆိုသည်။

"အချစ်ဆိုတာ ဒီလိုပဲပေါ့ ရတနာရယ်၊ မြင်မြင်ချင်း ချစ်တယ်ဆိုတာ ရှိသလို၊ မြင်ပါများတော့လည်း ချစ်စိတ်ဝင်တတ်တယ်





လေ၊ အဲဒီသဘောအတိုင်းပေါ့၊ ခရာ့ကိုမြင်ပါများလို့ ချစ်သွားတာ ဆိုတော့"

"တော်ပါတော့ဟာယ်"

ရတနာမှာ ရန်တွေ့ဖို့ ခွန်အားတွေ မဲ့ကျသွားသည်။ ပြီးတော့ ရင်ခုန်မျက်ဝန်းနဲ့ အလင်းပြိုင် ရွှန်းရွှန်းစားစားကြည့်နေတာကြောင့်လည်း ရတနာ မလှုပ်မလဲဖြစ်ကာ အလင်းပြိုင်ရှေ့က ချာခနဲ လှည့်ထွက်လျှင် –

"ရတနာ"

အလင်းပြိုင်ခေါ်သံကြောင့် ရတနာ့ခြေလှမ်း ခလုတ်တိုက်မတတ်ဖြစ်ကာ ရပ်တန့်မသွားမိဖြစ်၏။

အလင်းပြိုင်ကို သူငယ်ချင်းအားလုံး မျက်စနဲ့ အားပေးကာ တွန်းပို့နေတဲ့အခါ ရတနာ့အပါး ရောက်လာသည်။

ချစ်သူအနားရောက်တော့လည်း ရင်ခုန်စကားက ထိန်းမရ သိမ်းမရ ခုန်ထွက်ကာ –

"နင့်ကို ငါချစ်တယ် ရတနာ၊ စံချိန့်ကိုလည်း ခရာ တကယ်မြတ်မြတ်နိုးနိုးချစ်တယ်ဆိုတာ ခရာသိအောင် ပြောပေးပါနော်"

"အိုး သွား မပြောဘူး၊ ဘာမှန်းလည်း မသိဘူး"

ရတနာရှက်သွေးလို့ စကားတွေ ဗလုံးဗထွေး အန်ထွက်လာ



www.burmeseclassic.com

www.burmeseclassic.com



သလို အလင်းပြိုင်ကို ကျောခိုင်းပြီး ခြံထဲပြေးဝင်ခဲ့သည်ကလည်း ရင်ခုန်သံမြန်နေလို့ဖြစ်၏။

ထို့အတူ ခရာသည်လည်း အချစ်ကြောင့် ရင်ခုန်သံတွေ ညံစီကာ။

✿ ✿ ✿



## အခန်း (၃၂)

သကြံန်ပြီးသွားပေမယ့် သကြံန်တေးသံသာတွေ မပျောက်သေးပါ။ ဟိုမှဒီမှ ကြားနေရဆဲဖြစ်သည်က ခရာ့ရင်ကိုပို၍ခုန်စေကာ နှလုံးသားက ပန်းပွင့်လွှာလေးနှယ် နုဖပ်လာပါသည်။

နွေဦးပုရစ်ဖူးကလေးများ ကြည့်မိရုံနဲ့ တသိမ့်သိမ့်တုန်၊ သစ်ရွက်နုသစ်ကလေးများ လေပြည်လေညင်း ကျီစယ်လို့ ဖွဖွရွရွလေး လှုပ်ရှားသွားတာမြင်ရင်လည်း ရင်တွေခုန်နဲ့ အချစ်နဲ့ သကြံန်အရသာ ရောထွေးလို့နေပါသည်။ ဒါတင်မက –

"စံချိန်သစ်ဆိုတဲ့ သူငယ်ကို ကျွန်တော်တော့ အရမ်းလေးစားတယ်၊ ဒီသူငယ်သာ ကြယ်ရူဝံကိစ္စ ကြိုတင်ပြောမပြထားရင် ကြယ်ရူဝံကို ကျွန်တော် လက်ခံမိမလားပဲ၊ ဖရိုတဲ့ ကြယ်ရူဝံကိုသူက



www.burmeseclassic.com

www.burmeseclassic.com



လက်ခံမိရင် သမီးလေးဘဝတစ်လျှောက်လုံး စိတ်ဆင်းရဲရဖို့ရှိတယ် ဗျာ၊ တော်သေးလို့ဗျ''

''သေချာတာပေါ့ ကိုစန်းရယ်၊ ကိုလတ်ကလည်း စိတ်မငြိမ်ဘူး၊ ဒီကိစ္စမှာ ခြေများချင်တဲ့ စရိုက်လေးက ရှိပြန်တယ်၊ အခုတော့ သူ အီထားတဲ့ဇာတ်လမ်းအတိုင်း ဇင်းဇင်းကိုပဲ ယူရဖို့ သေချာနေတယ်ဗျ၊ ဒါလည်း ကိုစန်းသမီးလေးဘဝအတွက် ရတက်အေးရတာပေါ့ဗျာ၊ နောက်ဆို ကိုလတ် အီထားတဲ့ဇာတ်လမ်းနောက်မှာ စိတ်မချမ်းမသာ ဖြစ်ရကိန်း ရှိတယ်မဟုတ်လား''

''ဟုတ်ပါ့ဗျာ၊ ဟုတ်ပါ့''

ဖေဖေနဲ့ ရတနာ့ဖေဖေရဲ့စကားတွေက စံချိန့်စိတ်သဘောကို တန်ဖိုးထားကာ အလေးသာနေလေသည်။

''မမာမာကတော့ ကိုလတ်ကိစ္စကြောင့် မျက်နှာပူပေမယ့် သမီးလေးကို စံချိန်နဲ့ ဖြစ်စေပြန်သတဲ့၊ စံချိန်ကလည်း သမီးကို မေတ္တာရှိနေတယ်လို့ ဖွင့်ပြောတော့ မမာမာ ထခုန်မတတ် ဝမ်းသာနေတာ၊ ကိုလတ်က မင်္ဂလာကိစ္စပြီးရင် စံချိန့်ကိစ္စ စီစဉ်ပေးမယ်လို့ သွယ့်ကို ပြောတယ်၊ မလင်းလင်းသဘောကရော''

အန်တီသွယ်လည်း ဝင်ပြောလျှင် မေမေ မျက်နှာပြုံးမြသွားကာ -





''မောင်စံချိန်သစ် စိတ်ထားနဲ့ အပြစ်ကင်းစင်တဲ့စရိုက်လေးကိုလင်း သဘောကျပါတယ်''

မေမေ့အပြောနောက်မှာ ဖေဖေက ခေါင်းညိတ်လေသည်။ ဦးခင်ဝင်းကလည်း သဘောကျလေသည်။ ထိုအခါ ဒေါ်သွယ်သွယ်စိုး စိတ်အားထက်သန်စွာဆိုသည်။

''ဒါဆို မမာမာ တကယ် ဝမ်းသာသွားအောင် သွယ် ဒီအကြောင်း ပြန်လိုက်မယ်လေ''

''နေပါဦး''

ဒေါ်ပပလင်းက စိတ်မလောပါနဲ့ဆိုတဲ့သဘောနဲ့ လက်ဆွဲထားသည်။ ဒေါ်သွယ်သွယ်စိုးက နားမလည်ဖြစ်ကာ -

''ဘာဖြစ်လို့လဲ မလင်းရယ်''

''ဩော် သမီးလေးဘဝအတွက် မလင်း သဘောကျပေမယ့် မောင်စံချိန်သစ်ကို သမီးလေး မေတ္တာရှိသလား၊ မရှိဘူးလား၊ သမီး ဆန္ဒကို မေးကြည့်ဖို့ လိုတယ်လေ၊ မဟုတ်ဘူးလား''

''အင်း ဟုတ်ပါရဲ့''

ဒီတော့မှ ဒေါ်သွယ်သွယ်စိုး သဘောပေါက်ကာ ရယ်လေသည်။

''ဒါဆို သမီးကိုခေါ်ပြီး မေးကြရအောင်လေ''



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းတာပေါ့"

လူကြီးမိဘအားလုံး တစ်လေသံတည်းထွက်လျှင် ခရာ့နှလုံးသားမှာ ရှက်အားပိုကာ ပုန်းကွယ်နေရာမှ လှစ်ခနဲ ပြေးထွက်ခဲ့လေသည်။

မမေးနဲ့ မေမေရယ် ခရာ ရှက်ပါတယ်လို့ ရင်ခုန်သံနှင့် အတူ ရေရွတ်ရင်း –

✿

"ဟဲ့ ခရာ"

"အမေ့"

ခရာ့တစ်ကိုယ်လုံး တုန်သွားသည်။ ခရာ ရှက်လွန်းလို့ မေမေတို့လူကြီးတွေ မမြင်အောင် ခြံထဲက ရွက်လှပန်းချုံ ကွယ်ပုန်းနေမိသည်။

ရတနာက အလိုက်ကန်းဆိုးမသိ ပခုံးပုတ်လာခေါ်၏။ ခရာ ရင်ခုန်လန့်ဖျပ်စွာ လှည့်ကြည့်လျှင် ပြုံးမြနေသော ရတနာ။ ဘေးမှာလည်း အလင်းပြိုင် ပါလာသည်။





"ဘာလဲဟ"

လို့ ရင်ခုန်ကြန္တြေဆယ်ထိန်းရင်း တိုးတိုးမေးမိလေပြီ။

ရတနာက ပြုံး၍ အလင်းပြိုင်နဲ့ မျက်ဝန်းချင်း စကားပြောသည်။ အလင်းပြိုင် မျက်ရိပ်လေးနဲ့ အသံတိတ်ပြောတဲ့နောက်မှာ ရတနာ ခေါင်းဆတ်၍ ရှေ့တိုးလာသည်။

"ဒီလိုဟ"

ခရာ မျက်လုံးလှန်ကြည့်တဲ့အခါ –

"ခရာ ငုဝါပန်းကြိုက်တယ် မဟုတ်လား"

"အင်း"

ခရာ ချက်ချင်း ခေါင်းညိတ်မိ၏။ ရတနာက နှုတ်ခမ်းလေး လှုပ်ကာပြုံးပြီး ဆက်ပြောသည်။

"ငုဝါပန်းတစ်ပင် ရတနာတွေ့ထားတယ်"

"ဟယ် ဘယ်မှာလဲ၊ ခရာလိုချင်လိုက်တာ ရတနာရယ်"

ခရာ ဟန်မဆောင်နိုင်တော့ပါ။ အားရဝမ်းသာနဲ့ ရတနာ့လက်ကို ဆုပ်ကိုင်မေးလေသည်။

"ပြောလေ ရတနာ၊ ဘယ်မှာလဲလို့၊ ငုဝါပင်က အကြီးကြီးလား"

"မကြီးသေးဘူး၊ အခုမှ ပျိုးပင်ပေါက်ကလေး ရှိသေးတာ



www.burmeseclassic.com

www.burmeseclassic.com



ဟ၊ ခါးစောင်းလှောက်တော့ ရှိပြီ"

"ခရာ စိုက်ထားချင်တယ် ရတနာရယ်၊ ခရာ အမြမ်းလိုချင်တာပဲ"

"လိုချင်ရင် သွားယူလေ"

"ဘယ်မှာလဲ"

"အနန္တီမာတို့ ခေါင်းရင်းဘက်က ခြံထောင့်မှာ"

"ဟယ် ဝမ်းသာလိုက်တာ၊ ခရာ သွားယူလိုက်မယ်နော်၊ ကျေးဇူးပဲ သူငယ်ချင်းရယ်၊ ဟင့် ဟင့် ဟင့်"

စကားနောက်မှာ ဝမ်းသာအားရ ရယ်မောသံလေး ပါသွားသည်။

ရတနာနဲ့အလင်းပြိုင် ရင်ခုန်မပြယ်စွာ ပြုံးလေပြီ။ အချစ်ဆိုတာ ဘာလဲ။

သူတို့စုံတွဲသိပြီးဖြစ်သလို ခရာ သိဖို့လိုအပ်ပြီ မဟုတ်လား။ မကြာခင်လည်း သိရတော့မယ် ခရာ။ အချစ်ဆိုတာကိုပေါ့။

✿ ✿ ✿



အခန်း (၃၃)

ဟယ် ကြည့်စမ်း။ စိမ်းတမြမြဖြစ်နေသော ငုပန်းပင်လေးရယ် အခက်အလက်ဖားဖားဝေကာ ပန်းအိုးကြီးအလယ်မှာ ထိုးထိုးထောင်ထောင် ရှင်သန်လန်းပြာနေတဲ့ ငုဝါပန်းလေး၊ ခရာ့နှလုံးသား မြူးထူးသွားလေပြီ။

ပန်းပင်လေးကို မွေ့ပဲဖက်တော့မလိုလို၊ တယုတယပဲ ပင့်သွားရမလိုနဲ့ ခရာ အားရဝမ်းသာ ပျာယာခတ်လို့နေသည်။

ခရာ ကျောင်းတက်ရင်နေဖို့ မေမေနဲ့ဖေဖေက ခြံဝင်းကျယ်နဲ့ တိုက်ပုတစ်လုံး ဝယ်ပေးမယ်တဲ့။ အိုကေတာပေါ့။

အဲဒီတိုက်ပုရှေ့မှ ဒီငုဝါပင်လေးကို စိုက်ထားမှာပေါ့။ ငုပင်ကြီးလာပြီး ငုပန်းတွေ လှိုင်နေအောင်ပွင့်မယ့် သကြြန်ရာသီမှာ ခရာ့



www.burmeseclassic.com

www.burmeseclassic.com



စိတ်တိုင်းကျ ပန်းတွေခူးပြီး ပန်လိုရာပန်၊ ဘုရားတင်လိုရာတင်ပေါ့။

ဟုတ်ပ့ါ။ ခရာ အတွေးထဲကအတိုင်း မြူးကြွနေတာ ပန်းအိုးကို ပင့်ပြီးယူသွားမှုလို့လည်း နှလုံးသားက နှိုးဆော်လေပြီ။

ထိုအခါ ငုဝါပင်လေး လန်းဆန်းကာရှိနေတဲ့ ပန်းအိုးကြီးကို ခရာ ပင့်ယူဖို့ ကိုယ်လေးကိုင်းရုံ ရှိသေးသည်။

"ခရာ"

ခေါ်သံက နောက်နားဆီမှ ထွက်လာသည်။ ခရာ ကိုယ်လေး ဆန့်ကာ လှည့်ကြည့်လျှင် –

"ဟင် စံ"

ခရာ့နှုတ်က စံချိန်သစ်ဟု သူ့နာမည်အပြည့်အစုံ ထွက်မနိုင်တော့ပါ။ အံ့အားသင့်ကာ ခပ်ပွပွဘောင်းဘီအိတ်ထဲ လက်နှစ်ဖက် လျှိုကာ လှမ်းလာတဲ့ စံချိန်သစ်ကို ကြည့်လေသည်။

စူးစိုက်ကြည့်နေတဲ့ စံချိန့်မျက်ဝန်းနက်က ရင်ခုန်ဘာသာ ဗေဒနဲ့ တောက်ရွှန်းကာ နှုတ်ခမ်းသားလေးကို ချစ်စရာဖြစ်အောင် ပြုံးတွန့်ပြီး –

"ခရာ့အတွက် ပျိုးထားတာ၊ ကြိုက်ရဲ့လား"

တဲ့။ ခရာ့မျက်နှာလေး မထားတတ်အောင် ထူပူသွားသည်။ ကြိုက်တယ်လို့ ပြောရအခက်၊ မကြိုက်ဘူးလို့လည်း ပြောလို့မထွက်





လျှာဖျားလေးတစ်လစ်ဖြစ်ကာ –

"ဟို ဟိုလေ ရတနာက"

"သိပါတယ်၊ ဒါပေမဲ့ ကိုယ့်ကိုတော့ ပြန်ချစ်ရမယ်နော်"

"အိုး ဘာမှန်းလည်း မသိဘူး၊ မယူဘူး သွားမယ်"

ရှက်စိတ်နဲ့ ခရာ့မျက်နှာလေး ရဲတွတ်လျက်၊ အချစ်ကို ငြင်းပယ်တာမျိုးလည်း မဟုတ်မှန်း စံချိန်ဝတ်တတ်နေတော့ ဘောင်းဘီထဲ လျှိုထားတဲ့ လက်နှစ်ဖက် အပြင်ရောက်လာသည်။

"ကိုယ့်နှလုံးသားနဲ့ ပျိုးထားတဲ့ အချစ်သစ်ပင်၊ တကယ်ယူဖို့ တကယ်လာပြီးမှ မယူဘဲသွားလို့မရဘူးဗျ၊ ဒီကောင့် ဟတ်လေး ကွဲသွားမှာပေါ့၊ ခရာချစ်ရင် ရှောင်မပြေးကြေး"

"အိုး ဟင့်အင်း ဘယ်သူက ချစ်တယ်ပြောလဲ"

"ခရာ့မျက်ဝန်းက"

"အဲ"

ခရာ့မျက်လုံးကို လက်ဖဝါးနဲ့ ဖုံးကာမိလေပြီ။ ရှေ့မှာပိတ်ရပ်နေတဲ့ စံချိန်သစ်ကြောင့် တိုးထွက်ခွင့်လည်း မသာ။

ရှက်ရှက်နဲ့ ဖုံးလိုက်တဲ့ ဖြူသွယ်သောလက်ချောင်းကလေးများကို စံချိန် ဆွဲခွာတဲ့အခါ –

"သူနော်၊ ခရာ ရှက်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ချစ်ရင် မရှက်ကြေးကွာ"

"ဟင့်အင်း"

"အမေ့ရွှေးမချောလေးကလည်း"

"အဲ"

ခရာ ရှက်လွန်းလို့ တအဲအဲနဲ့ဖြစ်ကာ စံချိန့်သစ် အားမရနိုင်တော့ပါ။

နှစ်ဖက်ခွဲကျစ်ချထားတဲ့ ခရာ့ရင်အုံနေရာ ကျစ်ဆံမြီးကို အဖျားမှ ဆွဲယူပြီး စံချိန်သစ်လည်တိုင်မှာ ပတ်လိုက်၏။

"အို ဘာလုပ်တာလဲ သူက"

ပြောလို့ပင် မဆုံးသေး။ စံချိန့်က ဆွဲဖက်လျှင် ခရာ ရင်ခုန်သွားရန်း၏။

"မရုန်းနဲ့လေ၊ ဒီမှာ လည်ပင်းအစ်နေပြီဟ"

"ဟင်"

ခရာ မော့ကြည့်တော့ စံချိန့်မျက်နှာနဲ့ ထိတော့မတတ်။ နီးကပ်သွားအောင် မေးဖျားကို ဆွဲယူထားပြန်တော့ လွှဲလို့လည်းမရ၊ နောက်ဆုတ်ဖို့လည်း အခက်။

စံချိန်သစ်နှုတ်ဖျားက ထွက်သက်ဝင်သက်ကို ခရာပါးနုနုလေးမှာ နွေးမြမြခံစားနေရ၏။





"ခရာ"

ညှို့အားပြင်းသော စံကိုယ်သင်းရနံ့ကို ရှိုက်ရှူမိရင်း ခရာ ပြန်ထူးဖို့ တကယ်မေ့လျော့သွားကာ –

"ထူးလေကွာ"

"ရှင်"

"ရည်းစားစကားပြောဖို့ လိုသေးလား"

"သူနော်"

ရဲတွတ်နေတဲ့ မျက်နှာလေးနဲ့ မလှုပ်မယှက် တောင့်တောင့်လေးဖြစ်နေတဲ့ ခရာ –

"ချစ်ကြမယ်နော်"

စံချိန် ခရာ့လက်ဖျားလေးကို ဖျစ်ဆုပ်လိုက်သည်။

"ဖြေလေ"

"ခရာ အဲဒါ၊ အို မချစ်ရဲဘူး"

"ချစ်ရဲအောင် သင်ပေးမယ်"

"အို မသင်ပေးနဲ့"

ခရာ စကားပင်မဆုံးလိုက် ငုံ့ကျလာတဲ့ စံ့မျက်နှာကို ရှောင်တိမ်းဖို့ မေ့သွားခဲ့သည်။

"သိပ်ချစ်တာပဲ ခရာရယ်"



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ဆိုတဲ့ ရင်ခုန်စီးမျောနေတဲ့ တိုးဖွဖွ စာသံ။ အဝေးလေး ချိုမြိန်ရှတသွားတဲ့နောက်မှာ ခရေနှုတ်ခမ်းက ချစ်သူအလိုကျ ယိမ်းနွဲ့ပါသွားလေပြီ။

**ချမ်းမြေ့ရွှင်ပြုံး ပျော်ရွှင်ချမ်းမြေ့ပါစေ**

**မိန်းကလေး**

အမှတ် ၄၅ (6-A)၊
ဦးလွန်းလမ်း၊ အရှိုးကုန်းရပ်ကွက်၊
တာမွေမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း – ၀၅၈၀၂၁၁၃၇

BURMESE CLASSIC .com
13/9 14/25 1918 23123
www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

# မိုးကလေး

နှစ်ပါးအတူ



www.burmeseclassic.com